


စိတ်ကူးချိုချိုစာနုပညာ
ဖိုးကျော့
မျိုးပွားပုံယူ တူမတူ
ဖိုးကျော့၏လုံးချင်းဝတ္ထုသစ်

ထွက်ပြေးသော ထိုတိရစ္ဆာန်နောက်ကို ကြားသမျှ ကင်းလှည့်အဖွဲ့များကပါ ပြေးလိုက်လာကြရာ ထိုတိရစ္ဆာန်မှာ တောတန်းတောင်ခြေဘက်သို့ထွက်ပြေး၏။ ကင်းလှည့်အဖွဲ့သားများက တိရစ္ဆာန်ကို မမီလိုက်ကြပေ။ ထိုတိရစ္ဆာန်မှာ အလွန်လျင်မြန်သဖြင့် မည်သည့်တောတိရစ္ဆာန်ကောင် ဟုပင် မသိလိုက်ကြ။

လူတွေအများကြီး ဝိုင်းလိုက်ကြသော်လည်း ထိုတိရစ္ဆာန်ကို ဘယ်လိုမှ လိုက်မမီလိုက်ကြရာ နောက်တော့ ကင်းလှည့်အဖွဲ့တွေမှာ လူတွေရှူးတိုက်လျှင် ပြေးကိုက်ရဲသော ခွေးတွေကိုပင် ကင်းလှည့် ကင်းစောင့်ကြည့်ရသောလူတွေနှင့် အတူခေါ်လာကြရသည်။ လူတွေလိုက်မမီသော ထိုတောတိရစ္ဆာန်ကို ခွေးတွေနှင့် လိုက်ကြရန် ရွာခွေးတွေကို အင်အားဖြည့်ကြရသည်။

မကြာပါချေ။ တောစနား၌ လွတ်ကျောင်းထားသော ဆိတ်တစ်ကောင်ကို တောတိရစ္ဆာန်က ဝင်ဆွဲပြန်ရာ ဤတစ်ခါတော့ ခွေးတွေဝိုင်းကိုက်၊ လူတွေလိုက်ရိုက်ကြသဖြင့် ထိုတော တိရစ္ဆာန်အား အသေရလိုက်ကြသည်။ သို့သော် ထိုတိရစ္ဆာန်ကို ဝိုင်းကြည့်ကာ လူတွေမှာ အံ့ဩမဆုံးဖြစ်ကြရသည်။ သူတို့ရမိလိုက်ကြသော ထိုတိရစ္ဆာန်မှာ အမြီးက စ၍ ကိုယ်လုံးက မျောက်ကိုယ်လုံး၊ မျောက်မွေးတွေနှင့်။ ခေါင်းမှာမူ ခွေးခေါင်းဖြစ်နေသည်။

# ဖိုးကျော့

## မျိုးပွားပုံဃူ တူမတူ

FIC0104

1,700.00 KS

**စိတ်ကူးချိုချိုအနုပညာ**

၉(က)၊ ၁၆၄ လမ်း၊ တာမွေ၊
ရန်ကုန်မြို့။ ဖုန်း–၅၄၆၈၄၅၊ ၅၄၈၂၀၈

မျိုးပွားပုံယူ တူ မတူ၊ ဗိုးကျော့
စာမျက်နှာ ၁၄၃ မျက်နှာ၊ ၁၆ စင်တီ× ၁၁.၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၈၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ ဖေဖော်ဝါရီလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁ ၇ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

စိတ်ကူးချိုချိုစာအုပ်

# မျိုးပွားပုံယူ
# တူ မတူ
# ဖိုးကျော့

ပထမအကြိမ်၊ ၂၀၁၈

ဟိုဘက်ကမ်းကို မရောက်ဖြစ်သည်မှာ ၆ နှစ်ခန့်ရှိပြီ။ ဟိုဘက်ကမ်းဆိုသည်မှာ ယခု ဘင်္ဂလားဒေ့(ရှ်)နိုင်ငံပိုင် ဖလောင်းချိတ်၊ ပန်းဝါ (ရာမူး)၊ စစ်တကောင်းတောင်တန်းဒေသ (ဟီလီတရိက်)၊ ရွာတော် (ဘင်ဒရာဘင်)၊ အဝကျွန်း (ဟီဂလီမြစ်ဝ) စသည်တို့ကို ဆိုလိုပါသည်။

စာရေးသူတို့ငယ်စဉ်ကမူ ဗီဇာတွေဘာတွေ ဘာမှမလို။ မောင်တော က နတ်မြစ်(မေယု)ကိုဖြတ်ပြီး မြစ်နားရွာဘက် ကူးသွားလိုက်ရုံသာ။ ထိုမှ သွားလိုရာကို ခရီးဆက်တော့။ ထိုစဉ်က ပါကစ္စတန်၊ ဘင်္ဂလားဒေ့(ရှ်)နိုင်ငံဟူ၍လည်း မရှိသေးဘဲ အိန္ဒိယတစ်ပြည်တည်းသာ။ ယခုနှစ်နိုင်ငံ ဥပဒေအရ ကန်သာချောင်းနားက စိန်မြောင်ဘုရားပွဲကာလတွင် ၇ ရက် ဘုရားဖူး လည်ပတ်ခွင့်ရသည်။ သို့သော် ထို ၇ ရက်နှင့် အဘိုးအဘွား၊ ဦးကြီး၊ ဦးလေး၊ ကြီးကြီး၊ ငယ်ငယ်တို့ရှိသော 'ရာဇဠာနီ' စစ်တကောင်းတောင်တန်းဒေသကို မရောက်နိုင်။ ထို့ကြောင့် သီးသန့်နယ်ခြားဖြတ်သန်းသွားလာခွင့်ဗီဇာလုပ်ရသည်။

လွန်ခဲ့သော ၄ နှစ်ခန့်က ရွာတော်မှ ဦးပဥ္ဇင်းဦးပဏ္ဍိ ကြွလာ၍

အဘိုး၊ အဘွားနှင့် အဖိုးကြီးတို့အကြောင်းရေးထားသော 'ရာဇဌာနီ' စာအုပ် ၃ အုပ် ပို့ပေးလိုက်သည်။ ထိုစာအုပ်ကိုဖတ်ရသော အဘိုးဦးမြတ်ချမ်းအောင်က ခဏခဏမှာသည်။

"ငါ့မြေး၊ ငါ့မြစ် မသိသေးတဲ့အကြောင်းအရာတွေ ဘိုးဘိုးဆီမှာ အများကြီးရှိတယ်။ မှတ်တမ်းမှတ်ရာစာအုပ်တွေကို ငါ့မြေး စာရေးဆရာကိုပေးမယ်။ အဘိုးမသေမီ လာဖြစ်အောင်လာပါ။ အဘိုးက အသက် ၉၀ ကျော်ပြီ။ ငါ့မြေးတို့ ဓညဝတီကို မရောက်နိုင်တော့ဘူး"

စသည်ဖြင့် အဘိုးက လွမ်းလောက်အောင်မှာနေသဖြင့် ဤနှစ်တော့ သွားဖြစ်အောင်သွားခဲ့ရသည်။

ရောက်ရောက်ချင်း အဘိုးက မိမိရေးသော 'ရာဇဌာနီ' စာအုပ်အကြောင်းပြောသည်။ သူ့အဖေ မိမိ၏အဖိုးကြီး ဦးမြတ်သာထွန်းကို ဇျူရိုကရက်ကြီး၊ ယူဒိုဗီယံတိုက်ကြီးဟု ရေးထားသည်ကို အပြစ်မဆိုသော်လည်း သိပ်သဘောကျပုံတော့မရ။

"အမျိုးတွေအကြောင်း ငါ့မြေးရေးတာ ကောင်းပါတယ်။ ဒါပေမဲ့ ပါပါ့အကြောင်းရေးမယ်ဆို အများကြီးရှိသေးတယ်။ ပါပါ လူမှုရေး၊ နိုင်ငံရေးတွေမှာ ပါဝင်ပတ်သက်ခဲ့တာ ငါ့မြေးတို့ မမီလိုက်တာတွေရှိသေးတယ်။ အဲဒါ ငါ့မြေးနောက်ရေးဖို့ ပါပါ့မှတ်တမ်းတွေနဲ့ ဘိုးဘိုးမှတ်တမ်းတွေပါပေးလိုက်မယ်"

ဟု ပြောပြီး မှတ်တမ်းစာအုပ် ၆ အုပ် ထုတ်ပေးသည်။ ထိုစာအုပ် ၆ အုပ်တွင် မြန်မာစာနှင့်ရေးထားတာနှစ်အုပ်၊ ဘင်္ဂါလီစာနှင့်နှစ်အုပ်၊ အင်္ဂလိပ်ဘာသာနှင့်ရေးထားသည်က နှစ်အုပ် ပေါင်း(၆)အုပ် ဖြစ်သည်။

ဘင်္ဂါလီစာနှင့်ရေးထားသော စာအုပ်နှစ်အုပ်မှာ မိမိ မဖတ်တတ်သဖြင့် ရေးထားသော အကြောင်းအရာကိုသာမေးရသည်။ ထိုအခါ ယခုကမ္ဘာ၌ခေတ်စားနေသော ပုံတူမျိုးပွားအကြောင်းကို ရေးထားသည်ဆိုသ

ဖြင့် မိမိစိတ်ဝင်စားသွားသည်။ ထို့ကြောင့် အသေးစိတ်အကြောင်းအရာများကို ပြောပြခိုင်း၍ ရေးမှတ်ရသည်။

အဓိကအကြောင်းမှာ လွန်ခဲ့သော နှစ်ပေါင်း ၆၀ ကျော် ဘိုးဘိုးကြီး ၁၄ နှစ်၊ ၁၅ နှစ်သားအရွယ် အိန္ဒိယနိုင်ငံ၊ ဆင်းမလားမြို့၌ ကျောင်းနေခဲ့စဉ်က အင်္ဂလန်ပြန် အိန္ဒိယသားဆရာဝန်နှစ်ယောက်နှင့် သိပ္ပံပညာရှင်လူငယ်တစ်ယောက်တို့ ပုံတူမျိုးပွားခဲ့ကြသည့်အကြောင်းကို မှတ်တမ်းရေးထားခြင်းဖြစ်သည်။

ဘိုးဘိုး၏မှတ်တမ်းတွင် ဆင်းမလားမြို့၌ သူ့ကျောင်းနေသည်က စ,သည်။

❋ ❋ ❋

"မြတ်ချမ်း၊ ဘာငေးနေတာလဲကွ"

အခန်းထဲကို ဝင်လာသော ကျန်ဒရ (ကျန္ဒြရ) က သူ့ကို လှည့်မကြည့်သဖြင့် 'ဘာငေးနေတာလဲ' ဟု မေးလိုက်ခြင်းဖြစ်သည်။

"ဘာမှ မငေးပါဘူးကွာ"

ကျန္ဒြရကို မြတ်ချမ်းအောင်က ပြီးစလွယ်ဖြေလိုက်၏။

ကျန္ဒြရနှင့်မြတ်ချမ်းအောင်တို့မှာ ဆင်းမလားမြို့၌ ကျောင်းအတူတက်နေကြသော ဘော်ဒါအတူနေ သူငယ်ချင်းနှစ်ယောက်ဖြစ်သည်။

အမှန်က မြတ်ချမ်းအောင်မှာ သူ့အဖေဆီကပို့လိုက်သောစာကို ဖတ်ပြီး ဧဝရက်တောင်တန်းကြီးဆီ ခေါင်းရင်းပြတင်းပေါက်မှလှမ်းကြည့်ပြီး ငေးနေခြင်းဖြစ်၏။

ယခင် အစဉ်အမြဲလိုလို နှင်းခမောက်ဆောင်းထားသော ဧဝရက်တောင်ကို လှမ်းမြင်ရလျှင် ရင်ထဲအေးမြသည်။ နံနက်နေထွက်စနှင့် ညနေနေဝင်လုဆဲဆဲအချိန်၌ နှင်းခဲနှင်းတောင်များပေါ် နေရောင်ခြည် ထိုး

ဟပ်နေသည်မှာ ရွှေတောင်ရွှေထွတ်များပမာ တလက်လက် တဖိတ်ဖိတ် နှင့် အလွန်သာယာရှုမောဖွယ်ရာကောင်းသည်။ ညအချိန်ဆိုလျှင်လည်း လရောင်တလက်လက်နှင့် ဇဝရက်တောင်မင်းကြီးသည် ပကတိတည်ငြိမ် အေးချမ်းလျက်။ ဇဝရက်တောင်မင်းသည် ဘယ်အချိန်ကြည့်ကြည့် လှပ သာယာသည်။ ရှုချင့်စဖွယ်ဖြစ်သည်။

ယခုမူ မြတ်ချမ်းအောင်သည် ဇဝရက်တောင်ဆီ လှမ်းငေးကြည့်နေ သော်လည်း တောင်မင်းကြီးကို သူ့အမြင်မှာ မပီပိုးတဝါးသာ။ ဤသည် မှာ သူသည် သူ့အဖေဆီကစာကိုဖတ်ပြီး မိမိအရပ်ကို လွမ်းတ,ကာ ငေးနေမိခြင်းဖြစ်သည်။

သူ့အဖေစာထဲမှာ –

သား၊ မြတ်ချမ်းအောင်

မင်း ဆင်းမလားမှာပဲ ဒီနွေနေဦး။ အရပ်ပြန်လာဖို့ ဒီနှစ်စိတ်မကူး နဲ့။ တိုင်းရေးပြည်ရေးက လုံးဝ မကောင်းဘူး။ မြန်မာတစ်ပြည်လုံးကို လည်း ဂျပန်သိမ်းသွားပြီ။ အင်္ဂလိပ်အုပ်ချုပ်ရေးလည်း ပျက်သွားပြီ။ ခေညဝတီက ရခိုင်တွေကို ဒင်နာ့ဂျ်ပူသို့ တစ်သုတ်ပြီးတစ်သုတ် ပို့နေရပြီ။ နီလာပန်းတောင်ဘက်ကလူတွေတောင် အဝကျွန်းဘက် စစ်ပြေးလာသလို ကြားနေတယ်။ ဘူးသီးတောင်–မောင်တောဘက်က ရခိုင်တွေလည်း ဖလောင်းချိတ်က စစ်ပြေးစခန်းကို တစ်သုတ်ပြီးတစ်သုတ် ဝင်လာနေကြ တယ်။ အမျိုးအချို့ကို ပါပါ သွားတွေ့ပြီးပြီ။ သူတို့က ဒင်နာ့(ဂျ်)ပူကို မလိုက်လိုလို့ အမျိုးတွေရှိနေကြတဲ့ ဖလောင်းချိတ်၊ ဒါမဟုတ် ရာဇဒွာနီ ဟီတီတရိုက်၊ ပန်းဝါ(ရာမူး) ဘက်မှာ စစ်ဘေးစစ်ဒဏ်ကိုခိုလှုံဖို့ ရောက် လာနေကြတယ်။ ပါပါတို့အရပ်က ဂျပန်စစ်နဲ့ မေယု(နတ်မြစ်) မြစ်ပဲ ခြားတာ။ ဂျပန်စစ်က အချိန်မရွေးရောက်လာနိုင်တယ်။ ဂျပန်တွေက ဒေလီကိုချီတက်ကြစို့လို့ ကြွေးကြော်နေကြသတဲ့။ အင်ဖာနဲ့ ကိုဟီးမားကို

တောင် ဂျပန်ထိုးစစ် စ,နေပြီလို့ ကြားနေရတယ်။

ဘာပဲဖြစ်ဖြစ် ဆင်းမလားမှာပဲနေဦး။ အိန္ဒိယအစိုးရ၊ မြန်မာပြည်အစိုးရလည်း ဆင်းမလားမှာ ရုံးစိုက်ထားတာပဲ။ အိန္ဒိယအုပ်ချုပ်ရေးရှိနေတော့ အနောက်ဘက်ကမ်းမှာနေတာ ကောင်းတယ်။ ကျောင်းပိတ်လို့ ဆင်းမလားမှာ မနေချင်လည်း ကာလကတ္တားမှာပဲဖြစ်ဖြစ်သွားနေလိုက်။ ပါပါတို့ ဟူဂျလီအုပ်ချုပ်ရေးဘက်ကလူတွေလည်း အာသံ၊ လီဒိုဘက် အလုပ်သမားတွေ အပူတပြင်း လိုက်ရှာပို့နေရတယ်။ အင်္ဂလိပ်တွေက တစ်နေ့လုပ်ခ တစ်မတ်ပဲရတဲ့ ကုလားကူလီတွေကို အခု တစ်နေ့ငါးကျပ်ပေးပြီး ကူလီစုခိုင်းနေတယ်။ ပါပါတို့အုပ်ချုပ်ရေးဘက်ကလူတွေလည်း နောက် အာသံဘက်ကိုများ လိုက်နေရဦးမလား မသိသေး။ ဆင်းမလား မနေချင်ရင် ဆွေမျိုးရှိတဲ့ တစ်နေရာရာသွားနေလိုက်။ ငွေလိုရင်မှာ၊ ဘဏ် (စာတိုက်) အဆက်အသွယ်ကတော့ ကယုချောင်းအထိ ရနေသေးတယ်။ ရောက်ရာအရပ်က စာပေး၊ စာတိုက်အဆက်အသွယ်ပျက်ရင် လိုငွေကို ဆွေမျိုးတွေဆီကခေတ္တယူသုံးထား။ ပါပါတို့အုပ်ချုပ်ရေးဘက်ကလူတွေ အာသံဘက်လိုက်ရရင် မင်းအမေနဲ့မိသားစုကို ဒိုဟာဇာရီကမင်းတို့ဘကြီးဆီ,ပို့လိုက်မယ်။ စာချင်းဆက်သွယ်ပြီး မင်းလိုက်ချင်လိုက်သွား။ တစ်ပတ်တစ်ခါ ရောက်ရာအရပ်ကစာပေး။ ပါပါ့ဆီ တစ်နေရာတည်း မထည့်နဲ့။ စစ်တကောင်း၊ ဖလောင်းချိတ်၊ ကာလကတ္တား၊ ဒိုဟာဇာရီက အမျိုးတွေဆီ စာမပြတ်ပို့။ ပါပါပြောတာ မမေ့နဲ့။ အခုမိသားစုအားလုံး ကျန်းကျန်းမာမာပဲ။

ပါပါ – ဦးမြတ်သာထွန်း
ဟူဂျလီမြို့။
ပါကန္ဒီ၊ အိန္ဒိယ။

သူ့အဖေစာထဲပါသလို မြန်မာပြည်အစိုးရ ဆင်းမလားမြို့မှာ ရုံး

လာစိုက်နေသည်မှာ တစ်နှစ်ကျော်သွားပြီ။ မြန်မာအစိုးရအတွင်းဝန်ချုပ် ဆိုသော အိုင်၊ စီ၊ အက်(စ်) ဦးတင်ထွတ်ဆိုသည့် လူကြီးတစ်ယောက် သူတို့ဘော်ဒါဆောင် ရှေ့လမ်းကဖြတ်ပြီး မြင်းစီး၍ ရုံးသွားသည်ကိုတော့ သုံးလေးခါ မြင်ဖူးထားသည်။

ဆင်းမလားမြို့သည် ဘယ်ကိုကြည့်ကြည့် ပတ်လည်မှာ စိမ်းမြသော ထင်းရှူးမြိုင်ခြေနှင့် တောင်ခိုးမြူနှင်းတို့ အမြဲဝေ့ဆိုင်းနေသော တောင်စွယ်တောင်တန်းအထပ်ထပ်ကိုသာ မြင်နေရသည်။ စိတ်အားငယ်တတ်သူ တစ်ပြည်တစ်ရွာသားများအတွက် လွမ်းမောဖွယ်ရာလည်း ကောင်းသည်။ မိုးရိပ်မြူတိမ် သူရိန်မင်ခိုး ကင်းရှင်းသောညများတွင်မူ ကောင်းကင်ဘုံထဲရောက်နေသလား ထင်ရသည်။ မိုးထက်ဝဋ္ဋာမှ ကြယ်တာရာများကို အနီမှ်လေးလိုမြင်ရသည်။ တောင်စောင်း၊ တောင်နှာမောင်း၊ တောင်အောက်နားထိ ကြယ်တာရာတို့က တလက်လက်တောက်ပနေသည်။ လမိုက်ညဆို အနမတဂ္ဂသော ကြယ်စုကြယ်ပွင့်များသည် တစ်မြို့လုံးကို ဝိုင်းပတ်ထားသလိုပင်။

မြို့အနေအထားမှာ တောင်ကုန်း၊ ချိုင့်ဝှမ်း၊ အနိမ့်အမြင့်များနှင့် ညီညာပြန့်ပြူးခြင်း မရှိ။ ထို့ကြောင့်လည်း စက်ဘီး၊ လန်ချား၊ မြင်းတို့ကိုသာ အသုံးများကြသည်။ ဆင်းမလားမြို့က လန်ချားမှာ ဘုံဘေ၊ ကာလကတ္တား၊ ဒေလီ စသည့်မြို့များကလန်ချားလို တစ်ယောက်ဆွဲလန်ချားမဟုတ်။ လေးယောက်ဆွဲသောလန်ချား ဖြစ်၏။ ကုန်းတက်၊ ကုန်းဆင်းများသောကြောင့် လူနှစ်ယောက်မှာရှေ့ကဆွဲကာ နောက်နှစ်ယောက် နောက်မှတွန်းပေးရသည်။ ကုန်းအဆင်းမှာတော့ ရှေ့ကလူနှစ်ယောက်ကို နောက်လူနှစ်ယောက် ထိန်းပေးရပြန်သည်။

တစ်မြို့လုံးတွင် မော်တော်ကားဆို၍ မျက်နှာဖြူဘုရင်ခံချုပ်၏ ကားနှင့် ပန်ဂျပ်မဟာရာဂျာစော်ဘွား၏ကား၊ စုစုပေါင်းနှစ်စီးသာရှိသည်။

ဆင်းမလားမြို့၌ အပေါ်များဆုံးအရာမှာ မျောက်များဖြစ်သည်။ မြို့နေလူထု အများစုမှာ ဟိန္ဒူဘာသာဝင်များဖြစ်ကြသဖြင့် မျောက်သတ္တဝါများကို ဘေးမဲ့ပေးထားသောကြောင့် တစ်မြို့လုံးလိုလို နေရာအနှံ့အပြား၌ မျောက်များကို မြင်နေရသည်။

ဟိမဝန္တာ၏ တောင်စွယ်တောင်တန်းများနှင့် ဆက်စပ်နေ၍လားမသိ၊ မျောက်ပေါသည်ကတော့ အံ့ဖွယ်သရဲပင်။ ကျောင်းတံခါး၊ အိမ်တံခါး၊ ဟိုတယ်တံခါးပေါက်များကို အတွင်းက မှန်ထူထူတပ်ထားရ၏။ အပြင်မှာလည်း တံခါးပေါက်တိုင်း၌ သံဆန်ခါတပ်ထားရသည်။ သို့မဟုတ်လျှင် လူတို့၏ အသုံးအဆောင်ပစ္စည်းပစ္စယများကို လူလစ်လျှင်လစ်သလို မျောက်များက ခိုးဝှက်လုယူထွက်ပြေးတတ်ကြသည်။ သို့သော်သူတို့၏ ဘာသာရေးကြောင့်လားတော့ မသိ၊ ထိထိခိုက်ခိုက် ရိုက်နှက်သတ်ပုတ်ကြသည်ကို မတွေ့ရ။ အော်ဟစ်ခြောက်လှန့် မောင်းထုတ်ရုံသာမောင်းထုတ်တတ်ကြသည်။ ထို့ကြောင့်လည်း မျောက်များက အတင့်ရဲလွန်း ကြခြင်းဖြစ်မည်။

ဆင်းမလားသည် ပင်လယ်ရေမျက်နှာပြင် အထက် ပေ ၇၀၀၀ ကျော်မြင့်သော ဟိမဝန္တာတောင်နှာမောင်းပေါ်တွင် တည်ထားသောမြို့ဖြစ်သဖြင့် တစ်နေ့လုံး အေးစိမ့်နေသည်။ ဒေသခံများမှာ ဥတုသုံးပါးလုံး မီးလှုံကြသောအလေ့အထ ရှိကြသည်။

"မင်း မြို့ထဲက လာတာလား"

"အေး"

နောက်တစ်ပတ်ဆို စာမေးပွဲဖြေရတော့မည်ဖြစ်သဖြင့် မြတ်ချမ်းအောင်ကတော့ မြို့ထဲသိပ်မထွက်ဖြစ်။ ထို့ကြောင့် –

"မြို့သတင်း၊ ပြည်သတင်း ဘာကြားခဲ့လဲကွ ကျန္နရ"

"မင်းတို့ရခိုင်တွေ ပြေးလာနေကြတာ စစ်တကောင်းဘက်မှာ အား

ကြီးပဲတဲ့။ အင်္ဂလိပ်တွေကတော့ ဒင်နာ့(ဂျ်)ပူး စစ်ပြေးစခန်းကိုပို့နေကြတယ်ပြောတယ်။ ဖလောင်းချိတ်စစ်ပြေးစခန်းမှာလည်း မင်းတို့ဆီက ပြေးလာတဲ့လူတွေ တင်းကြမ်းပြည့်ပဲတဲ့"

ဟု ကျွန္တုရက သူကြားခဲ့သောသတင်းကို ပြောသည်။

"အေးကွ၊ ငါ့အဖေရဲ့စာထဲမှာလည်း မင်းကြားခဲ့သလိုပဲ ဧညဝတီဘက်ကလူတွေ အိန္ဒိယဘက်ပြေးလာနေကြတယ်လို့ ပါတယ်"

"ဆင်းမလားက မြန်မာစစ်ပြေးအစိုးရ ရုံးစိုက်ထားတဲ့မြို့ဆိုတော့ မကြာမီ ဂျပန်တွေက ဆင်းမလားကို ဗုံးလာချမယ်လို့လည်း ပြောနေကြတယ်ကွ။ မြန်မာပြည်ဘုရင်ခံချုပ်တောင် အင်္ဂလန်ကို ပြေးဖို့လုပ်နေပြီလို့လည်း ပြောနေကြတယ်"

"ဂျပန်တွေ အိန္ဒိယကို ရောက်လာလိမ့်မယ်လို့ မင်းထင်သလား"

"ဒါတော့ ဘယ်ပြောနိုင်မလဲကွ၊ ခု အင်ဖာနဲ့ကိုဟီးမားကိုတောင် ဂျပန်တွေ ထိုးစစ်ဆင်နေကြပြီတဲ့။ အင်ဖာနဲ့ကိုဟီးမားကျသွားရင် ဒေလီကို လမ်းပေါက်သွားပြီ။ လီဒိုဘက်က ဝင်လိမ့်မယ်တဲ့"

ကျွန္တုရ ပြောသည်မှာလည်း အမှန်ပင်ဖြစ်သည်။

အင်ဖာသည် မြန်မာပြည်အနောက်မြောက်နယ်စပ်နှင့် မိုင် ၅၀ သာကွာသည်။ မိုင် ၅၀ ဆိုသောခရီးမှာ မော်တော်ကားလမ်း၊ ရထားလမ်းပေါက်သောဒေသ၌ တစ်နာရီ၊ နှစ်နာရီသာကြာသောခရီးဖြစ်သည်။ သို့သော် အင်ဖာအနောက်မြောက်နယ်စပ်ကြားတွင် တောများ၊ တောင်များ၊ မြစ်များ ခံလျက်ရှိသည်။

အင်ဖာသည် ပထဝီဝင်အနေအထားအရ မြန်မာပြည်တွင်ပါဝင်သောနယ်တစ်ခု မဟုတ်။ သို့သော် မြန်မာတစ်ပြည်လုံးဆိုင်ရာ စစ်နယ်မြေဒေသမှူးအဖြစ် တာဝန်ယူခဲ့သော ဂျပန်ဗိုလ်ချုပ်ကြီးကဝါဘီကမူ စစ်ရေးအရ အင်ဖာသည် မြန်မာပြည်စစ်မျက်နှာတွင်ပါဝင်သည်ဟု သတ်

မှတ်ခဲ့၏။

အင်ဖာသည် အင်္ဂလိပ်အစိုးရတိုက်ရိုက်အုပ်ချုပ်သော ပဒေသရာဇ် စနစ်ထွန်းကားရာ မဏိပူရပြည်၏မြို့တော်ဖြစ်သည်။ အင်ဖာမြို့တော် တည်ရှိရာ အင်ဖာလွင်ပြင်သည် ပင်လယ်ရေမျက်နှာပြင်မှ ပေ ၂၆၀၀ ခန့်သာမြင့်သော်လည်း အင်ဖာလွင်ပြင်၏ သုံးဖက်သုံးတန်၌ ပေ ၈၀၀၀ ကျော်မြင့်သော တောင်စဉ်တောင်တန်းကြီးများ ဝိုင်းရံလျက်ရှိသည်။

ထို့ကြောင့်လည်း ဂျပန်စစ်သည်တော်များက အင်ဖာကို ဂျပန် စကားလုံးဖြင့်တင်စား၍ 'တကာနိနိုဟနာ'(တောင်ထိပ်ပေါ်ကပန်းကလေး) ဟုခေါ်ဝေါ်ခဲ့ကြ၏။ ယခင်က လူသူအရောက်အပေါက်နည်းကာ မည် သူကမျှ အရေးစိုက်ရမှန်းမသိခဲ့သောအင်ဖာသည် ဒုတိယကမ္ဘာစစ်ကြီး အတွင်းတွင် ဖက်ဆစ်နှင့် ဖက်ဆစ်ဆန့်ကျင်ရေးသမားများ၏ စစ်ခင်းရာ အဓိကစစ်တလင်း ဖြစ်လာလေသည်။ အင်ဖာသာ ဂျပန်လက်တွင်းသို့ကျ သွားလျှင် အိန္ဒိယပြည်ကြီး၏လုံခြုံရေးသည် များစွာစိုးရိမ်ဖွယ်ရာ ဖြစ်လာ ပေတော့မည်။

အင်ဖာတိုက်ပွဲမစမီ ရက်သတ္တသုံးပတ်လောက်က ဂျပန်ဗိုလ်ချုပ် ကြီး မတ္တာဂုချိက သူ၏အမှတ် ၁၅ တပ်မတော်ကြီးအား ဝင့်ကြွားဂုဏ် ယူစွာ တပ်လှန့်သံမိန့်ခွန်း၌ –

"ရဲဘော်အပေါင်းတို့၊ ယခုအချိန်၌ ငါတို့၏တပ်မတော်သည် ရှိမ်း ဆာယာာပိုမောက် ကိုယ်ရောင်ဖျောက်နိုင်လောက်သည်အထိ စွမ်းပကား ထက်မြက်လာခဲ့ချေပြီ။

အိန္ဒိယပြည်ပေါ်တွင် ငါတို့၏ တက်နေရောင်အလံတော်ကြီးကို စိုက်ထူဝင့်ကြွားနိုင်ရန်လည်း အချိန်များစွာ မလိုတော့။ ငါတို့၏ ဤယူ စစ်ဆင်ရေးကြီးကို ကမ္ဘာတစ်ခုလုံးနှင့်တကွ ငါတို့၏ သန်းပေါင်း ၁၀၀ မျှသော ပြည်သူလူထုကြီးက စောင့်ကြည့်လျက်ရှိနေသည်ကို ရဲဘော်တို့

သတိမူကြလော့။

ဤစစ်ဆင်ရေးကြီး၏ ပင်ကိုသဘာဝဓာတ်ခံကပင် အောင်မြေမှ အောင်ပန်းပေါက်ကာ အောင်စည်တီးလျက်ရှိရာ ငါတို့သည် ဤစစ်ဆင်ရေးမှ ပေါ်ထွက်လာမည့်အောင်ပွဲဖြင့် ဤစစ်ကြီး၏လမ်းကြောင်းကို ငါတို့အလိုရှိသလို လွှဲပြောင်းပေးနိုင်ရုံသာမက ဤစစ်ကြီး၏နိဂုံးကိုလည်း ငါတို့သာ အဆုံးအဖြတ်ပေးနိုင်သည့်အလားအလာ ရှိနေပေပြီ။

ထို့ကြောင့် ငါတို့သည် ငါတို့တွင်ရှိသမျှ ကာယအင်အား၊ ဉာဏအင်အားမှန်သမျှကို အစွမ်းကုန်အသုံးပြုလျက် ငါတို့၏ရည်မှန်းချက်သို့ မရောက်မချင်း ချီတက်ရပေတော့မည်။

ရဲဘော်တို့၊ ဤစစ်ဆင်ရေးကြီး၏အဓိကသော့ချက်မှာ အမြန်ချီတက်၍ အများဆုံးအောင်ပွဲရအောင် တိုက်ခိုက်ရန်ဖြစ်သည်ကို အစဉ်သတိပြုကြလော့။

ငါတို့၏ချီတက်ရာလမ်းကြောင်းတွင် တောအထပ်ထပ်၊ တောင်အဆင့်ဆင့်၊ မြစ်အတန်တန်ကာဆီးလျက်ရှိနေလင့်ကစား ငါတို့သည် ဤသဘာဝအတားအဆီးများကို ကြီးစွာသောတောမီးကြီးပမာ ကျော်နင်းလွှမ်းမြောက်လျက် ငါတို့၏ရန်သူအား အပြီးအပိုင်ချေမှုန်းသုတ်သင်ကာ အောင်ပွဲကြီးကို ရယူကြရပေတော့မည်။

ရဲဘော်တို့၊ ရာဇဝင်အဆက်ဆက် တလက်လက်ထွန်းပြောင်ခဲ့သော ငါတို့သူရဲကောင်းများ၏ခြေရာကိုနင်းကာ ငါတို့၏မဟာတာဝန်ကို ကျေပွန်အောင်ထမ်းဆောင်ကြပါစို့။

ဤစစ်ဆင်ရေးကြီးတွင်ပါဝင်သော အရာရှိမှအစ ရဲဘော်အဆုံးအားလုံးသော ရဲမက်စစ်သည်တော်တို့သည် သေသည်အထိ တိုက်ခိုက်ကြလော့"

ဟု ရဲရဲတောက် ကြုံးဝါးပြောကြားခဲ့သည်။

ထိုအချိန်တွင် အင်္ဂလိပ်ဗိုလ်ချုပ်ကြီးဆလင်းသည် အာသံပြည်လီဒိုမှ မောင်တောအထိကျယ်ပြန့်သော စစ်မျက်နှာကို ကွပ်ကဲလျက်ရှိသည်။ မြောက်ဘက်အရပ်တွင်ရှိသောလီဒိုမှ တောင်ဘက်အရပ်တွင်ရှိသော မောင်တောသို့ မျဉ်းဖြောင့်ဆွဲလိုက်လျှင် မိုင်ပေါင်း ၅၀၀–၆၀၀ အတွင်း ရှိနေသည်။ တစ်နည်းအားဖြင့်ဆိုလျှင် ဗိုလ်ချုပ်ကြီးဆလင်းသည် အိန္ဒိယ–မြန်မာနယ်စပ်တစ်လျှောက် စစ်မျက်နှာဖွင့်ထားလိုက်ခြင်းပင်တည်း။

အင်ဖာသည် မြောက်ဘက် ၂၅၀ မိုင်အကွာရှိ လီဒိုတွင် ဗိုလ်ချုပ်ကြီးဆလင်း၏ကွပ်ကဲမှုအောက် ရောက်ရှိနေသော အမေရိကန်ဗိုလ်ချုပ်ကြီးစတီးဝဲ(လ်)ဦးစီးသည့် တရုတ်တပ်မ ၃ ခု ရှိနေ၏။

စတီးဝဲ(လ်)သည် ဟူးကောင်းချိုင့်ဝှမ်းအတိုင်း အရှေ့ဘက်သို့ ဆင်ကန်၊ လီဒိုမှမြန်မာပြည်မြစ်ကြီးနားသို့ရောက်နိုင်မည့် မဟာလီဒိုလမ်းမကြီးကို စစ်ရေးအတွက် အဆောတလျင်ဖောက်လုပ်ရသည်။ မဟာလီဒိုဆိုသည်မှာ အိန္ဒိယနိုင်ငံ အာသံပြည်နယ်နှင့် ဘင်္ဂလားနယ်ကို ဆက်သွယ်ကာ လီဒိုမြို့မှအစပြုခဲ့သော မဟာလမ်းမကြီးအမည်ဖြစ်သည်။ ထိုလမ်းကို ၁၉၄၃ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက် ဒုတိယကမ္ဘာစစ်ကြီးအတွင်းကစ၍ ဖောက်လုပ်ခဲ့ခြင်းဖြစ်သည်။

ထိုလီဒိုလမ်းမကြီးကို လီဒိုမြို့မှ မြန်မာနိုင်ငံပတ်ကွိုင်တောင်တန်း၊ ရှင်ဗွေယံ၊ တနိုင်း၊ ဟူးကောင်း၊ မိုးကောင်း၊ မြစ်ကြီးနားမှ ဧရာဝတီမြစ်ကိုဖြတ်ကာ ဗန်းမော်၊ လားရှိုးမှတစ်ဖန် တရုတ်ပြည်ဘက်ရှိ မာကိုပိုလိုလမ်းမကြီးနှင့်ဆက်သွယ်ရန် ဖြစ်လေသည်။

ထိုလမ်းကိုဖောက်လုပ်ရာတွင် တံတားပေါင်း အတို၊ အရှည် ၁၃၀၀ ကျော်၊ အရေးပေါ်အဆောက်အအုံ ၂၃၀၀ ကျော်၊ မော်တော်ကားစက်ပြင်ရုံနှင့်လက်နက်တပ်ဆင်ရုံပေါင်း ၇၀ ကျော်၊ ဟူးကောင်းတောင်ကြားရှိ ရှင်ဗွေယံအတွက်စက်ကြီး၊ စက်ငယ် ၂၀ ကျော်၊ ခုနစ်တန်လေး

သော တွင်ခုံစက်ကြီး ၂ လုံးနှင့် စက်ပြင်ရုံ ၂ ရုံ။ ထို့ပြင်စက်ရုံ ၂ ရုံ၌ မော်တော်ကားစက်ပစ္စည်းအစိတ်အပိုင်းအားလုံးကို အပြီးအစီးပြုလုပ်ပေးနိုင်သည်အထိ ပြီးပြည့်စုံသည်။

ထို့ပြင် လမ်းတစ်လျှောက်တွင် လေယာဉ်ကွင်း ၃၀ ကျော်နှင့် အရေးပေါ်လူနာသယ်လေယာဉ်ကွင်းငယ်ပေါင်း ၆၀၀ ကျော်ကို သီးသန့် အလုပ်သမားပေါင်း ၁၆၀၀၀ နှင့် ဖောက်လုပ်ခဲ့ကြသည်။ ကုန်ကျစရိတ်မှာ ဒေါ်လာသန်း ၁၃၀ ဖြစ်၏။ ၁၉၄၃ မှစ,ခဲ့သော ထိုလမ်းကို ၁၉၄၅ ခုနှစ်တွင် အဆုံးသတ်ခဲ့သည်။ ထိုလမ်းဖောက်လုပ်ရာတွင် ဒေသခံ တောင်ပေါ်သား ချင်း၊ ကချင်၊ နာဂ၊ လီဆူ စသော တိုင်းရင်းသားမျိုးစုံတို့ ပါဝင်ကြသည်။

အရှေ့တောင်အာရှတွင် ယိုးဒယား–မြန်မာ လမ်းမကြီးသည် သေမင်းတမန်လမ်းမကြီးဖြစ်ခဲ့သလို မြန်မာပြည်အနောက်မြောက်တွင်လည်း အိန္ဒိယ–မြန်မာ လမ်းမကြီး ဤမဟာလီဒိုသည် ရာဇဝင်တွင် စာတင်ခဲ့ရသော လမ်းမကြီးဖြစ်သည်။ လမ်းဖောက်လုပ်ရာတွင် အမေရိကန်တပ်သား ၁၅၀၀၀ ထဲက ၁၁၀၀ သေသည်။ ဒေသခံအလုပ်သမားများလည်း အများအပြား သေကျေခဲ့ကြ၏။

၁၉၄၃ ခုနှစ် မတိုင်မီကာလနှင့် ၁၉၄၅ ခုနှစ်ကာလကို စစ်အထူးသတင်းထောက် Frank Owen က သူ၏ "The Compain in Burma" စာအုပ်တွင် အောက်ပါအတိုင်းရေးသားဖော်ပြခဲ့ပါသည်။

❋ ❋ ❋

မိုးကာလတစ်နေ့တွင် မောင့်ဘက်တန်သည် စတီးဝဲ(လ်) နှင့်တွေ့ရန် ဟူးကောင်းတောင်ကြားပေါ်တွင် လေယာဉ်နှင့် ဖြတ်သန်းသွားသည်။ အောက်၌မြင်နေရသော မြစ်တစ်ခု၏အမည်ကိုသိလို၍ ဘေး၌ အတူ

ပါလာသော အမေရိကန်အရာရှိတစ်ဦးကို မေးကြည့်ရာ–

"ဟာ --- ဒါမြစ်မဟုတ်ဘူးခင်ဗျား၊ လီဒိုလမ်းမလေ"

ဟု မောင့်ဘက်တန်ကို အမေရိကန်အရာရှိ ပြောသည်။

လီဒိုလမ်းမအား မြစ်ဟု ထင်မှတ်ရလောက်အောင် ရှည်လျားပြီး ရေစီးကြောင်းကြီးသဖွယ် ဖြစ်နေ၏။

ပထမ ဤလီဒိုလမ်းမ ဖောက်လုပ်ရေးစီမံကိန်းနှင့်ပတ်သက်၍ မြေတိုင်းအရာရှိများနှင့် ဆွေးနွေးသောအခါ–

"ဟာ – ကြံကြံဖန်ဖန်၊ မဖြစ်နိုင်တာကြီးပဲ"

ဟု မြေတိုင်းအရာရှိကြီးများက ပြောခဲ့ကြသည်။

သို့သော် နောင်တွင် လုပ်သား၊ စစ်သားပေါင်း ၅၁၀၀၀ နှင့် စတင်လုပ်ခဲ့ကြရသော ထိုမဟာလီဒိုလမ်းမကြီးကို စတီးဝဲ(လ်)၏ အကြမ်းလျာထားချက်၌မူ ဤလမ်းကို လူ ၂၀၀ လောက်၊ မြေတွန်းကျွဲရိုင်းစက် ၃ လုံးလောက်နှင့်ဆိုလျှင် ဖြစ်နိုင်သည်ဟု ဆိုခဲ့သည်။

တကယ်လုပ်သောအခါ ရွှံ့ဗွက်ကြီးထဲ မြုပ်ကျနေသော အပိုင်းကလေး ၂ မိုင်လောက်ကို သစ်သားတွေ၊ တုံးတွေနှင့် သိပ်ဖို့ယူကြရသော အမေရိကန်အင်ဂျင်နီယာတွေမှာ နေ့ရောညပါ လုပ်ကြရသည်အထိ ရက်ပေါင်း ၄၀ ကြာမှ ရေလွတ်လာ၏။ ဤသို့ဖို့လိုက်မှလည်း ရှေ့တန်း၌ လုပ်နေသူများထံသို့ ပစ္စည်းများ သယ်ယူပို့နိုင်တော့သည်။

လီဒိုဟူသည်ကား ဗြဟ္မပုတ္တရမြစ်ဝှမ်းရှိ ဘင်္ဂလား–အာသံ မီးရထားလမ်းဆုံမြို့ကလေး လီဒို၏အမည်ကိုအစွဲပြု၍ ခေါ်တွင်သောလမ်းအမည် ဖြစ်သည်။ ထိုလမ်းသည် ပေ ၅၀၀၀ မျှမြင့်သော ပတ်ကွိုင်တောင်တန်းကြီးကို ဝိုက်ကာ၊ ဝေ့ကာ၊ တက်လိုက်၊ ဆင်းလိုက်နှင့်ဖောက်လာပြီး ရှင်ဗွေယံဘက်သို့ ဆင်းထွက်လာ၏။

ထို့နောက်တစ်ဖန် ချင်းတွင်းမြစ်ဖျား ချိုင့်ဝှမ်းအိုင်ကြီးကို ပတ်၍

ဟူးကောင်းတောင်ကြားဘက်မှ ကျော်လွှားပြီး မိုးကောင်းတောင်ကြားဆီသို့ရောက်လာပြန်သည်။ ထိုမှတစ်ဖန် မြစ်ကြီးနားသို့ဖောက်လုပ်ပြီး ဧရာဝတီမြစ်တစ်ဖက်ကမ်းမှ ဗန်းမော်ကိုဖြတ်၍ တရုတ်–မြန်မာလမ်းမကြီးကို လာဆက်သည်။

ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီ အချိန်အတန်ကြာကပင် အင်္ဂလိပ်တို့သည် အိန္ဒိယနှင့်မြန်မာပြည်ကို ထိုနေရာအတိုင်း လမ်းမကြီးဖောက်လုပ်ရန် ကြံစည်ခဲ့ကြဖူး၏။ သို့သော် မဖောက်လုပ်နိုင်ခဲ့ကြပေ။ ၁၉၄၂ခုနှစ် စစ်စဖြစ်ခါမှ အပူတပြင်း ဖောက်ကိုဖောက်လုပ်ရတော့မည် ဖြစ်လာ၏။ ထိုအခါစက်အား၊ ပစ္စည်းအား တောင့်တင်းသော အမေရိကန်တို့ကသာ ဖောက်ကြရန်သဘောတူပြီး ဂျင်နရယ်ဘောဝဲ(လ်)က ဗိုလ်ချုပ်ကြီးစတီးဝဲ(လ်)ကို လွှဲအပ်လိုက်ရခြင်းဖြစ်သည်။

ယင်းသို့စတီးဝဲ(လ်)တို့ အမေရိကန်အဖွဲ့က စတင်ဖောက်လုပ်သောအချိန်မှာ ၁၉၄၂ ခု၊ ဒီဇင်ဘာလ ၁ ရက် ဖြစ်သည်။ ထိုအချိန်တွင် မြန်မာပြည်ကို ဂျပန်တပ်များပင် ရောက်ခါနီးအချိန် ဖြစ်၏။ တရုတ်ပြည် ချန်ကေရှိတ်အစိုးရသို့ မြန်မာပြည် ရန်ကုန်မြို့ကတစ်ဆင့် တရုတ်–မြန်မာလမ်းမကြီးသို့ တင်ပို့နေခဲ့သော အမေရိကန်စစ်ပစ္စည်းများမှာ တရုတ်–မြန်မာလမ်းမကြီးကို ဂျပန်အလိုတော်ကျ ၁၉၄၁ ခုနှစ်က ပိတ်လိုက်ရသဖြင့် အမေရိကန်နှင့် တရုတ်တို့သည် ဤမဟာလီဒိုလမ်းကို အရံအတား စီစဉ်လိုက်ကြခြင်းဖြစ်သည်။

ထိုအချိန်ထိ ဂျပန်နှင့်အင်္ဂလိပ်၊ အမေရိကန်တို့ စစ်မဖြစ်ကြသေး။ အပေးအယူရှိနေကြသေးသည်။ မည်သို့မည်ပုံ အပေးအယူလုပ်နေကြသည်ကို နောက်ကြောင်းပြန်ကြည့်သော် ဒုတိယကမ္ဘာစစ်ကြီးဖြစ်ခါနီးသော ၁၉၃၉ ခုနှစ်မှ စစ်အတွင်း ၁၉၄၂ ခုနှစ်အထိ အနောက်ဘက်ဥရောပအရေး၌ ဗြိတိသျှတို့ မည်မျှအခြေဆိုက်နေသည်ကို ပထမ လှမ်း

ကြည့်ရပေမည်။

ဂျာမန်(နာဇီ)တို့က စစ်စ၍ ကြေညာလိုက်သောနေ့မှာ ၁၉၃၉ခုနှစ်၊ စက်တင်ဘာလ ၁ ရက် ဖြစ်၏။ ဗြိတိသျှတို့က ကြေညာသောရက်မှာ စက်တင်ဘာလ ၃ ရက် နံနက် ၁၁ နာရီတွင် ဖြစ်သည်။

ထိုရက်များမတိုင်မီ ပြေရာပြေကြောင်းဆွေးနွေးကြသော မြူးနစ်ဆွေးနွေးပွဲလည်း ပျက်သွားပြီ။ ဗြိတိသျှတို့မှာ ထိုစာချုပ်ပျက်ခါမှ ရေးကြီးသုတ်ပျာ စစ်ပြင်ဆင်မှုများ ပြုလုပ်ရတော့သည်။

ဂျာမန်တို့မှာမူ ၁၉၃၂ ခုနှစ် ဟစ်တလာတက်လာကတည်းက ဗာဆိုင်းစာချုပ်ကြီးကို နင်းဆုတ်ပစ်ရန် ကြွေးကြော်ထားပြီးဖြစ်သည်။ ထိုစာချုပ်အရ 'လက်နက်ကိုင်တပ်များ မထားရ'ဟု ဂျာမန်အပေါ် စည်းကမ်းသတ်မှတ်ခဲ့သော ဗာဆိုင်းစာချုပ်ကိုဖျက်ကာ လက်နက်ထုတ်လုပ်မှုနှင့် တပ်ဆင်မှုများကို ပြောင်ပြောင်တင်းတင်း ချီးဖောက်လာတော့သည်။

ထို့နောက် ၁၉၃၅ ခုနှစ်တွင် ဂျာမန်လက်နက်ကိုင်တပ်ကြီးများ အတိအလင်းဖွဲ့စည်းလိုက်သည်။ ထိုအခါ ပြင်သစ်ထက် ၅၀ ရာခိုင်နှုန်းမျှ စစ်အင်အားသာလာချေပြီ။ ပြင်သစ်မှာ ဂျာမနီ၏ အကဲကိုကြည့်ကာ ဗြိတိသျှတို့နှင့် မဟာမိတ်စာချုပ်အပြင် စစ်စာချုပ်ပါ ချုပ်လိုက်ရ၏။ 'မက်ဂီနော့' ခံတပ်ကြီးကိုလည်း တည်ဆောက်လိုက်ရ၏။

၁၉၃၆ ခုနှစ်တွင် ဂျာမန်ခေါင်းဆောင်နှင့် အီတလီဖက်ဆစ်ခေါင်းဆောင်မူဆိုလီနီတို့သည် ဝင်ရိုးတန်းနိုင်ငံဖွဲ့ရန် စည်းဝါးရိုက်ကြပြီး ယင်းနှစ်အောက်တိုဘာလတွင် သဘောတူ လက်မှတ်ထိုးလိုက်ကြသည်။ ထိုအခါ ဟန်ဂေရီနှင့် ဘိုလီးဗီးယားတို့လည်း ထိုဝင်ရိုးတန်းအဖွဲ့တွင်ဝင်ပါလာ၏။

ထိုအချိန်တွင် ဗြိတိသျှတို့မှာ ပထမကမ္ဘာစစ်ကအကြွေးပင် မကျေသေး၊ နောက်စစ်အတွက်ပြင်ဆင်ရန် ဗာဆိုင်းစာချုပ်ကြီးကိုသာ လက်

ညှိုးတွင်တွင်ထိုး၍ ပြောနေကြရုံ ရှိသေးသည်။ ဥရောပတစ်ခွင်မှာကား ဟစ်တလာနှင့်မူဆိုလီနီတို့၏ ကြုံးဝါးသံများနှင့် ပွဲတင်ထပ် ဟည်းတိုက်နေပြီ။

ထိုအချိန်တွင် ဗြိတိသျှနန်းရင်းဝန် ချိန်ဘာလိန်မှာ ငြိမ်းချမ်းရေးအတွက် ဟိုပြေးဒီပြေးလုပ်နေရ၏။ စစ်ပြင်ဆင်မှုကား ဗြိတိသျှတို့အဖို့ အတော်နောက်ကျနေပြီ။ ပါလီမန်တွင်လည်း ကျွက်ကျွက်ညံနေ၏။ ကိုလိုနီနယ်များကလည်း တစ်ဖက်တွင် ဆူပူလာကြသည်။ ထိုအထဲတွင် မြန်မာလည်းပါလေသည်။

❋ ❋ ❋

၁၉၃၉ ခု စက်ကြေညာသော စက်တင်ဘာလအတွင်း၌ပင် လန်ဒန်နှင့် ဗြိတိသျှပင်လယ်ကမ်းခြေမှာ ဂျာမန်လေတပ်၏ဗုံးဒဏ်ကို ခံလိုက်ရသည်။ ထိုလ ၉ ရက်၌ ချိန်ဘာလိန်အစိုးရကိုဖြုတ်ချ၍ စစ်ကက်ဘိနက်ကို ပြောင်းဖွဲ့ရ၏။ ထိုအခါ ချာချီမှာ နန်းရင်းဝန်ရော ကာကွယ်ရေးတာဝန်ခံဖြစ်လာသည်။ ဗြိတိသျှတို့များ ကိုယ့်ပြည်ကာကွယ်ရေးအတွက် စိုင်းပြင်းရုံမျှ မကသေး ပြင်သစ်သို့လည်း စစ်ကူအဖြစ် လက်နက်စုံတပ်ဆင်၍ သယ်ယူပို့ဆောင်ရေးရေယာဉ်များအပါအဝင် စစ်သား ၂၅၀၀၀၀ နှင့် ရေလက်ကြားကိုဖြတ်၍ ပို့လိုက်ရသည်။ စက်တင်ဘာ ၂၉ ရက်တွင် စားသုံးကုန်ကို ရာရှင်ကတ်နှင့်ဝေနေရ၏။ အမြတ်တော်ကြေးကိုလည်း တစ်ပေါင်လျှင် တစ်ဝက်မျှအထိ ကောက်ရန် မြှင့်လိုက်၏။ စစ်တပ်နှင့် စစ်စရိတ်များတိုးချဲ့ရန် အရပ်သူ၊ အရပ်သားများထံသို့ ငွေချေးစာချုပ်များ ဖြန့်ချိလိုက်ရာ ပထမအရစ် ပေါင်သန်းပေါင်း ၄၇၅ သန်းရ၏။ ဒုတိယအရစ် ၆၁၅ သန်းရ၏။ တတိယအရစ် ၆၂၈ သန်းရ၏။ စုစုပေါင်း အလှူငွေများ ပေါင်သန်းပေါင်း ၁၀၃၈၃ မျှထိ ရရှိသည်။ အင်္ဂလန်လူထု

၏ တိုင်းပြည်အပေါ် စေတနာကား ချီးကျူးလောက်သည်။

အင်္ဂလန်ကိုထိသောအခါမှ ကနေဒါ၊ တောင်အာဖရိက၊ ဩစတေး လျ၊ နယူးဇီလန် စသော ဗြိတိသျှဒိုမီနီယံမျက်နှာဖြူတို့လည်း ကြွလာကြ သည်။ ဤအချိန်ကျမှ ဗြိတိသျှတို့မှာ အတိအလင်းစစ်ပြင်ဆင်ရေးကို စိုင်းပြင်းလာနိုင်တော့၏။

ထိုအချိန်၌ ဂျာမနီတို့မှာမူ ဥရောပတစ်ခွင်ကို တရကြမ်းတိုက်ကာ တပ်ဖြန့်နေချေပြီ။ ဂျာမနီ၏ အရှေ့ဘက် ပိုလန်၊ ချက်ကိုစလိုဗက်ကီး ယား၊ ဖင်လန်၊ နော်ဝေအထိ ဂျာမန်နာဇီတပ် ကျယ်ပြန့်နေပြီ။ အနောက် ဘက်တွင်လည်း ဘယ်(လ်)ဂျီယံ၊ ဟော်လန်ကိုလွှန်၍ ပြင်သစ်ကိုပင် တိုက်နေပြီ။

၁၉၄၀ ပြည့်၊ မေလ ၂၆ရက်မှာ အင်္ဂလိပ်နှင့် မဟာမိတ်စစ်တပ်များ ကို ဂျာမန်တို့က ဒန်းကပ်တွင် ပိတ်ဝိုင်းတိုက်ကြရာ အင်္ဂလိပ်ရေလက် ကြားကိုဖြတ်၍ အင်္ဂလန်သို့ ရရာလှေငယ်၊ တက်ကျိုးပါမကျန် ဖြစ်သလို ဒုန်းစိုင်းပြန်ဆုတ်ကြ၏။ ထိုဒန်းကပ်တိုက်ပွဲတွင် အင်္ဂလိပ်တို့တပ်များမှာ ရှိသမျှ စစ်ပစ္စည်းအသုံးအဆောင်အားလုံး ပြင်သစ်ဘက်ကမ်းခြေတွင် ဂျာမန်လက်သို့အဆုံးခံ၍ ကျွမ်းပြန်ကျရသောပွဲ ဖြစ်လေသည်။

မေလ ၂၆ ရက်မှ ဇွန်လ ၃ ရက်အထိ ဒန်းကပ်မှ ဂျာမန်တို့၏ ကုန်းတပ်၊ ရေတပ်၊ လေတပ်တို့၏ဒဏ်ကို အလူးအလဲခံရကာ ရေလက် ကြားကို ကူးပြေးခဲ့ကြရသည်။ အင်္ဂလန်ကမ်းပေါ်သို့ မဟာမိတ် ပြင်သစ် စစ်သားများပါ စုစုပေါင်း ၃၃၇၀၀၀ မျှ ဆုတ်ခဲ့ကြရသည်။

အင်္ဂလန်ကမ်းခြေတွင်ရှိသမျှ လှေငယ်၊ ရွက်လှေပါမကျန် ရေ လက်ကြားကိုဖြတ်ကူး၍သယ်ယူကြရာ မော်တော်စက်လှေရော လှေငယ် တွေပါ စင်းရေပေါင်း ၁၁၉၄၀ မျှသည် အသက်စွန့်၍ အသွားအပြန် အခေါက်ခေါက်သယ်ယူကြရသည်။ မေလ ၂၆ ရက်မှ ဇွန်လ ၃ ရက်

အထိ ၇ ရက်ကြာ ဆုတ်ခွာရသည်။

ထိုအခါ အင်္ဂလိပ်စက်ရုံများတွင် စစ်ပစ္စည်း လက်နက် အသုံးအဆောင်များချည်း ထုတ်လုပ်ကြရတော့သည်။ ထိုအလုပ်ရုံများ၌ နေ့ရောညပါ တရစပ် အားသွန်ခွန်စိုက်လုပ်နေကြရလေပြီ။ ဤကြားထဲကပင် ဂျာမန်လေတပ်၏ ရန်ကလည်း ကြီးမားလှသည်။ တစ်နေ့ ၅ ကြိမ်ထက်မနည်း လန်ဒန်မြို့ပေါ်ကို ဗုံးချနေ၏။ ကမ်းခြေ၌ စက်သေနတ်သံမစဲ ဖြစ်နေလေ၏။ ဂျာမန်လေယာဉ်အုပ်မှာ တစ်ခါလာလျှင် ၁၀၀ ထက်မနည်း။ ပစ်ချခံရတာတွေလည်း အများကြီးဖြစ်၏။

ပြင်သစ်ပြည် ပါရီမြို့တော်မှာ ၁၉၄၀ ပြည့်၊ ဇွန်လ ၁၄ ရက်မနက်စောစောကစ၍ ဂျာမန်တပ် စစ်ဦးဆိုက်လာသည်။ ၁၅ ရက်နေ့တွင် ပါရီ လုံးဝကျသွားလေတော့သည်။

အင်္ဂလန်မှာ ၁၉၃၉ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်မှစ၍ ၁၉၄၂ ခုနှစ်၊ ဩဂုတ်လအထိ ၃ နှစ်မျှအတွင်း လူပေါင်း ၉၉၉၀ မျှ သေ၏။ အိမ်ပေါင်း ၂ သန်း ၇ သိန်းကျော် ပျက်၏။ မီးလောင်၏။ ပြို၏။ ဤနှုန်းသည် အင်္ဂလန်အိမ်ခြေစုစုပေါင်း၏ ငါးပုံတစ်ပုံဖြစ်၏။

ထိုသုံးနှစ်အတွင်း ရေကြောင်း၌လည်း ကုန်သင်္ဘောကြီးငယ်ပေါင်း ၈၀၀ ကျော် အနှစ်ခံရ၏။ ၁၉၄၁ ခုနှစ် မြေထဲပင်လယ် ကရီလီကျွန်းတိုက်ပွဲတစ်ခု၌ပင် ဗြိတိသျှရေတပ်သင်္ဘော တော်တော်များများနာသွား၏။ ဂျာမန်ယူဘုတ်တို့မှာ မြောက်ပင်လယ်နှင့် မြေထဲပင်လယ်တို့၌ ထင်သလို ရမ်းနေကြသည်။ ဂျာမန်သံလိုက် ရေမြုပ်ဗုံးတွေကလည်း မနည်းပေ။ ထိုသုံးနှစ်အတွင်းတွင် ဗြိတိသျှတို့မှာ ဆူဒန်၊ မော်ရိုကို၊ လစ်ဗီးယား၊ ကျူးနစ်ဆီယား စသော အာဖရိကစစ်မျက်နှာ၌လည်း မရှုမလှခံနေရ၏။ အဘီဆီးနီးယားနှင့် ဗြိတိသျှဆိုမာလီလင်း စစ်မျက်နှာမှလွဲ၍ အားလုံးဆုံးရှုံး ဆုတ်နေရ၏။

တစ်ဖန် ဥရောပဘက်ဖြစ်သော ပြင်သစ်၊ စပိန်၊ ဂရိ၊ ဆိုက်ပရပ်၊ မော်(လ်)တာ၊ မြေထဲပင်လယ် မြောက်ဘက်တစ်ဝိုက်၌လည်း ဂျာမန်နာဇီတပ်တို့၏ အဖိအနှိပ်ကို ခံနေရလေသည်။

ရေတပ်ဘက်တွင်လည်း ဗြိတိသျှတို့၏ အားကောင်းလှသော ဟုဒ်ခေါ် သင်္ဘောကြီးကို နှစ်မြှုပ်ပစ်လိုက်၏။ အတ်(ခ်)ရွိုင်ရယ်ခေါ် အင်္ဂလိပ်တို့၏ လေယာဉ်ပျံတင်သင်္ဘောကြီးမှာလည်း ဂျီဘရောတာအနီး၌ အနှစ်ခံလိုက်ရပြန်သည်။ ထိုအတ်(ခ်)ရွိုင်ရယ် အနှစ်ခံရသောရက်မှာ အရှေ့ဘက်၌ ဂျပန်တို့က ပထမဆုံးအကြိမ် ရန်ကုန်မြို့ကို ဗုံးလာချသော ၁၉၄၀ ပြည့်၊ ဒီဇင်ဘာလ ၂၃ ရက် မတိုင်မီ တစ်ရက်အလိုဖြစ်သော ဒီဇင်ဘာ ၂၂ ရက်ဖြစ်သည်။

၁၉၄၁ ခု၊ ဩဂုတ်လတွင် ဗြိတိသျှနန်းရင်းဝန်ချာချီသည် အမေရိကန်သမ္မတရုစဘဲ့နှင့် အတ္တလန္တိတ်သမုဒ္ဒရာထဲရှိ ပရင့်(စ်)အော့(ဖ်)ဝေး ခေါ် သင်္ဘောကြီးပေါ်တွင် ၂၆ နိုင်ငံ မဟာမိတ်တပ်ပေါင်းစုဖွဲ့ရေးကို ဆွေးနွေးကြသည်။ အတ္တလန္တိတ်သမုဒ္ဒရာ၌ ဆွေးနွေးသောကြောင့် 'အတ္တလန္တိတ်ချာတာ' ဟုခေါ်သည်။ ထိုစာချုပ်ပါသဘောအချို့တွင် စစ်ကြီးအတွင်း မဟာမိတ်တို့ဘက်မှ လူအင်အား၊ လက်နက်အင်အား ကူညီသော လက်အောက်ခံနိုင်ငံတို့အား စစ်ပြီးသောအခါ ကိုယ်ပိုင်လွတ်လပ်သောအစိုးရများ ဖြစ်စေရမည်ဟူသော အချက်တစ်ချက်ပါ၏။

ယင်းကြေညာချက်နှင့်ပတ်သက်၍ မြန်မာပြည်ဥပဒေပြုလွှတ်တော်တွင် ခေါင်းဆောင်အချို့တို့က ဗြိတိသျှကိုလိုနီဆိုင်ရာရုံးသို့ ကြေးနန်းရိုက်၍မေးသောအခါ မြန်မာပြည်နှင့်မဆိုင်သလိုလို ပြန်ကြားသည်ဟု သိခဲ့ရ၏။

သို့သော် အရင်တစ်နှစ် ၁၉၄၀ ပြည့်နှစ်၊ ဆောင်းကုန်စက မြန်မာပြည်(ဗမာပြည်)သို့ ဘိလပ်မှ ဆာစတက်ဖို့(ဒ်)ခရစ် ရောက်ရှိလာပြီး

မြန်မာပြည်ခေါင်းဆောင်များကို တီးခေါက်ကြည့်သည်။ ထိုအချိန်က ၇၆၊ ရေကျော်လမ်းတွင်ရှိသော "တို့ဗမာအစည်းအရုံး"သို့ တစ်နေ့သော တစ်ညနေတွင် ဆာစတက်ဖို့(ဒ်)ခရစ်ရောက်လာပြီး စစ်ကြီးအရေး၌ အင်္ဂလိပ်တို့နှင့်တွဲရန်၊ တွဲလျှင် စစ်ပြီးသောအခါ ကိုယ်ပိုင်ဆုံးဖြတ်ခွင့် လမ်းကြောင်းဖြစ်သော ဒိုမီနီယံအုပ်ချုပ်ရေးကို ဗြိတိသျှအာဏာပိုင်တို့က စဉ်းစားလိမ့်မည်စသော သဘောထားပါသည့်စကားများနှင့် သခင်များ အားဆွေးနွေး၏။ တို့ဗမာသခင်များက လုံးဝလွတ်လပ်ရေးသာလိုသည် ဟုဆိုကြသည်။ ထိုအချိန်က သခင်တွေမှာ ဒိုမီနီယံ၏အဓိပ္ပာယ်ကို ရေရေလည်လည် မသိကြသေး။ ထို့ကြောင့် 'ဒိုမီနီယံ'ဆိုသည့် အသံကိုပင် မကြားချင်ကြဖြစ်နေ၏။ ထို့အပြင် ဤစစ်ကြီးတွင် ဗြိတိသျှတို့ပြုတ်သွား သော် သူ့ဘက်ကကူမိသောနိုင်ငံများလည်း ချောက်ကျမှာ စိုးရိမ်ရ သည် ဟု မြင်မိကြသည်။ သခင်အနည်းငယ်က စဉ်းစားချင်သည်။ သခင်ခပ် များများက အင်္ဂလိပ်ကိုမယုံ။ ထို့ကြောင့် မပေါင်းလို။ 'ဒီအချက်ပဲ ဒင်းကို အလဲချတာကောင်းသည်'ဟု ယူဆကြသည်။

ဆိုလိုရင်းမှာ အင်္ဂလိပ်တို့တွင် ၁၉၄၀၊ ၄၁၊ ၄၂ အထိ ဟိုကကူပါ ဒီကကူပါနှင့် အရှူးမီးဝိုင်း ဖြစ်နေကြောင်းကို သဘောပေါက်ရန်မျှသာ ဖြစ်၏။

ယခု အတ္တလန္တိတ်ချာတာ မဟာမိတ်စာချုပ်အဖွဲ့ဖွဲ့ရန် ကြေညာ သောအခါ လက်အောက်ခံနိုင်ငံများ ကိုယ်ပိုင်လွတ်လပ်သောအစိုးရ ဖွဲ့ရေးတွင် မဟာမိတ် ၂၆ နိုင်ငံပါသောကြောင့် နည်းနည်းအားရှိသွားဟန် တူသည်။ မြန်မာပြည်လိုနိုင်ငံမျိုးနှင့် ထိုစာချုပ် မဆိုင်သလိုပဲ အင်္ဂလိပ်က လုပ်လာပြန်သည်။

သို့သော် အင်္ဂလိပ်တို့သည် အရှေ့ဘက်ရန်ကိုတော့ ဂရုပြုမိကြ ဟန်ရှိ၏။ အရှေ့ဘက်အရှေ့တောင်ရှိ ကိုလိုနီနိုင်ငံများ၏ ရေပြင်ကို

ကာကွယ်ကြရန် အရေးကြီးမှန်းတော့သိကြ၏။ ထို့အတွက် စင်ကာပူကို အလွန်ခိုင်မာသောရေတပ်စခန်းကြီးအဖြစ် ၁၉၃၉ ခုနှစ်စတင်၍ ငွေပေါင်း ပေါင်သန်း ၆၀ အကုန်အကျခံကာ တည်ဆောက်ခြင်းဖြစ်သည်။ ဗြိတိသျှစစ်သား ၆၀၀၀၀ ကိုလည်း ပို့လိုက်သည်။

အတ္တလန္တိတ်ချာတာကိစ္စဆွေးနွေးရန် ချာချီနှင့်ရုစဘဲ့တို့ တွေ့ဆုံတိုင်ပင်ကြရာ၌ ၎င်းအပေါ်မှာပင် ဆွေးနွေးပွဲကျင်းပခဲ့သော ပရင့်(စ်)အော့(ဖ်)ဝေး စစ်သင်္ဘောကြီးနှင့် ရီးပါး(လ်) စစ်သင်္ဘောကြီး ၂ စင်းကိုလည်း စင်ကာပူရေတပ်စခန်းကြီးသို့ပို့လိုက်၏။ နောက်ထပ် ဂေါ်ရခါးနှင့် ကုလားစစ်သား၊ ဩစတြေးလျား၊ နယူးဇီလန် စစ်သားပေါင်း ၄၀၀၀၀ ကိုလည်း တင်ပို့လိုက်သေး၏။ ထိုအချိန်မှာ အရှေ့ဘက်၌ ဂျပန်က စစ်စတင်ကြေညာရန်ရက် နီးနေပြီ။

ထိုအချိန် ၁၉၄၁ ခုနှစ်၊ ဇွန်လ (၂၆)ရက်ကစ၍ ရုရှားကို စ,တိုက်သော နာဇီတပ်များပင် ဒီဇင်ဘာလတွင် ယူကရိန်းကိုလွန်၍ ဗော်လဂါမြစ်ဝှမ်းဆီသို့လည်းကောင်း၊ မြောက်ဘက်၌ လီနင်ဂရက် စစ်မျက်နှာတွင်လည်းကောင်း တိုက်နေကြပြီ၊ ရုရှားတို့မှာ မြေလှန်စနစ်နှင့် တစ်ဆုတ်တည်း ဆုတ်ပြေးနေ၏။

ရုရှား၌သာမဟုတ် အီဂျစ်တွင်လည်း အီတလီတပ်တို့က တိုက်နေပြီ။ ၁၉၃၆ ခုနှစ်က အီဂျစ်နှင့်ဗြိတိသျှတို့စာချုပ်အရ စူးအက် တူးမြောင်းကာကွယ်ရေးတွင် ဗြိတိသျှတို့ မျက်လုံးပြူးနေချိန်ဖြစ်၏။ ဘင်ဂါဇီနှင့် ထိုဘရုပ်မှ ဗြိတိသျှတပ်များ ဆုတ်နေဆဲဖြစ်သည်။

အရှေ့ဘက်က ဂျပန်တို့၏တောင်းဆိုချက်အရ အင်္ဂလိပ်တို့သည် တရုတ်–မြန်မာလမ်းမကြီးကိုပါ ဂျပန်ကျေနပ်အောင် ၁၉၄၁ ခုနှစ်၊ ဇူလိုင်လလယ်တွင်ပိတ်ပေးခဲ့ရ၏။ ထိုလမ်းမကြီးမှာ ချန်ကေရှိတ်တရုတ်တို့က ကုန်းပိုင်းမှ စစ်လက်နက်ပစ္စည်းများသယ်ယူရန် ဗြိတိသျှတို့နှင့်တိုင်ပင်

၍ ဖွင့်ခဲ့သော လမ်းကြီးဖြစ်၏။ ဖောက်လုပ်ရသောအကြောင်းရင်းမှာ တရုတ်ပင်လယ်ကမ်းခြေတစ်ခုလုံး ဂျပန်က ပိတ်လုနီးပါး တိုက်ထား၍ နောက်ပိုင်း ကုန်းလမ်းတစ်ခုကို ဖောက်လုပ်ရခြင်းဖြစ်သည်။

၁၉၃၉ ခုနှစ်က စ,ဖောက်ရာ ကူမင်း၊ ယူနန်မှ လားရှိုးအထိ မိုင်ပေါင်း ၁၆၀၀ ရှည်၏။ လူပေါင်း ၃ သိန်းမျှနှင့် အရေးတကြီး ဖောက်ရသဖြင့် ၁၉၄၀ ပြည့်နှစ်လောက်က ပြီးစီးသည်။ ထိုနှစ်တွင်ပင် အမေရိကန်က စစ်ပစ္စည်းများကို ရန်ကုန်ဆိပ်ကမ်းမှတစ်ဆင့် ထိုလမ်းကိုဖြတ်၍ တရုတ်ပြည်သို့ပို့သည်။ တရုတ်ငွေစက္ကူများကိုလည်း ရန်ကုန်တွင်ပုံနှိပ်ရန် ပြင်သစ်သို့ ကန်ထရိုက်ပေးထားရာ ကင်းဘဲလမ်း (ယခုငါးထပ်ကြီးဘုရားလမ်း)မှ သောမတ်ဒီလာရူးတိုက်ကြီးကိုဆောက်ပြီး တရုတ်ငွေစက္ကူများ ထုတ်လုပ်၏။

ယင်းသို့ မြန်မာပြည်မှတရုတ်ပြည်သို့ စစ်ပစ္စည်းနှင့်ငွေစက္ကူများ ပို့ပေးနေသောကိစ္စကို ဂျပန်သည် မျက်ထောင့်နီကြီးနှင့်လှမ်းကြည့်ပြီး အင်္ဂလိပ်အား ထိုလမ်းမကြီးပိတ်ထားရန် ခပ်တင်းတင်း တောင်းဆိုလိုက်ခြင်းဖြစ်သည်။

အင်္ဂလိပ်အနေနှင့်မူ ဤသို့လိုက်လျောလိုက်ပါက ဂျပန်၏ အရှေ့ဘက်ရန်က အနည်းငယ်စိတ်ချရမည်ဟုယူ၍ ဂျပန်ကို ချော့လိုက်ခြင်းဖြစ်သည်။ သို့သော် ဂျပန်ကား ဤသို့မဟုတ်ပေ။ အင်္ဂလိပ်ရော အမေရိကန်ကိုပါ တွယ်နိုင်ရန် ချက်ကောင်းချောင်းနေသူဖြစ်၏။ အမေရိကန်ကို ဂျပန်က တွယ်ချင်နေသည်မှာ ဤသို့ဖြစ်သည်။

ဂျပန်နှင့် အမေရိကန်တို့သည် ၁၉၃၉ ခုနှစ် မတိုင်မီက ကုန်စာချုပ်တစ်ခုချုပ်ထားခဲ့ကြ၏။ သဘောမှာ အမေရိကန်က သူ့တွင်အလဟဿပိုလျှံနေသော သံတိုသံစများရောင်းရန်ကို ဂျပန်က ဝယ်ယူဖို့သဘောတူပြီး ဆက်ဆံခဲ့ကြ၏။ ၁၉၃၈ ခုနှစ် ဂျပန်က တရုတ်ကိုတိုက်နေသော

အခါ အမေရိကန်က မကျေနပ်။ တရုတ်ပြည်၌ မော်စီတုံးစသည့် ကွန်မြူနစ်တို့တစ်စတစ်စ ပြန့်ပွားလာနေသည်ကို အမေရိကန်က မလိုလားသည့်အတိုင်း ချန်ကေရှိတ်ကို အမေရိကန်ပေါက် တရုတ်အမျိုးသမီးတစ်ဦးနှင့် မြူဆွယ်ယူပြီး ကွန်မြူနစ်ဆန့်ကျင်ရေးလုပ်ထားခဲ့သည်မှာ ကြာပြီဖြစ်၏။

ယခုလို ဂျပန်က ချန်ကေရှိတ်၏ တရုတ်ပြည်ကိုတိုက်သောအခါ ကွန်မြူနစ်ဆန့်ကျင်ရေးတိုက်ပွဲအတွက် အမေရိကန်ကပေးပို့ရသောလက်နက်ပစ္စည်းများသည် ကွန်မြူနစ်ကိုတိုက်ခိုက်ရာတွင် ကုန်ရသည်ထက် ဂျပန်ကို ပြန်လည်တိုက်ခိုက်ရေး၌ပို၍ကုန်နေ၏။ ထို့ပြင် ကွန်မြူနစ်ဆန့်ကျင်ရေးအတွက် ၎င်းက အားပေးမွေးမြူထားသော ချန်ကေရှိတ်ကိုတိုက်လာသောဂျပန်အား မလိုလားပေ။ ဤအတွက် တရုတ်ပြည်ကိုမတိုက်ရန် ဂျပန်ကို အမေရိကန်ကအရေးဆိုသည်။ ဂျပန်က မလျှော့ပေ။ တိုက်မြဲတိုက်နေ၏။

သို့အတွက် ၁၉၃၉ ခုနှစ်ပိုင်းမှာပင် ဂျပန်သို့ရောင်းချနေသည့်သံတိုသံစတင်ပို့ခြင်းကို အမေရိကန်ကရပ်ပစ်ပြီး စာချုပ်ကိုဖျက်လိုက်၏။ အမေရိကန်ရှိ ဂျပန်အမျိုးသားတို့၏ အကျိုးစီးပွားအားလုံးကိုလည်း ပိတ်ပစ်လိုက်သည်။

'တရုတ်ကို မတိုက်ပါ' ဟု အရောင်းအဝယ်စာချုပ်ကို ကတိဝန်ခံချက်ရမှ အသစ်ပြန်ချုပ်ပြီး သံတိုသံစဆက်ရောင်းမည်ဟု အမေရိကန်က စကားခေါ်နေစဉ် အမေရိကန်၏ကတိကိုလက်မခံဘဲ ကာပြန်သည့်အနေနှင့် ဂျပန်သည် ၎င်းနှစ် ၁၉၃၉ ခုနှစ်ထဲမှာပင် ဥရောပ၌ ဗိုလ်ကျစိုးမိုးလာသော ဂျာမနီ၊ အီတလီတို့၏ ဝင်ရိုးတန်းအဖွဲ့သို့ ဝင်လိုက်လေသည်။

ထိုအချက်ကြောင့်လည်း အင်္ဂလိပ်သည် ဝင်ရိုးတန်းအဖွဲ့ဝင်ဖြစ်သောဂျပန်ကို အရှေ့ဘက်ကိုလိုနီများအတွက် ချော့သည့်အနေနှင့်

တရုတ်–မြန်မာ လမ်းမကြီးကိစ္စတွင် ဂျပန်အလိုကျ ပိတ်လိုက်ရခြင်းဖြစ်သည်။ ထိုအခါ အမေရိကန်၏အပြုံအငြင်ကိုလည်း အင်္ဂလိပ်မှာ မခံနိုင်သဖြင့် ဂျပန်ကျေနပ်ရုံ ၃ လမျှ ခေတ္တပိတ်ထားခြင်းသာပါဟု မျက်နှာငယ်နှင့် တောင်းပန်ရပြန်သည်။

ဤအထိ ဗြိတိသျှတို့မှာ ဥရောပနှင့် အရှေ့အလယ်ပိုင်းတစ်ဝိုက်စစ်မျက်နှာများ၌လည်း အရေးမလှ၊ အရှေ့ဘက်ဂျပန်ကိုလည်း မျက်နှာငယ်ခံကာ လိုက်လျောနေရခြင်းဖြစ်နေသည်မှာ စစ်ဖြစ်သည်မှစ၍ ၁၉၄၁ ခုနှစ် ကုန်ခါနီး တစ်လခန့်အလိုထိ ဖြစ်လေသည်။

ဤသို့ အရှေ့ဘက်၌ အင်္ဂလိပ်နှင့် ရုရှားတို့ ကိစ္စများနေကြသည်ကိုကြည့်ကာ ဂျပန်က အချက်ကောင်းပေါ်ပြီဟူ၍ လက်ခမောင်းထ၍ခတ်လိုက်လေပြီ။

၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်တွင် ဂျပန်ရေငုပ်သင်္ဘောများသည် ပစိဖိတ်သမုဒ္ဒရာအလယ် ဟာဝေယံကျွန်းရှိ ပါး(လ်)ဟားဘားခေါ် အမေရိကန်ရေတပ်စခန်း ပုလဲဆိပ်ကမ်းကို စ,၍တိုက်တော့သည်။ ထိုနေ့၌ပင် ဂျပန်၊ အမေရိကန်နှင့် အင်္ဂလိပ်တို့ စစ်ကြေညာလိုက်ပြန်သည်။ တစ်ဆက်တည်း ထိုနေ့တွင်ပင် ရှန်ဟဲမြို့ အပြည်ပြည်ဆိုင်ရာရပ်ကွက်ကို ဂျပန်သိမ်းလိုက်၏။ ပြင်သစ် အင်ဒိုချိုင်းနား (ယခုဗီယက်နမ်) ကိုမူ ဂျပန်သည် အနောက်ဥရောပ၌ ပြင်သစ်ကို ဂျာမန်သိမ်းပိုက်ပြီးသော နောက် ၃ လကြာခန့်ကပင် အတင်းဝင်ရောက်ကာ လေယာဉ်ပျံကွင်းများ တည်ဆောက်ထားပြီးဖြစ်၏။ ဂျပန်စစ်တပ်များလည်း ပို့ထားပြီးဖြစ်ရာ ယိုးဒယားနယ်စပ်အထိ ဖြန့်ထားပြီး အရန်သင့်ဖြစ်နှင့်ထားသည်။

ပုလဲဆိပ်ကမ်းကိုတိုက်စဉ်က အမေရိကန်ရေငုပ်သင်္ဘော ၃ စင်း၊ စစ်သင်္ဘောကြီးတစ်စင်း၊ တိုက်လေယာဉ် ၄၁ စင်း၊ စစ်ပစ္စည်းနှင့်

ရေနံစာတ်ဆီ အမြောက်အမြား မီးလောင်ပျက်စီးသွား၏။

နောက်တစ်နေ့ ဒီဇင်ဘာလ ၈ ရက်တွင် အင်ဒိုချိုင်းနားဌ် အသင့်ရှိနေသော ဂျပန်တပ်များသည် ယိုးဒယားကိုဝင်ပြီး တပ်ဖြန့်လိုက်၏။ ယိုးဒယားက ခေတ္တသာတိုက်ဟန်ယောင်ဆောင်ပြီး ဂျပန်နှင့်မဟာမိတ်လုပ်လိုက်၏။

ဒီဇင်ဘာ ၉ ရက်တွင် ယိုးဒယားထဲက ဂျပန်တပ်များ အချို့မာလာယုဘက်ကို ချီတက်သည်။ ယိုးဒယားတပ်အချို့ပါ အကူပါသည်။ ဟောင်ကောင်ကို ၄င်းနေ့ စ,တိုက်ပြီး ဒီဇင်ဘာလ၊ ၂၄ ရက်၌ သိမ်းပိုက်လိုက်သည်။ ဖိလစ်ပိုင် မနီလာမြို့သို့ ဒီဇင်ဘာလ ၁၁ ရက်တွင် ချီလာပြန်သည်။ အမေရိကန်တပ်က ခံချနေသဖြင့် ဇန်နဝါရီလ ၂ ရက်ကျမှ မနီလာကိုဂျပန်ရသည်။ ထိုတိုက်ပွဲမှအမေရိကန်တပ်များလည်း ဘာတန်ကျွန်းဆွယ်သို့ဆုတ်၍ တစ်ခါခုခံကြရာ ၄ လကြာမှ ဂျပန်က ဖိလစ်ပိုင်ကို သိမ်းနိုင်သွားသည်။

ဂျပန်တပ် မာယုထဲရောက်သွားသော ဒီဇင်ဘာလ ၁၀ ရက်တွင် စင်ကာပူရေတပ်အတွက် ဗြိတိသျှတို့က အလွန်အားကိုးအားထားနှင့်ပို့လိုက်သော စစ်သင်္ဘောကြီး ၂ စင်းဖြစ်သည့် ပရင့်(စ်)အော့(ဖ်)ဝေးနှင့် ရီးပါး(လ်)ကို ဂျပန်လေတပ်က နှစ်မြှုပ်ပစ်လိုက်သည်။ နှစ်မြှုပ်ပစ်လိုက်သည်မှာအလွန်ယဉ်၏။ ဗုံးအပြည့်တင်ထားသော ဂျပန်လေယာဉ်ပျံသည် အပေါ်တည့်တည့်ကစိုက်ဆင်းလာပြီး သင်္ဘောကြီးတွေ၏ ခေါင်းတိုင်ထဲသို့ ထိုးချဖောက်ခွဲလိုက်ခြင်းဖြစ်သည်။ ဂျပန်လေယာဉ်ပျံသမားလည်း တစ်ခါတည်းအသေခံသွား၏။ ၂ စင်းစလုံး တစ်ချိန်တည်းကိုဤအတိုင်း ပေါက်ကွဲနစ်မြုပ်သွားသည်။

ဤတွင် ဂျပန်တို့၏တိုက်ခိုက်ပုံကိုကြည့်၍ ဗြိတိသျှတပ်များမျက်လုံးပြူး၊ မျက်ဆန်ပြူးနှင့် သွေးပျက်မတတ် ဖြစ်သွားကြသည်။

စင်ကာပူကိုမူ ဖေဖော်ဝါရီလ ၉ ရက်မှတိုက်သည်။ စင်ကာပူမှာ ရေကြောင်းခံတပ်ကိုသာ အားကိုးထားလေရာ စင်ကာပူရှိ ဗြိတိသျှတို့သည် ဂျပန်တပ်များ ရေကြောင်းကသာ အကြီးအကျယ်ဝင်လာလိမ့်မည်ဟု မျှော်လင့်ထားကြပြီး ရေဘက်ကိုသာ အမြောက်တွေဆင်ကာ စောင့်နေကြသည်။

ဂျပန်တကယ်ဝင်လာသောအခါ မာလာယုကုန်းပိုင်းက လှည့်ဝင်သိမ်းသည်။ စင်ကာပူရေတပ်ကြီးမှာ ရေ့ကိုငေးနေတုန်း နောက်ကျောမှ ဓက်ပိုးကိုဝင်အုပ်ကာ ဖနောင့်နှင့်ပါ ဆောင့်ကန်ခံလိုက်ရသလို ဖေဖော်ဝါရီလ ၁၄ ရက်တွင် ကျသွားလေတော့သည်။ ဗြိတိသျှတပ်သား ၆၀၀၀၀၊ ဩစတြေးလျနှင့် ဂေါ်ရခါး၊ ပန်ချာပီ တပ်သားပေါင်း ၄၀၀၀၀ ကျော်နှင့် စက်လက်နက်ပစ္စည်းပေါင်းများစွာ ဂျပန်တို့ဆီ၌ အသိမ်းခံလိုက်ရသည်။

ဘိလပ်လွှတ်တော်၌ မစ္စတာချာချီသည် စင်ကာပူကျဆုံးခြင်းအတွက် ရင်ကွဲပက်လက် မချိမဆံ့ဖြင့် –

“ဒီတစ်ချီ စင်ကာပူခံရတာ ဗြိတိသျှရာဇဝင်မှာ အနာဆုံးပဲ” ဟု ညည်းညူကာ မရှုနိုင်မရိုက်နိုင် ဖြစ်သွား၏။

သင်္ဘောကြီး ၂ စင်းနှင့် စစ်သည် ၄၀၀၀၀ ကျော်မှာ အာဖရိကစစ်မြေပြင်မှ အရေးတကြီးပို့လိုက်သောတပ်သားများ ဖြစ်၏။ စင်ကာပူရောက်ပြီး ရက်ပိုင်းခန့်တွင်ပြုတ်သွားရာ ဂျပန်တို့လက်ဝကွက်အပ်ဖို့ ပို့လိုက်သလို ဖြစ်သွားသည့်အတွက် ပါလီမန်တစ်ခုလုံး မှိုင်ကျသွားခြင်း ဖြစ်သည်။

ယိုးဒယားထဲရောက်ရှိနေသော မြောက်ပိုင်းရှိ ဂျပန်တပ်များသည် မြန်မာပြည်တောင်ဘက်စွန်း ကော့သောင်းမှလည်းကောင်း၊ မြဝတီမဲဆောက်မှ မော်လမြိုင်သို့လည်းကောင်း တစ်ဟုန်ထိုး ချီလာကြရာ

ဇန်နဝါရီလထဲ၌ပင် မော်လမြိုင်တွင် တာဝန်ကျနေသော ဗြိတိသျှ ၁၇ တပ်မနှင့် ရင်ဆိုင်ကြရသည်။

ဗြိတိသျှတို့၏ ၁၇ တပ်မသည် ဂျပန်ကို မော်လမြိုင်၌ ၂၄ နာရီပင် မခံနိုင်ပေ။ မုတ္တမဘက်သို့ဆုတ်ကာ မီးရထားလမ်းအတိုင်းခံလိုက်၊ ဆုတ်လိုက်နှင့် ပဲခူး–ရန်ကုန်ဘက်ကို ဗြိတိသျှတို့၏ အောင်မြင်စွာ ဆုတ်ခွာနည်းနှင့် ဆုတ်ခွာလာကြရပေတော့သည်။

ဤသည်ကစ၍ အင်္ဂလိပ်တို့မှာ မြန်မာပြည်မှ တစ်ဆုတ်တည်း ဆုတ်လာနေကြရရာ နောက်ဆုံးအိန္ဒိယနိုင်ငံ အာသံပြည်နယ်၏ မြို့တော်ဖြစ်သော အင်ဖာနားကိုပင် ဂျပန်စစ်ကြောင်းကြီးနှစ်ကြောင်းက ရောက်လာလေတော့သည်။

❋ ❋ ❋

အင်္ဂလိပ်တို့က သူတို့၏ အင်ဖာရွှေမြို့တော်ကြီးကို တပ်ထောင်ပါ ဗိုလ်ထုနှင့် လူစုကာကွယ်နေကြရချိန်၌ပင် မတ်လ ၇ ရက်တွင် အင်္ဂလိပ်တို့၏ အမှတ် ၁၇ တပ်မကို ချေမှုန်းသုတ်သင်ရန်နှင့် အမှတ် ၂၀ တပ်မအားဖြိုခွင်းရန် ဂျပန်တို့၏ အမှတ် ၃၃ တပ်မဟာသည် ဂျပန်တို့၏ တီးတိန်နှင့် တမူးသို့ စစ်ကြောင်းကြီး နှစ်ကြောင်းခွဲ၍ ချီတက်လာတော့သည်။ ကဘော်မြစ်ဝှမ်း ရာဇဂြိုဟ်တွင် အခြေစိုက်ထားသော ဗိုလ်မှူးအိုဂဝါနှင့် ဗိုလ်မှူးဆိတ်တို့ ဦးစီးသောတပ်ဖွဲ့နှစ်ခုသည် တောလမ်းတောင်လမ်းအတိုင်း ချီတက်လာကာ မဏိပူရမြစ်ကူးတံတားကို အုပ်မိုးထားသော ကျူတန်တောင်တန်းကို ထိန်းသိမ်းထားကြ၏။

တမူးသို့ချီတက်လာသော အမှတ် ၃၃ တပ်မ စစ်ကြောင်းတွင် ၂၁၃ တပ်ဖွဲ့မှ တပ်ရင်းတစ်ရင်းနှင့် အမှတ် ၁၄ တင့်ကားတပ်ဖွဲ့မှ အလတ်တန်းစား ၂၁ စီး၊ အပေါ့စားတင့်ကား အစီး ၄၀ ပါလာသည်။

တပ်မတွင်ရှိသမျှ အမြောက်အားလုံးလိုလိုလည်း ဤစစ်ကြောင်းနှင့်အတူ ချီတက်လာသည်။ ဤစစ်ကြောင်းကိုဦးစီးသူယာမာမိုတိုက တမူးမြို့သို့ ရောက်လာသည့်အချိန်၌ ချင်းတွင်းကို ဖြတ်ကျော်ပြီးဖြစ်နေသော အမှတ် ၁၅ တပ်မမှ စစ်ကူရရှိနိုင်သည်ဟု တွက်ဆထားသည်။

တီးတိန်သို့ချီတက်လာသောစစ်ကြောင်းသည် မတ်လ ၈ ရက်တွင် တီးတိန်တောင်ဘက် ၁၅ မိုင်ကွာမှနေ၍ မဏိပူရမြစ်ကိုဖြတ်ကူးကာ အင်ဖာလမ်းရှိ မိုင်တိုင်အမှတ် ၁၆၀ ကို ချုပ်ကိုင်ထားရန် ရည်စူးထားသည်။

ဂျပန်တပ်များက မတ်စောက်သောတောင်များ၊ ထူထပ်သောတောများကို ညအချိန်မှသာဖြတ်ကျော်၍ မြောက်ဘက်ခရီးအတိုင်း ချီတက်လာကြခြင်းဖြစ်ရာ အင်္ဂလိပ်တို့ဘက်မှ ကင်းထောက်လေယာဉ်များနှင့် ထောက်လှမ်းရေးတပ်များက မည်သို့မျှရှာမရလိုက်ဘဲ မျက်ခြည်ပြတ်သွားသည်။ ဤသည်တို့ကြောင့်လည်း ဂျပန်ဗိုလ်ချုပ်ကြီး မတ္တာဂုချီက "ငါတို့၏တပ်မတော်သည် ရှိမ်းဆာယာပိုမောက်၍ ကိုယ်ရောင်ဖျောက်နိုင်လောက်သည် အထိ စွမ်းပကားထက်မြက်ခဲ့လာပြီ"ဟု ကြုံးဝါးခဲ့ခြင်း ဖြစ်လေမည်။

မတ်လ ၉ ရက်တွင် အမှတ် ၁၀ ဂေါ်ရခါးတပ်ဖွဲ့မှ တိုက်ကင်းထွက်ရင်း မိမိအဖော်များနှင့်ကွဲသွားကာ တစ်ယောက်တည်း ကျန်ရစ်ခဲ့သော ရဲဘော်တစ်ယောက်သည် မိမိတပ်ဖွဲ့ရှိရာသို့ ပြန်ရောက်လာပြီး အလွန်အရေးကြီးသော သတင်းတစ်ခုကို ပို့လိုက်၏။

သူသည် မဏိပူရမြစ်ကိုဖြတ်ကူးနိုင်သည့် နေရာတစ်ခုကို အုပ်မိုးနေသော တောင်ကုန်းတစ်ခုပေါ်တွင် တစ်ယောက်တည်းအမောဖြေနေခိုက် စစ်သည်လူအင်အားအလွန်များပြားသော ဂျပန်စစ်ကြောင်း တစ်ကြောင်းကို မြစ်အနောက်ဘက်ကမ်းပေါ်၌ မနေ့တစ်နေ့က တွေ့မြင်ခဲ့ရ

သည်ဟုဆို၏။ ထိုနေ့တွင်ပင် အင်ဂျင်နီယာအရာရှိတစ်ဦးကလည်း သူ၏နေ့စဉ်မှတ်တမ်း၌ "တီးတိန်မှာ ပွဲကြီးပွဲကောင်းတော့ စ,နေပြီ။ ဂျပန်တွေကိုကြည့်ရတာ သိပ်ယုတ်မာကောက်ကျစ်ပုံရတယ်"ဟု မှတ်ချက်ရေးသားခဲ့သည်။

ဤအရာရှိကဲ့သို့ပင် အခြားအရာရှိများကလည်း ဂျပန်တို့သည် တဖြောင်းဖြောင်းနှင့် လက်ခမောင်းခတ်၍ ချီတက်လာနေကြပြီဟု ယူဆကြသည်။ ထို့ကြောင့်တိုက်ပွဲဖြစ်လျှင် ရှိနေရန် မလိုသော ကူလီတပ်ဖွဲ့၊ စစ်မြေပြင်တိရစ္ဆာန်ဆေးရုံ စသောအဖွဲ့များကို ထိုအချိန်ကစ၍ အင်ဖာသို့ပြန်ပို့ရန်သင့်နေပြီဟု သဘောရရှိကြသည်။

ရောက်ရှိလာသောသတင်းများအရ ဂျပန်တပ်များသည် အင်္ဂလိပ်တို့ဖောက်ခွဲဖျက်ဆီးခဲ့သော "တက်ကဲ"ကြိုးတံတားရှိရာသို့ ရောက်နေကြပြီဟုလည်းကောင်း၊ ဂျပန်များသည် အခြားကြိုးတံတားတစ်ခုရှိရာ တူဘဲ(လ်)မှနေ၍ မဏိပူရမြစ်အတိုင်း ဆင်များနှင့်စုန်ဆင်းလာကြပြီဟူ၍လည်းကောင်း ကြားနေကြရသည်။ "ကနေဒီ" တောင်ကုန်း၏ တောင်ဘက်တွင်လည်း ဂျပန်တို့၏ အမြောက်သံနှင့် မော်တာသံများမှာ ခါတိုင်းထက်လက်သံပြောင်နေကြသည်ကို ကြားနေရသည်။ ကိုဝင်၏ ဌာနချုပ်တပ်သားများနှင့် လေယာဉ်ကွင်း၊ ဆေးရုံ၊ ရိက္ခာဂိုဒေါင်များကို စောင့်နေရသော တပ်ဖွဲ့များသည် ခံကတုတ်ကျင်းများကိုစ၍ တူးကြရတော့သည်။ မတ်လ ၁၃ ရက်တွင် ဂျပန်စစ်ကြောင်းတစ်ခု နောက်က ကူလီထမ်းရာမှပြန်လာသော ချင်းရွာသားတစ်ယောက်ကို ရှေ့ကင်းအဖွဲ့တစ်ခုက ဖမ်းဆီးရမိသည်။ ထိုရွာသားက ဂျပန်များသည် မိုင်တိုင်အမှတ် ၁၀၀ သို့ချီတက်သွားကြောင်း ပြောပြ၏။

ထိုနေ့ည ရှစ်နာရီကျော်ကျော်ကလေးတွင် အမှတ် ၄ တပ်မကြီး၏ ဗိုလ်ချုပ်ကြီးဖြစ်သူ စကွန်းက အမှတ် ၁၇ တပ်မ ဦးစီးဖြစ်သူကိုဝင်

အား တပ်ကိုအင်ဖာသို့ဆုတ်ခွာလာရန် တယ်လီဖုန်းဖြင့်လှမ်း၍ အမိန့်ပေးလာ၏။

စကွန်းမှာ အင်ဖာနှင့်တီးတိန်လမ်းပေါ်ရှိ မိုင်တိုင် ၁၀၉ ရိက္ခာကိုဒေါင်ကိုစောင့်ရှောက်နေရသော တပ်ဖွဲ့ခေါင်းဆောင်ထံမှ ဂျပန်တပ်များသည် ရိက္ခာဝေစခန်း၏အနောက်ဘက် မိုင်အနည်းငယ်အကွာသို့ပင် ရောက်ရှိနေကြောင်း၊ စခန်းတွင် အလုပ်သမား ၅၀၀၀ ရှိနေပြီး တိုက်ခိုက်ရေးတပ်ဖွဲ့ဆို၍ကား ဝန်ထမ်းတပ်ဖွဲ့တစ်ဖွဲ့နှင့် စက်သေနတ်တပ်ဖွဲ့ ၃ ခွဲသာရှိနေကြောင်း၊ စခန်းမှာ မြေပြန့်တွင်တည်ရှိနေပြီး ဂိုဒေါင်များကိုလည်း နေရာအနှံ့ဖြန့်၍ ထားရသောကြောင့် ခုခံကာကွယ်ရန် များစွာအခက်တွေ့ကြောင်း သတင်းပို့ချက်အရ ကိုဝင်အား ဆုတ်ခွာလာရန် အမိန့်ပေးလိုက်ရခြင်းဖြစ်သည်။

ကိုဝင်သည် စကွန်းထံမှ ဆုတ်မိန့်ရပြီး ၂၁ နာရီအတွင်း တီးတိန်ပတ်ဝန်းကျင် ၁၅ မိုင် ပတ်လည်မှ မော်တော်ယာဉ်များနှင့် စစ်သည်များမှာ တောများတောင်များပေါ်မှကျော်ကာ မိုင် ၂၀ ကျော်အကွာသို့ ရောက်နေသော ရှေ့တန်းစခန်းမှ စစ်သည်ရဲမက်များကို တီးတိန်သို့ပြန်၍ ခေါ်ယူနေသည်။ ပြီးမှ ခြေလျင်တပ်သား ၁၆၀၀၀၊ မော်တော်ယာဉ် ၂၅၀၀၊ လားအကောင်ရေ ၃၀၀ ကို တီးတိန်မှစ၍ ဆုတ်ခွာရတော့၏။

မတ်လ ၁၃ ရက် ညရှစ်နာရီကျော်ကျော်တွင် ဆုတ်မိန့်ရသော ကိုဝင်သည် ၁၅ မိုင်၊ မိုင် ၂၀ တပ်ဖြန့်ထားရသော တပ်မတစ်ခုလုံးကို မတ်လ ၁၄ ရက် ညနေ ၅ နာရီတိတိအချိန်၌ တီးတိန်ကိုရှောင်ခိုင်းစေနိုင်ခဲ့၏။ သို့သော် ထိုအချိန်တွင်ပင် ဂျပန်တို့၏ ၂၁၄ တပ်ဖွဲ့သည် တီးတိန်–အင်ဖာလမ်းပေါ်ရှိ မိုင်တိုင် ၁၀၉ သို့ ချဉ်းကပ်လာနိုင်၍ ကိုဝင်၏ဆုတ်ခွာရေးလမ်းကြောင်းကို ဖြတ်တောက်ပစ်နိုင်ခဲ့လေပြီ။

တီးတိန်တစ်မြို့လုံးမှာ ရိက္ခာများ၊ ဂိုဒေါင်များ၊ စစ်တန်းလျားများ

ကို မီးတင်ရှို့ထားရှိခဲ့ကြသည့်အတွက် မီးတောက်မီးလျှံများ ညီးညီး တောက်လောင်နေလေသည်။ စစ်သည်ရဲမက်တို့သည် လျင်မြန်နိုင်သမျှ လျင်မြန်အောင် ဆုတ်ခွာနေကြရ၏။

မိုင်တိုင် ၁၀၉ တွင် အင်္ဂလိပ်တို့၏အခြေအနေမှာ ဆိုးဆိုးဝါးဝါး ဖြစ်နေသည်။ ပြန့်ပြူးသောမြေနေရာနှင့် သုံးရေ သောက်ရေ အလွယ် တကူ ရရှိနိုင်ရန် စခန်းမှရိက္ခာဂိုဒေါင်များကို ချောင်းကမ်းနံဘေးတွင် ဆောက်လုပ်ထားခဲ့သည်။ လက်နက်မကိုင်တတ်သော အလုပ်သမား ၅၀၀၀ ခန့် စခန်းတွင်ရှိနေပြီး သူတို့အား အကာအကွယ်ပေးနိုင်သည့် စစ်သည်အင်အားကနည်းပါးလျက်ရှိနေရာ ဂျပန်တို့သည် စခန်းအနောက် ဘက်ရှိ တောင်ဟုန်းကို သိမ်းယူလိုက်ပြီးနောက် တီးတိန်–အင်ဖာလမ်းကို ဤနေရာကနေ၍ ဖြတ်တောက်လိုက်ခြင်းဖြစ်သည်။

မတ်လ ၁၄ ရက်တစ်နေ့လုံး စခန်းရှိ စစ်သည်ရဲမက်များက မျက် နှာချင်းဆိုင်ရှိဂျပန်များကို မော်တာများနှင့် တဝုန်းဝုန်းထု၍ ခုခံနေသည်။ မှောင်စပြုလာသည့်အချိန်တွင် ဂျပန်တို့က ဤစခန်းကို ဝိုင်း၍သဲကြီး မဲကြီး ပစ်ခတ်တိုက်ခိုက်လာတော့သည်။ သူနာပြုကားတစ်စီးက ည ၁၁ နာရီတွင် စခန်းမှ မောင်းပြေးထွက်သွားနိုင်ခဲ့သည်။

စခန်းရှိစစ်သည်ရဲမက်တို့မှာ မတ်လ ၁၇ရက်သို့ ကူးလာသည်ထိ ခုခံနေကြ၏။ ၁၆ ရက်ညတွင် အလုပ်သမား ၅၀၀၀ ကို အိန္ဒိယအမျိုး သားအရာရှိတစ်ဦးခေါင်းဆောင်ကာ တောလမ်းတောင်လမ်းများမှ ခေါ် ထုတ်သွားနိုင်ခဲ့သည်။ ၁၇ ရက်ရောက်တော့မှ ဤစခန်းကို စွန့်လွှတ်ရန် အမိန့်ရောက်လာသည်။ ထိုအချိန်တွင်ဆရာဝန်များက ဒဏ်ရာရနေသော စစ်သည်တဂ်ဦးကို ခွဲစိတ်ကုသနေချိန်ဖြစ်သည်။

နောက်ချန်တပ်အဖြစ်ကျန်ခဲ့သော စစ်သားများက ရန်သူကို အတော်ကြာကြာခုခံနေပြးမှ မိုင်တိုင်အမှတ် ၁၀၉ စခန်းကို စွန့်လွှတ်ခဲ့ကြ

ရတော့သည်။ ဂျပန်များသည် ကြွင်းကျန်ခဲ့သောရိက္ခာများ၊ ထရပ်ကားများနှင့် စစ်တန်းလျားတို့ကို ရရှိသွားခဲ့ကြသည်။

မတ်လ ၂၄ ရက်၌ ဤစခန်းကို ပြန်လည်သိမ်းပိုက်နိုင်ရန် ကင်မရွန်ဦးစီးသော အမှတ် ၄၈ တပ်မဟာက မိုင်တိုင် ၁၁၁ အရှေ့ဘက် တောင်ကုန်းများမှနေ၍ ချီတတ်တိုက်ခိုက်နေသည်။ အမှတ် ၉ ရှေ့ပြေး ချီတပ်ရင်းသည် တောင်ကုန်းပေါ်တွင်ရှိ စက္ကဝံရွာကိုသိမ်းပိုက်နိုင်ရန် အပြင်းတက်တိုက်သည်။ သို့သော် တပ်လန်၍ ပြန်ကျလာသည်။

ကိုဝင်၏နောက်ချန်တပ်သည် ကျူတန်မှ မဆုတ်ခွာမီ မဏိပူရမြစ်ကူးတံတားကို ဖောက်ခွဲဖျက်ဆီးပစ်ခဲ့သည်။ ဂျပန်တို့၏ အင်ဖာထိုးစစ်ကြီးစ,ရန် အရှိန်ယူနေစဉ် အင်္ဂလိပ်တို့၏ အမှတ် ၂၀ တပ်မသည် တမူး–စစ်တောင်းသွား လမ်းဘေးရှိတောထဲတွင် ဌာနချုပ်ဖွင့်ထားသည်။ တပ်မဌာနချုပ်အနီးတွင် အရေးပိုင်ရုံးရှိသည်။ အရေးပိုင်ရုံးအနီးတွင် အင်အား ၂၅၀ ခန့်ပါဝင်သော ပုလိပ်အဖွဲ့တစ်ဖွဲ့ရှိသည်။ အရေးပိုင်နှင့် ရာဇဝတ်ဝန်တို့သည် အလုပ်သမားများရရှိရေး၊ မြို့ရွာများမှ အရပ်သူ၊ အရပ်သားများကို ဘေးကင်းရာသို့ ပြောင်းရွှေ့ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးနေကြသည်။

စစ်တောင်းမှချင်းတွင်းသို့ ဆင်းသည့်လမ်းတွင် 'ဖိုးဆင်' ဟု နာမည်ကြီးနေသော ဒုဗိုလ်မှူးကြီး ဘီး(လ်)ဝီလျံ၏ ဆင်တပ်ဖွဲ့သည် လမ်းဖောက်ခြင်း၊ တံတားခင်းခြင်း၊ မြေဖို့ခြင်း၊ သစ်ဆွဲခြင်း၊ နင်းကြမ်းခင်းခြင်း အလုပ်များနှင့် မအားအောင်ဖြစ်နေသည်။

ဝက်တုတ်ရွာတစ်ဝိုက်၌ တိုက်ပွဲဖြစ်လာသောအခါ လမ်းဖောက်လုပ်နေသော အလုပ်သမား ၂၀၀၀၀ နှင့် အသွားနှေးသလောက် အလုပ်တွင်ကျယ်သော မြေတူးစက်ကြီးများ၊ မြေညှိစက်ကြီးများနှင့်ဆင်များကို အင်ဖာသို့ပြောင်းရွှေ့ရန် အမိန့်ရောက်လာသည်။

အလုပ်သမားများအင်အားနှင့်ပစ္စည်းကိရိယာများ အရေအတွက် အပြင် ဆင်များကိုပါပေါင်းထည့်လိုက်လျှင် ဤမျှများပြားသော လူ၊ ပစ္စည်း နှင့်ဆင်များပါ ရှေ့တန်းစခန်းဖြစ်သော စစ်တောင်း–ချင်းတွင်းမှ အင်ဖာ သို့အရောက်ပြန်၍ တပ်ခေါက်ကြရမည့်အရေးမှာ ရင်မအေးစရာဖြစ်၏။

သို့သော် ကြိုတင်ပြင်ဆင်ကာလေ့ကျင့်ထားမှုကြောင့် ဤအလုပ် သမားတပ်ဖွဲ့ကို ရွှေ့ပြောင်းရာတွင် အားလုံးပေါင်းလေးရက်သာကြာ၏။ ဂျပန်စစ်ကြီး အလုံးအရင်းနှင့်တက်လာလျှင် ဗိုလ်ချုပ်ဂရေဆီသည် မိမိ အမှတ် ၂၀ တပ်မအား အင်ဖာလွင်ပြင်ကိုအုပ်မိုးထားသော ရှန်နမ်တောင် တန်းမှနေ၍ ခုခံရမည်ဟူသော အမှတ် ၄ တပ်မကြီးမှ ဗိုလ်ချုပ်ကြီးစကွန်း ၏ အမိန့်မှာ မြေပုံပေါ်တွင်လိုက်နာရန်လွယ်သလောက် လက်တွေ့တွင် ခက်ခဲလှသည်။

စစ်တောင်းလမ်းပေါ်မှနေ၍ ချင်းတွင်းကို တပ်ရင်း ၂ ရင်းတို့ဖြင့် စောင့်ကြည့်နေသော အမှတ် ၈၀ တပ်မဟာသည် ပထမဦးဆုံးဆုတ်ခွာ လာပြီးနောက် ရှန်နမ်တောင်ကြားလမ်း၏ အရှေ့ဘက်အဝတွင် တပ်စွဲ ကာ တစ်ချိန်တည်းတွင်ပင် ဓိဘုံတံတားကို ကာကွယ်စောင့်ရှောက်နေရ မည်သာဖြစ်သည်။ ဤတံတားကိုသာ ဂျပန်တို့ လာရောက်ဖောက်ခွဲပစ် က အမှတ် ၂၀ တပ်မ၏ ဆုတ်ခွာရေးအစီအစဉ်မှာ အလွန်ပင် အခက် အခဲတွေ့နိုင်စရာရှိသည်။

ဒုတိယဆုတ်ခွာရမည့်တပ်မှာဂျင်မီ၏ အမှတ် ၁၀၀ တပ်မဟာ ဖြစ်သည်။ ဤတပ်မဟာသည် ကဘော်ချောင်းတောင်ဘက်မှနေ၍ မိုးရဲ သို့ဆုတ်ရမည်။ ထိုမှတစ်ဖန် 'ကန်နောင်ပါး' သို့ထပ်၍ ဆုတ်ရဦးမည်။ ထို့နောက် ရှမ်နန်တောင်တန်းသို့ ဆက်လက်ဆုတ်ခွာနေရာယူရမည်။

တတိယဆုတ်ခွာရမည့်တပ်မှာ အမှတ် ၁၄ နှင့် အမှတ် ၁၂ နယ်ခြားစောင့် တပ်ရင်းနှစ်ရင်းဖြစ်သည်။ ၁၄ တပ်ရင်းသည် မွန်ဘီလမ်း

ကြောင်းအတိုင်းဆုတ်လာကာ ချူခန္တွင်တပ်စွဲလျက် ၁၂ တပ်ရင်းသည် ယန်ဂိုပိုတီလမ်းအတိုင်းဆုတ်လာကာ သီတာတွင်နေရာယူထားရမည်။ စတုတ္ထနှင့် နောက်ဆုံးဆုတ်ခွာရမည့်တပ်မှာ ယုမြစ်မှနေ၍ ယုဝရွာအထိ တပ်ဖြန့်ထားသော အမှတ် ၃၂ တပ်မဟာဖြစ်သည်။ ဤတပ်မဟာသည် မိုးရဲသို့ဆုတ်လာပြီးနောက် အသင့်ပြင်ထားသော ခံကတုတ်နှင့် သံဆူးကြိုးဝိုင်းများတွင်တပ်ချလျက် မိုးရဲမှရိက္ခာပစ္စည်းများ အင်ဖာသို့ ပြောင်းရွှေ့နေသည်ကို ကာကွယ်ပေးရမည်။ ထို့နောက် မိုးရဲမှဆက်လက်ဆုတ်ခွာ၍ ရှမ်းနန်တောင်တန်းအနောက်ဘက်တွင် စစ်ကူတပ်အဖြစ်ရှိနေမည်။

ဂျပန်တို့၏ အမှတ် ၁၅ နှင့် အမှတ် ၃၁ တပ်မတို့သည် မတ်လ ၁၅ ရက်တွင် သောင်းထွတ်နှင့်ဟုမ္မလင်းမှ ချင်းတွင်းကိုဖြတ်၍ ကူးနိုင်ခဲ့၏။ ထိုအမှတ် ၁၅ တပ်မသည် ချင်းတွင်းမြစ်အား ဖြတ်ကျော်ခဲ့ကြသည်မှာ အံ့သြဖွယ်၊ အတုယူဖွယ်ကောင်းလောက်အောင် ဂျပန်တို့ စွမ်းဆောင်နိုင်ခဲ့ကြသည်။

ကောင်းကင်မှတက်ကြည့်၍လည်း မမြင်နိုင်၊ မြေပြင်မှ လှမ်းကြည့်၍လည်း မမြင်ရသော နေဝင်ခါနီးအချိန်တွင် ရနိုင်သမျှသော လှေများကို အရှေ့ဘက်တစ်လျှောက်တွင် စုထားလိုက်သည်။ နေဝင်သွားသည်နှင့်တစ်ပြိုင်နက် ထိုလှေများကို ၄ စင်းတစ်တွဲ၊ ၅ စင်းတစ်တွဲစီ ဖောင်ဖွဲ့၍ ထိုဖောင်များပေါ်တွင် နင်းကြမ်းခင်းသည်။ ထို့နောက် ဖောင်များကို ဘေးချင်းယှဉ်တွဲ၍ထားသည်။ မြစ်ပြင်ပြည့်မျှရပြီဟု ထင်သောအခါ အစွန်ဆုံးသောဖောင်ကို ရေစီးထဲသို့မျှောချလိုက်၏။

တစ်ခုနှင့်တစ်ခု ပတ္တာဆက်သလိုဆက်ထားသော ဖောင်များသည် ရေစီးနှင့်မျောပါသွားပြီး မကြာမီပင် အနောက်ဘက်ကမ်းထိပ်သို့ အိခနဲသွားငြိကာ တံတားဖြစ်သွားတော့၏။ ဒီတံတားပေါ်မှ ရိက္ခာ၊ ခဲယမ်း၊ လက်နက်နှင့် အခြားပစ္စည်းများတင်ထားသော လားများ၊ မြင်းများနှင့်

လှည်းများသည် ချင်းတွင်းကို အခန့်သားဖြတ်ကျော်ကာ အင်ဖာဘက်သို့ ခရီးဆက်ကြတော့သည်။

ဂျပန်တို့သည် ဤနည်းဖြင့် ချင်းတွင်းကို တစ်ညလုံး ဖြတ်ကူးကြပြီးနောက် မိုးလင်းခါနီးသည်နှင့်တစ်ပြိုင်နက် အနောက်ဘက်ကမ်းဆီသို့ ဒုတ်ဒုတ်ထိအောင်ရောက်နေသော အစွန်ဆုံးဖောင်ကို မော်တော်နှင့် အထက်သို့လှန်၍ဆွဲသွားသည်။ ပတ္တာဆက်သလိုဆက်ထားသောဖောင်များသည် တစ်နွယ်ငင်တစ်စင်ပါဆိုသလို မော်တော်ဘုတ်နောက်မှ လိုက်ပါသွားကြသည်။ ထို့နောက် အရှေ့ဘက်ကမ်း ချောင်းကောင်းကောင်းနေရာသို့ရောက်သော် ဖောင်တံတားကို ပုံဖျက်၍ဝှက်ထားလိုက်ကြသည်။

နောက်တစ်နေ့ရောက်သောအခါ ဤနည်းအတိုင်းပင် ကျန်တပ်များကို ဖြတ်ကူးစေသည်။ ဤသို့ဖြင့် ဂျပန်တပ်ဖွဲ့ကြီးသည် မှဲ့တစ်ပေါက်မစွန်းဘဲ သဘာဝအတားအဆီးကြီးဖြစ်သော ချင်းတွင်းကို ဖြတ်ကျော်နိုင်ခဲ့ကြ၏။ ဂျပန်တို့က ဤသို့ အောင်ပွဲအဆင့်ဆင့်နှင့် အင်ဖာသိမ်းပိုက်ရေး၊ ဒေလီတွင် သူတို့၏ တက်နေဝန်းအလံစိုက်ထူရေး ကြိုးပမ်းနေကြချိန်တွင် အင်္ဂလိပ်တို့မှာမူ . . . ။

အမှတ် ၅ တပ်မမှာ အထူးပင် တိုက်ရည်ခိုက်ရည်တို့နှင့် ပြည့်ဝသည့် အိန္ဒိယတပ်မကြီးဖြစ်သည်။ ရခိုင်စစ်မျက်နှာတွင် တောကြီးမျက်မည်းထဲ၌ ၆ လကြာမျှ သဲသဲမဲမဲတိုက်ခိုက်ခဲ့ရ၏။ တပ်မကိုဦးစီးသူ ဗိုလ်ချုပ်ဘရစ်မှာလည်း အပွဲပွဲနွှဲခဲ့သူဖြစ်သည်။

အင်ဖာတွင် ဂျပန်တို့က ထိုးစစ်ကြီးပြုလာသောကြောင့် သူ့တပ်မသည် အမှတ် ၂၅ အိန္ဒိယတပ်မ ရခိုင်သို့ရောက်သည်နှင့်တစ်ပြိုင်နက် အင်ဖာသို့ ချက်ချင်းချီတက်ရမည့် အစီအစဉ်ရှိနေသည်ကိုလည်း သူသိရှိထားသည်။ ရခိုင်မှအင်ဖာသို့ရောက်သည်အထိ ကုန်းလမ်းခရီး၊ မီးရထားလမ်းခရီးဖြင့်သာ သူ၏တပ်မအား ခေါ်ဆောင်သွားရမည်ကို ကြိုတင်

တွက်ချက်ထားပြီးဖြစ်သည်။

ဗိုလ်ချုပ်ဘရစ်သည် မောင်တောနှင့် မလှမ်းမကမ်းတွင်ရှိသော သူ့ဌာနချုပ်ရှေ့တွင် ကုလားထိုင်တစ်လုံးချ၍ ဖြစ်ပေါ်လာသော အခြေအနေအရပ်ရပ်ကို ဝေဖန်သုံးသပ်နေစဉ် အိန္ဒိယစစ်ဌာနချုပ်မှ အမိန့်တစ်ခု ရောက်ရှိလာသည်။ အင်ဖာအခြေအနေမှာအလွန်ဆိုးနေသဖြင့် ဘရစ်၏ အမှတ် ၅ တပ်မသည် လေကြောင်းဖြင့် အင်ဖာသို့ အမြန်ချီတက်လာရမည် ဟူသောအမိန့်ဖြစ်၏။ လေကြောင်းဖြင့်ချီတက်ရမည်ဆိုသဖြင့် စစ်သည်ရဲမက်များကိုသာမက အမြောက်များ၊ လားများနှင့် ဂျစ်ကားများပါ လေယာဉ်ဖြင့်တင်၍ ပြောင်းရွှေ့ရပေတော့သည်။

အမိန့်တွင် 'အခြေအနေ အလွန်ဆိုးနေသည်' ဟုပါရှိသဖြင့် ရခိုင်စစ်မျက်နှာမှ အင်ဖာစစ်မြေပြင်ပေါ်တွင် ခြေချမိလျှင်ချမိချင်း တိုက်ပွဲအတွင်းသို့ ချက်ချင်းဆင်းသွားနိုင်အောင် အစစအရာရာလည်း အသင့်ဖြစ်နေရန်လိုသည်။

လေယာဉ်ဖြင့်သယ်ယူ၍မဖြစ်နိုင်သော ပစ္စည်းပစ္စယများကိုမူ စောစောက စီစဉ်ထားသည့်အတိုင်း ကုန်းလမ်း၊ ရထားလမ်းဖြင့် သယ်ယူရပေတော့မည်။ ယခုအချိန်၌ အစားထိုးမည့် အမှတ် ၂၅ တပ်မမှ တပ်အချို့သည် ရခိုင်စစ်မျက်နှာသို့ရောက်ရှိနေပြီး ဗိုလ်ချုပ်ဘရစ်ထံမှတာဝန်များကို လွှဲယူအံ့ဆဲဆဲရှိနေသဖြင့် အင်ဖာသို့လေကြောင်းဖြင့်ချီတက်ရေး အစီအစဉ်မှာ တစ်ဝက်တစ်ပျက်လွယ်ကူနေသော်လည်း လေယာဉ်ထဲတွင် ကုန်အချိန်အဆကို စနစ်တကျထည့်သွင်းရေးမှာ အခက်အခဲပြဿနာဖြစ်လာတော့သည်။

အေးချမ်းသောကာလ၌ သေးငယ်သောတပ်ဖွဲ့ကလေးတစ်ခုအား လေကြောင်းဖြင့် သယ်ယူပြောင်းရွှေ့ရာတွင်ပင် ပြင်ဆင်မှုများစွာ ပြုလုပ်နေရရာ ယခုကဲ့သို့ တပ်မတစ်ခုအား အပူတပြင်းရွှေ့ပြောင်းရမည်ဆို

သောအခါ ပြဿနာအမျိုးမျိုးတွေ့ရတော့၏။ လေယာဉ်တစ်စင်းတွင် တင်နိုင်သည့်ကုန်အလေး ချိန်၊ ကုန်ပစ္စည်းအမျိုးအစား၊ ထည့်သွင်းနည်းစနစ်၊ မည်သည့်အချိန်တွင် မည်သည့်လေယာဉ်ကွင်း၌ရပ်နားမည် ဟူသောအချိန်ဇယား စသည်တို့ကို သေချာစွာနားလည်ကျွမ်းကျင်ရန် အတွက် ရဲဘော်များကို သီတင်းတစ်ပတ်ခန့်မျှ သင်တန်းတက်ခိုင်းရမလို ဖြစ်နေ၏။

သည်ကြားထဲတွင် လေကြောင်းဖြင့်ချီတက်ရန်အတွက် မည်သည့်လေယာဉ်အမျိုးအစားကို စင်းရေမည်မျှရနိုင်မည်ဟု ကြိုတင်သိရှိမထားရသောကြောင့်လည်း ပြောင်းရွှေ့ရေးမှာ စီစဉ်တွက်ချက်ရန် ခက်ခဲလာသည်။ ထိုအထဲတွင် ဌာနချုပ် အလုပ်အမှုဆောင်အဖွဲ့နှင့် အမှုထမ်းများမှာ လေကြောင်းဖြင့်ပြောင်းရွှေ့ချီတက်ရေးကို တစ်ခါမျှ မကြုံဖူးကြသောကြောင့် ပို၍ခက်လာပြန်သည်။ တစ်ဖန် အနီးဆုံးလေယာဉ်ကွင်းဖြစ်သော "ဒိုဟာဇာရီ"မှာ မြောက်ဘက်မိုင် ၁၀၀ ခန့်တွင်ရှိပြီး ဒိုဟာဇာရီသို့ သွားသည့်လမ်းတွင် ချောင်းကို နှစ်ကြိမ်မျှဖြတ်နေရသဖြင့် လေယာဉ်ကွင်းသို့သွားရမည့်ခရီးကပင် အတော်ဖင့်နွှဲစေပြန်၏။ လမ်းမှာ မည်မျှဖုန်ထူသနည်းဆိုလျှင် တစ်ရက်တွင်ကူလီရာပေါင်းများစွာငှား၍ ဖုန်မထအောင် ရေဖျန်းပေးနေသည်ကပင် လမ်း၏သရုပ်ကို သက်သေထုတ်ပြနေသည်။

ဒိုဟာဇာရီလေယာဉ်ကွင်းနှင့် အင်ဖာမှာ လေကြောင်းခရီးအားဖြင့် မိုင် ၂၅၀ ကျော်ကလေးသာရှိသည်။ ထိုမိုင် ၂၅၀ အတွက် တွက်ချက်လိုက်၊ စီစဉ်လိုက်လုပ်နေရသည့်ဒုက္ခမှာ မသက်သာလှပေ။ သို့သော် တွက်ချင်တိုင်းတွက်နေ၍ မဖြစ်တော့။ "တပ်မဟာတစ်ခုကို အမြန်ဆုံးပို့ပေးပါ"ဟု အမိန့်ထပ်ရောက်လာသည့်အတွက် ဖြစ်သလိုစီစဉ်ရတော့သည်။ လေယာဉ်များသည် ရန်သူတို့သိမ်းပိုက်ထားသော နယ်မြေအချို့ကို ဖြတ်၍ပျံသန်းရမည်ဖြစ်ပြီး ရန်သူတိုက်လေယာဉ်များ မရောက်ရှိနိုင်

သော ခရီးအကွာအဝေးမှပင် မောင်းနှင်ရမည်ဖြစ်ရာ လေယာဉ်တစ်စင်းတည်းတွင် တစ်ခုခု တတ်ကျွမ်းသူများချည်း ပါမသွားရအောင် သတိထားရမည်။ အကယ်၍ တတ်ကျွမ်းသူများချည်း ပါသွားသောလေယာဉ်သည် ရန်သူ၏ပစ်ချခြင်းကိုခံရပါက တပ်မအတွက် ကြီးကျယ်သောဆုံးရှုံးမှုကြီး ဖြစ်သွားနိုင်သည်။

မည်သို့ဆိုစေ လေကြောင်းဖြင့်ချီတက်ရေးကို မဖြစ်မနေ အပူတပြင်းစီစဉ်ကြရာ အမြောက်တပ်ဖွဲ့တစ်ခုအတွက် ရေးဆွဲထားသောအချိန်ဇယားကိုကြည့်ပါက မည်မျှ အပူတပြင်းနိုင်လှသည်ကို တွေ့ရမည်ဖြစ်သည်။ တနင်္လာနေ့ ညနေ ၂ နာရီ။

တိုက်ပွဲတွင်ပစ်ခတ်နေဆဲအမြောက်များကို ရုပ်သိမ်း၍ စုရုံးရမည့်နေရာသို့ ချီတက်ရန်။

အင်္ဂါနေ့။ စုရုံးသည့်နေရာမှ ဒိုဟာဇာရီလေယာဉ်ကွင်းသို့ ကုန်းလမ်းအတိုင်းချီတက်ရန်၊ ညနေ ၄ နာရီ မိနစ် ၃၀ ခန့်တွင် သတ်မှတ်ထားသောနေရာသို့ရောက်ရန်။

အင်္ဂါနေ့ ညနေ ၆ နာရီမှ ဗုဒ္ဓဟူးနေ့ နံနက် ၅ နာရီအထိ၊ အမြောက်များကိုဖြုတ်၍ လေယာဉ်ပေါ်သို့တင်ရန်။

ဗုဒ္ဓဟူးနေ့။ အင်ဖာသို့ပျံသန်းရန်။ အမြောက်များကို လေယာဉ်ကွင်းတွင်လည်းကောင်း၊ အနီးအနားတွင်လည်းကောင်း ပြန်လည်တပ်ဆင်ရန်။

ကြာသပတေးနေ့။ အင်ဖာစစ်မျက်နှာရှိ စခန်းတစ်နေရာတွင် အမြောက်တပ်ဖွဲ့ကပါဝင်တိုက်ရန်။

မတ်လ ၁၈ ရက်တွင် အမှတ် ၁၂၃ ခြေလျင်တပ်မဟာကို အင်ဖာစစ်မျက်နှာသို့ ပို့ဆောင်ရေးကို ထိပ်တန်းအထူးလျို့ဝှက်ချက်ဖြင့် ကျင့်သုံးရမည်ဟုညွှန်ကြားထားရာ များစွာသောအရာရှိများမှာ ဒိုဟာဇာရီ

လေယာဉ်ကွင်းပေါ်သို့ ရောက်ရှိလာသောအချိန်၌ ရခိုင်စစ်မျက်နှာမှ အနားပေးရန်အတွက် အိန္ဒိယပြည်သို့ပြန်ရတော့မည်ဟုပင် ထင်မှတ်နေကြတော့၏။

အမေရိကန်လေတပ်မှ ဗိုလ်မှူးကြီးတစ်ဦးနှင့် အမှတ် ၁၄ တပ်မတော်မှ ရွှေ့ပြောင်းကြီးကြပ်ရေးအရာရှိဖြစ်သူ ဗိုလ်မှူးတစ်ဦးမှ မတ်လ ၁၇ ရက်တွင် လေယာဉ်ကွင်းထဲတွင်နေရာယူနည်း သင်ကြားပေးသည်။ တပ်မဟာတစ်ခုအား တစ်နေ့တည်းနှင့် ခရီးထွက်နိုင်အောင်စီစဉ်ရမည်မှာ လွယ်ကူလှသည်မဟုတ်။ လေယာဉ်ကွင်းမှာလည်း မြေကြီးကိုမာအောင် ဒင့်ထောင်း၍လုပ်ထားသော တစ်ခုတည်းသောလေယာဉ်ကွင်းဖြစ်ရာ ပို၍ အခက်အခဲ တွေ့ကြရသည်။

သို့သော် တစ်ခါမျှလေယာဉ်များနှင့်မသွားဖူးကြသော ရဲဘော်များနှင့် ဒိုဟာဇာရီ–အင်ဖာလေကြောင်းလမ်းတွင် တစ်ခါမျှ မမောင်းဖူးသော လေသူရဲများသည် တွေ့ရသမျှ အခက်အခဲများကို သွေးအေးအေးနှင့် ရင်ဆိုင်နေကြရ၏။ မတ်လ ၁၇ ရက် မှောင်စပျိုးသည့်အချိန်တွင် လေယာဉ်အချို့ ထပ်၍ရောက်လာကြသည်။ တစ်ညလုံးလားများနှင့် ဂျစ်ကားများ၊ မြင်းများနှင့် လက်နက်များကို စနစ်တကျ ထည့်သွင်းနေကြရသည်။

လေသူရဲများသည် မတ်လ ၁၈ ရက်မှ ၁၉ ရက်အထိ တစ်နေ့လျှင် နှစ်သုတ်စီ ပျံသန်းပေးကြခြင်းအားဖြင့် အမှတ် ၅ တပ်မဟာတစ်ခုလုံးကို အင်ဖာသို့ ဘေးမသီရန်မခ ပို့ဆောင်ပေးနိုင်ခဲ့၏။ တပ်မမှ တပ်မဟာတစ်ခုကိုမူ ကိုဟီးမားအားကာကွယ်ရန် ဒိုင်မာပူသို့ တိုက်ရိုက်ပျံသန်းပေးပို့ရပြန်သည်။ မြေပြင်အဖွဲ့သားများနှင့် လေတပ်အမှုထမ်းများ၏ စွမ်းဆောင်မှုမှာလည်း ချီးကျူးလောက်ပေသည်။

ရခိုင်စစ်မျက်နှာရှိ ဒိုဟာဇာရီလေယာဉ်ကွင်းတွင် စစ်သည်တော်

များ၊ လက်နက်များနှင့် အခြားပစ္စည်းများအား လေယာဉ်ကွင်းထဲသို့ ထည့်သွင်းရခက်သလို လူနှင့်ပစ္စည်းများကို အင်ဖာတွင် ပြန်၍ထုတ်ယူရသည်မှာလည်း ခက်ခဲလှသည်။

အင်ဖာရှိ အဓိကလေယာဉ်ကွင်းကြီးသည် ရိက္ခာနှင့် ခဲယမ်းမီးကျောက်များတင်ဆောင်လာသော လေယာဉ်အများအပြား ဆင်းသက်နေသည့် လေယာဉ်ကွင်းကြီးဖြစ်နေရာ စစ်သားများတင်ဆောင်လာခဲ့သော လေယာဉ်များအတွက် နေရာမပေးနိုင်လောက်အောင်ဖြစ်နေ၏။ ထို့ကြောင့် ဒိုဟာဇာရီမှ စစ်သားများတင်လာသောလေယာဉ်များကို အင်ဖာတစ်ဝိုက်တွင် တကွဲတပြားစီရှိနေသော လေယာဉ်ကွင်း ၃ ကွင်းသို့ ခွဲ၍ဆင်းစေရသည်။ စစ်သားများမှာ ၃ နေရာကွဲသွားပြီး ပြန်စုရန် အချိန်လိုလာပြန်သည်။

ဗိုလ်ချုပ်ဘာရစ်၏ အမှတ် ၅ တပ်မ ရခိုင်စစ်မျက်နှာမှရောက်လာသည့်အချိန်တွင် အင်ဖာအခြေအနေမှာ ဂျပန်တို့လက်သို့ နေ့ကျမလား၊ ညကျမလားဟု စိုးရိမ်နေရလောက်အောင် ဆိုးဆိုးဝါးဝါးဖြစ်နေတော့သည်။ ဂျပန်တို့သည် လေယာဉ်ကွင်းနှင့် မိုင် ၃၀ ကျော်ကလေးသာကွာသော နေရာသို့ပင် ရောက်ရှိနေပြီ။ ထို့ကြောင့် အချို့သော တပ်ဖွဲ့များမှာ လေယာဉ်ကွင်းပေါ် ခြေချမိသည်နှင့်တစ်ပြိုင်နက် တိုက်ပွဲရှိရာသို့ တန်း၍ ချီတက်ကြရတော့သည်။ အိန္ဒိယသို့ပြန်၍ နားရတော့မည် ထင်လာကြသော သူတို့၏အိပ်မက်သည်လည်း အင်ဖာရောက်သည်နှင့် ပျက်ပြယ်သွားတော့သည်။

တပ်မဟာတစ်ခုမှ ဗိုလ်ချုပ်တစ်ဦးမှာ အင်ဖာလေယာဉ်ကွင်းပေါ်သို့ သက်ဆင်းမိသည်နှင့်တစ်ပြိုင်နက် သူ့တပ်မဟာမှ တပ်ရင်း ၂ ရင်း မာလီကန်တိုက်ပွဲတွင် ပါဝင်တိုက်ခိုက်နေရပြီး အခြားတပ်ရင်း ၁ ရင်းမှာ ကိုဟီမားသို့ ချီတက်ရာတွင် လိုက်ပါသွားကြရကြောင်း ဗိုလ်ချုပ်က

အင်ဖာရောက်မှ သိရတော့သည်။ လီတန်နှင့်ကိုဟီမားမှာ ဆန့်ကျင်ဘက် အရပ်တွင် တည်ရှိနေရာ တပ်မဟာ၏ ဗိုလ်မှူးချုပ်လုပ်သူမှာ မည်သည့် တိုက်ပွဲသို့လိုက်၍ အမိန့်ပေးကွပ်ကဲရမည်ကို မဝေခွဲတတ်အောင် ဖြစ် သွားတော့သည်။ သူသာမဟုတ်၊ တပ်ရင်းမှူးတစ်ဦးမှာလည်း သူ ရောက် လာသည့်အချိန်တွင် သူ့တပ်ရင်းမှ အရင်ရောက်နှင့်နေသော တပ်ခွဲနှစ်ခွဲ သည် ရှေ့တန်းစစ်မျက်နှာသို့ လမ်းစီခွဲ၍ ချီတက်နေကြရကြောင်းကို သတင်းသာကြားရတော့လေသည်။

အင်္ဂလိပ်တို့ ထိုသို့ အရှုံးမီးဝိုင်း ဖြစ်နေကြရခြင်းမှာ ဂျပန်တို့၏ တိုက်ခိုက်ရေးသည် ကြောက်ခမန်းလိလိဖြစ်လာသဖြင့် ဖြစ်သည်။ ထို့ကြောင့် အမှတ် ၄ တပ်မကြီး၏ဌာနချုပ်သည် အင်ဖာရှိ ဘန်ဂလိုများ တွင် ဖွင့်ထားရာမှ အင်ဖာမြောက်ဘက် တောထူထပ်သော တောင်များရှိ ရာသို့ပြောင်းရွှေ့လာခဲ့ရတော့သည်။ ယခင်က တပ်မကြီးဌာနချုပ်နှင့် အမိကလေယာဉ်ကွင်းတည်ရှိရာ စက်ဝိုင်းထဲ၌ပင် ဗိုလ်ချုပ်ကြီးမှအစ အိန္ဒိယအမျိုးသားကူလီအထိ အဆင့်အတန်းအမျိုးမျိုးရှိသူ လူပေါင်း ၅၁၀၀၀ ခန့် ရှိနေခဲ့၏။

ထိုလူများအနက် ၁၆၀၀၀ မှာ လက်နက်ဆို၍ အလျှဉ်းမရှိဘဲ ၁၇၀၀၀ မှာမူ တစ်သက်တွင်တစ်ခါမှ သေနတ်မကိုင်ဖူးသူများ ဖြစ်ကြ ၏။ ဤလူများအနက် တိုက်ပွဲတွင်ပါဝင်နိုင်မည့်လူများအား ရွေးထုတ် လိုက်သောအခါ လက်နက်ကိုင်တပ်သား ၂၅၀၀၀ သာ ရတော့သည်။ ကျန်လူများကို ကုန်းလမ်း၊ ရထားလမ်းမှ အိန္ဒိယပြည်မကြီးသို့ ပြန်ပို့ ထားလိုက်ရ၏။ မတ်လ ၁၅ရက်မှ အပြင်းချီလာသော ဂျပန်စစ်ကြီးသည် မတ်လ ၁၉ ရက်သို့ ရောက်သောအခါ အင်ဖာနှင့် ၃၆ မိုင်သာကွာသော နေရာသို့ ခေါင်းပြူ၍လာတော့သည်။

ဉခရယ် တောင်ဘက် ၈ မိုင်အကွာရှိ သံဂဟာတ်အနီးတွင် အင်္ဂလိပ်

တို့ဘက်မှ အမှတ် ၅၀ တပ်မဟာသည် ဂျပန်တို့၏ ၃၁ တပ်မှ ရှေ့ပြေးချီတပ်များနှင့် အပြင်းအထန်တိုက်ခိုက်နေကြရလေပြီ။

ဤတပ်မဟာသည် နောက်ပိုင်းအချိန်များ၌ လေထီးတပ်နှင့် စစ်ဆင်ရေးပြုလုပ်ရာတွင် အတွေ့အကြုံရစေရန်အတွက်ဟု အိန္ဒိယပြည်အနောက်မြောက်ဒေသမှ ဖေဖော်ဝါရီလကမှရောက်လာခဲ့သောတပ်ဖြစ်သည်။ ဤတပ်မဟာတွင် တပ်ဖွဲ့တစ်ဖွဲ့လျှင် တပ်ရင်းတစ်ရင်းစာစီမပြည့်တတ်သော အမှတ် ၁၅၂ နှင့် ၁၅၃ တပ်ဖွဲ့နှစ်ဖွဲ့၊ အလတ်စားစက်သေနတ်တပ်ဆင်ထားသော တပ်ခွဲတစ်ခွဲ၊ ဝန်ထမ်းတပ်ဖွဲ့တစ်ဖွဲ့နှင့် သူနာပြုတပ်ဖွဲ့တစ်ဖွဲ့လည်း ပါဝင်လာ၏။

အမှတ် ၁၅၂ တပ်ဖွဲ့သည် သံဂဟာတ်သို့ မတ်လ ၁၄ ရက်တွင် ရောက်ရှိလာသည်။ သံဂဟာတ်တွင်တပ်စွဲနေသော အမှတ် ၄၈ တပ်မဟာသည် တီးတိန်လမ်းကြောင်းအတိုင်း ချီတက်ရမည်ဟု အမိန့်ရထားသည့်အတိုင်း လေထီးတပ်မဟာအတွက် စစ်ကူပေးမည့်တပ်အချို့ကို ချန်ထားခဲ့ပြီး မတ်လ ၁၆ ရက်တွင် ထွက်ခွာသွားသည်။

၁၅၂ တပ်ဖွဲ့သည် သံဂဟာတ်သို့ချီတက်လာစဉ် ဒယ်အိုးပိုင်းကြီးနှင့်တူသော လီတန်ကို ဖြတ်သန်းလာခဲ့ရလေသည်။

လီတန်သည် အင်ဖာမှ ၂၅ မိုင်အကွာတွင် တောင်များဝိုင်းရံကာ ဒယ်အိုးပိုင်းသဏ္ဍာန်တည်ရှိနေ၏။ ဤစခန်းတွင် ရိက္ခာများ၊ ခဲယမ်းများ၊ လားနှင့်မြင်းများအတွက် အစာများနှင့် စစ်မြေပြင်သူနာပြုတပ်ဖွဲ့ ထားရှိကာ အမှတ် ၅၀ လေထီးတပ်မဟာ၏အုပ်ချုပ်ရေးဌာန လုပ်ထားသည်။

မတ်လ ၁၅ ရက် ညနေတွင် ၁၅၂ တပ်ဖွဲ့သည် သံဂဟာတ်၌ အသင့်ရှိနေသော ခံကတုတ်ကျင်းများတွင် နေရာယူလိုက်ပြီး အမှတ် ၄၈ တပ်မဟာက စစ်ကူအဖြစ်ချန်ထားခဲ့သော ဒု-ဗိုလ်မှူးကြီးဂျက် ဦးစီးသည့် အမှတ် ၅ ခြေမြန်တပ်က ကျောက်တပ်စခန်း၌ အနားယူသည်။

ထိုညတွင်ပင် ဂျပန်တို့၏ အမှတ် ၁၅ နှင့် ၃၁ တပ်မတို့က ချင်းတွင်းကို စ၍ ဖြတ်ကျော်နေလေပြီ။ သံဂဟာတ်သည် အင်ဖာလွင်ပြင်အဖို့ ရှေ့တန်း စခန်းတစ်ခုအဖြစ် ယခုအချိန်၌ရှိနေသော်လည်း ထို့ထက် ရှေ့တန်းကျ သော စခန်းကြီး ၂ ခု ရှိသေး၏။ ရှယ်ဒွန်ထောင့်ချိုး အရှေ့ဘက်တွင် ကပ်လျက် 'ဘီ'တပ်ဖွဲ့က တပ်စွဲထားရာ 'ပူရိန်း' နာဂရွာ၏ တောင်ဘက်ရှိ တောင်ကုန်းအမှတ် ၇၃၇၈ တွင် 'စီ'တပ်ခွဲက နေရာယူထားသည်။ ဤ စခန်းကြီး ၂ ခုသည် ဥခရယ်သို့ ချဉ်းကပ်နိုင်သည့်လမ်းများကို စောင့်ကြပ် လျက်ရှိ၏။

မတ်လ ၁၇ ရက်တွင် အမှတ် ၅၀ လေထီးတပ်မဟာဌာနချုပ် သည် သံဂဟာတ်သို့ရောက်လာ၏။ ၁၅၃ တပ်ဖွဲ့မှာမူ လမ်း၌ပင် ရှိနေ သေး၏။ ဤအချိန်၌ ဥခရယ် အရှေ့တောင်ဘက် ၁၂ မိုင်အကွာရှိ 'ဒီ' တပ်ဖွဲ့က သူတို့စခန်းကို အင်အား ၅၀ ခန့်ရှိသော ဂျပန်ရှေ့ပြေးတပ်များ လာတိုက်နေပြီဖြစ်ကြောင်း သတင်းပို့လာ၏။

မတ်လ ၁၈ ရက် နေ့လယ်သို့ရောက်သောအခါ ပူရိန်းရွာမှ နာဂ အချို့ရောက်လာကြပြီး သူတို့ရွာတွင် ဂျပန်စစ်သားများရောက်နေကြောင်း အရေအတွက် မည်မျှရှိမည်ကို မသိရကြောင်းဖြင့် 'စီ'တပ်ခွဲထံ သတင်းပို့ ပြန်သည်။ ပူရိန်းမှ ဥခရယ်သို့လာသောလမ်းပေါ်တွင် ခွ၍ နေရာယူထား သော 'စီ'တပ်ဖွဲ့သည် တပ်ခွဲတစ်ခုလုံးကို တပ်လှန့်ထားကာ မတ်လ ၁၈ ရက် တစ်ညလုံး အထူးသတိဝီရိယထား၍ စောင့်နေကြလေသည်။

သို့သော် ဂျပန်တို့သည် ၁၉ ရက် နံနက် ၈ နာရီလောက်က ပူရိန်းရွာမှ ထွက်ခွာသွားကြကြောင်း သတင်းပို့လာသည်။ ကင်းထောက် အဖွဲ့ကလည်း ရန်သူအင်အား ၂၀၀ ခန့်ရှိကြောင်း သတင်းပို့သည်။ အမှန်က ဂျပန်တို့သည် အင်္ဂလိပ်တို့အား စစ်ပွဲကို လှည့်စားခြင်းသာ။

နံနက် ၉ နာရီခန့်တွင် ရှယ်ဒွန်ထောင့်ချိုး၌ အပန်းဖြေနေသော

အမှတ် ၅ ခြေမြန်တပ်မှ ဒု–ဗိုလ်မှူးကြီးဂျက်နှင့် သံဂဟတ်တွင် နေရာယူထားသော အမှတ် ၁၅၂ တပ်ဖွဲ့တို့သည် လူအင်အား ၇၀၀ မှ ၉၀၀ အတွင်းရှိသော ဂျပန်တပ်ရင်းတစ်ရင်း ချီတက်လာသည်ကို ကြည့်ကင်းစခန်းမှနေ၍ မြင်ကြရ၏။ ဤမျှများပြားသော ရန်သူများတက်လာသည်ကို မြင်ကြရသောအခါ အားလုံးလိုလိုပင် မျက်လုံးပြူးကုန်တော့သည်။ များမကြာမီပင်'စီ' တပ်ခွဲတပ်စွဲနေသော တောင်ကုန်းဘက်မှ ပစ်ခတ်သံများ ပေါ်လာတော့၏။

'စီ'တပ်ခွဲအား ချက်ချင်းအကူအညီပေးရန်နှင့် ဥခရယ်သို့ ရောက်နိုင်သည့် တောလမ်းဟူသမျှကိုပိတ်ဆို့ထားရန် အပူတပြင်း စီစဉ်ကြရတော့၏။

အမှတ် ၅၀ လေထီးတပ်မဟာ၏ ဗိုလ်မှူးချုပ်သည် ရှေ့တန်းစခန်းများသို့ ကိုယ်တိုင်ကိုယ်ကျ လာရောက်ကြည့်ရှု၏။ သို့သော် ၁၅၃ တပ်ဖွဲ့သည် ယခုတိုင် သံဂဟတ်သို့ ရောက်မလာသေးသည့်အတွက် မည်သို့မျှ အကူအညီမပေးနိုင်ဘဲ ဖြစ်နေသည်။ 'စီ' တပ်ခွဲသည် ၁၉ ရက် တစ်ညလုံး မိမိတောင်ကုန်းကို တက်၍သိမ်းရန် တိုက်စစ်ဆင်လာသော ရန်သူတို့ကို ၂ ကြိမ်တိုင်တိုင် သဲသဲမဲမဲခုခံ၍ မောင်းထုတ်ပစ်နိုင်ခဲ့သည်။ သို့သော် အကျအဆုံးကားများပြားလှသည်။

တပ်ခွဲမှူးနှင့် အင်္ဂလိပ်အရာရှိတစ်ဦးမှာ ဤတိုက်ပွဲတွင် ကျဆုံးသွားခဲ့သည်။ 'စီ'တပ်ခွဲအားစစ်ကူပေးပါရန် လွှတ်လိုက်သော တပ်ခွဲ၏ သတင်းကိုလည်း ဘာမှမကြားရသေး။ မတ် ၂၀ ရက်တွင် အမှတ် ၅၀ လေထီးတပ်မဟာမှ ဒုတပ်မတော်မှူးသည် သံဂဟတ်မှ ရှယ်ဒွန်ထောင့်ချိုးရှိ တပ်မဟာမှူးထံသို့ ဒု–ဗိုလ်မှူးကြီးဂျက်နှင့်အတူ ရောက်ရှိလာသည်။ ဤအချိန်တွင် အင်္ဂလိပ်အရာရှိဆို၍ တစ်ဦးတည်းသာ အသက်ရှင်လျက် ကျန်ရှိခဲ့သော 'စီ'တပ်ခွဲမှ ဗိုလ်တစ်ယောက်က ရန်သူသည်

တပ်ခွဲအား တဖြည်းဖြည်း ဝါးမျိုလျက်ရှိသဖြင့် ဆုတ်ခွာလာတော့မည်ဟု သတင်းပို့နေသည်။ 'စီ'တပ်ခွဲမှ လူအယောက် ၂၀ လောက်သာ အမှတ် ၇၃၇၈ တောင်ကုန်းတိုက်ပွဲ၌အသက်ရှင်၍ ရက်သတ္တပတ်ပေါင်း အတန်ကြာမှ ပြန်ရောက်လာနိုင်ကြသည်။

အမှတ် ၇၃၇၈ တောင်ကုန်းမှ 'စီ'တပ်ခွဲ၏ကြမ္မာကို သိရသည်နှင့် တစ်ပြိုင်နက် တက်လာသောရန်သူအား အင်အားနည်းသော တပ်ဖွဲ့ကလေးများနှင့် ပြန်၍ခုခံနေကြခြင်းမှာ ကိုယ့်သေတွင်းကိုယ်တူးရာရောက်ကြောင်း သိလာသော ဒုတပ်မဟာမှူးသည် တပ်ဖွဲ့အားလုံးအား ရှယ်ဒွန်ထောင့်ချိုးမှနေ၍ စုပေါင်းခုခံတိုက်ခိုက်ကြရန် ညွှန်ကြားခဲ့သည်။

အမြဲစိမ်းလန်းစိုပြည်လှသည့် သစ်တောများနှင့် တောတောင်ထူသည့်ဒေသတွင် ရေရှားသည်ဆိုသည်မှာ ယုံတမ်းစကားပင် ဖြစ်စရာဖြစ်သည်။ သို့သော် ရန်သူကိုခုခံနေရသော တပ်ဖွဲ့များအဖို့ကား တကယ်ပင် ရေရှားနေတော့၏။ ထို့ကြောင့် ၁၅၂တပ်ဖွဲ့မှ တပ်ရင်းမှူးသည် ခဲယမ်းမီးကျောက်နှင့်ရေကို လေယာဉ်နှင့်အမြန်ချပေးရန် တောင်းဆိုရတော့သည်။

မတ်လ ၂၁ ရက် အရုဏ်တက်သို့ရောက်သောအခါ ၁၅၂ တပ်ဖွဲ့နှင့် ဂျက်၏တပ်ရင်းမှတပ်များသည် စစ်ကူရောက်လာသော ၅၈၂ မော်တာတပ်ဖွဲ့နှင့်အတူ ရှယ်ဒွန်ထောင့်ချိုးတစ်ဝိုက်တွင် စုရုံးလျက်ရှိပြီး တပ်ဖွဲ့အားလုံးကို ဂျက်က ဦးစီးအုပ်ချုပ်နေရသည်။

'စီ'တပ်ခွဲထွက်ခွာခဲ့ရာတောင်ကုန်းသို့ ကင်းထောက်အဖွဲ့များ စေလွှတ်၍ ထောက်လှမ်းရာတွင် ရန်သူတပ်ရင်းတစ်ရင်းသည် ကတုတ်ကျင်းများတူးနေပြီး ကျဆုံးသူများကို လမ်းဘေးတွင် စုပုံမြှုပ်ရန် သယ်ယူနေကြကြောင်း သိရသည်။ ထိုနေ့ နေ့လယ်တွင် အမှတ် ၅၀ လေထီးတပ်မဟာမှူးထံမှ ဂျက်အား ရှယ်ဒွန်ထောင့်ချိုးနှင့် သံဂဟာတ်ကြားရှိ

ကျောက်တပ်စခန်းသို့ ထိုနေ့ညဉ့် ဆုတ်ခွာလာရန် အမိန့်ရောက်လာသည်။ ဂျက်သည် ထိုနေ့တစ်နေ့လုံးပင် သယ်ယူနိုင်သမျှပစ္စည်းများကို ထုပ်ပိုးစေကာ မီးရှို့ဖျက်ဆီးရင်း မှောင်စပျိုးလာ၏။ ဤအချိန်တွင် ဂျက်၏ဌာနချုပ်က ၎င်းပို့နေကျ ရိက္ခာနှင့်ခဲယမ်းများကို မပို့ဘဲထားပါဟု အမိန့်ပေးပါရန်မေ့သွားရာ အရေးထဲလေယာဉ်များက ရိက္ခာနှင့်ခဲယမ်းများ လာချပေးနေပြန်သည်။ ဂျက်မှာ နောက်ထပ်ရောက်လာသောပစ္စည်းများကို မီးရှို့ဖျက်ဆီးနေရသဖြင့် တာဝန်တစ်ခုပိုလာတော့မှ အမိန့်ပေးရန် သတိရတော့သည်။

အင်ဖာပတ်ဝန်းကျင်ရှိ ခံတပ်များအားလုံးလိုလိုပင် ဤသို့ အိုးနင်းခွက်နင်းဖြစ်နေကြသောရက်များ၌ အင်ဖာဆေးရုံတွင်လည်း – မတ်လ ၉ ရက်တွင် ဂျပန်စစ်ကြီးချီလာပြီဟူသော သတင်းကြောင့် အင်ဖာဆေးရုံရှိ လူနာများနှင့် သူနာပြုဆရာမကြီးများအား ထိုနေ့နေ့လယ်တွင် အင်ဖာမှပြောင်းရွှေ့ရန် အမိန့်ရောက်လာသည်။ ထို့ကြောင့် လူနာ ၄၀၀ ခန့်ကို မော်တော်ကားများဖြင့်တင်၍ ကိုဟီးမားသို့ပို့ပေးနေပြီး ဆေးပစ္စည်း ဆေးကုသမှုနှင့်ဆိုင်သောကိရိယာများကို ထုပ်ပိုးနေကြရသည်။ ဤအချိန်တွင် အမိန့်သစ်တစ်ခု ထပ်မံ၍ရောက်လာပြန်၏။

ဆေးရုံကို လူနာ ၅၀၀ ထားနိုင်အောင်ပြုပြင်၍ နောက်တစ်နေ့ ပြန်ဖွင့်ပါဟူသောအမိန့်တည်း။ ထို့ကြောင့်လည်း စစ်မက်ကြီးဖြစ်ပွားချိန်တွင် ကသုတ်ကရက်နှင့် ရုတ်တရက်ပေါ်လာသောအခြေအနေ၊ အဖြစ်အပျက်များကို နေ့စဉ်မှတ်တမ်းများဖြင့် မော်ကွန်းတင်ခဲ့သောဆေးမှူးကြီး တက်ဆာဆဲ(လ်)၏ မှတ်တမ်းမှာ အလွန်ပင် သံဝေဂရစရာကောင်းလေသည်။

မတ်လ ၁၂ ရက်။

အခြေအနေတွေ ရှုပ်ထွေးနေသည်။ ထုပ်ပိုးထားပြီးဖြစ်သော ဆေး

များ၊ ဆေးကိရိယာများနှင့် ဆေးရုံကိုပြန်ဖွင့်နိုင်ရန် ကြိုးစားရသည်။ ခွဲစိပ်ကုသသည့် ဆရာဝန်အဖွဲ့က ကိုမီလာသို့ လေယာဉ်ဖြင့် ထွက်ခွာကြပြီဖြစ်၏။ မြေငလျင်အနည်းငယ်လှုပ်၏။ မတ်လ ၁၇ ရက်တွင် သူနာပြုဆရာမကြီးအားလုံးနှင့် အင်္ဂလိပ်အမျိုးသမီးအားလုံးကို မော်တော်ကားဖြင့်လည်းကောင်း၊ လေယာဉ်ဖြင့်လည်းကောင်း အင်ဖာမှအိန္ဒိယသို့ ပို့လိုက်ရသည်။ အမျိုးသမီးအားလုံးက အင်ဖာမှထွက်ခွာရန် ငြင်းဆန်နေကြသော်လည်း အာဏာပိုင်များမှာ မိမိတို့နှင့်ရင်ဆိုင်ကြရမည့် ရန်သူ့အကြောင်းကို နောကျေအောင်သိနေပြီးဖြစ်သဖြင့် အမျိုးသမီးများ၏ဆန္ဒကို ခေါင်းမာစွာနှင့်ပင် ငြင်းဆန်ခဲ့ရလေသည်။

သူနာပြုဆရာမချုပ်ဖြစ်သော မိုနီကာမက်ဒေါ်နယ်မှာ မတ်လ ၁၇ ရက်၌ ပုလဲအထက်ဘက်ရှိ သူနာပြုစခန်းတစ်ခုသို့ ရောက်ရှိနေပြီး ရောက်လာသမျှလူနာများကို နေ့မအားညမအား ပြုစုကုသပေးနေရသည်။ စစ်မြေပြင်တွင် သူနာပြုအဖွဲ့နှင့် ဆေးစစ်မှူးမှာ ညဘက်တွင် အိပ်ရသည်ဟု မရှိဘဲ အရေးတကြီးရောက်လာသော လူနာများကို ခွဲစိတ်ကုသနေကြရသဖြင့် အပြင်တွင် တိုက်ပွဲအခြေအနေ မည်ကဲ့သို့ဖြစ်ပျက်နေသည်ကိုပင် မသိနိုင်အောင် ရှိနေ၏။ ရေကို ချောင်းအတွင်းဆင်း၍ လားများဖြင့်သယ်ယူရသဖြင့် သူနာပြုစခန်းအတွက် လုံလောက်သည်ဟူ၍မရှိ။ ထို့ကြောင့် ရေတစ်ဇလုံကိုပင် သွန်မပစ်ရက်ဘဲ ထပ်တလဲလဲသုံးနေရတော့သည်။

မတ်လ ၁၇ ရက် နံနက်တွင် သူနာပြုဆရာမချုပ် မိုနီကာမက်ဒေါ်နယ်နှင့်အတူ သူနာပြုဆရာမကြီး စုစုပေါင်း ၄ ဦးတို့သည် အပြင်းအထန်ဒဏ်ရာရနေသောလူများကို သူနာပြုကား ၄ စီးဖြင့် ပုလဲမှအင်ဖာအရောက်ပို့ပေးပြီး အင်ဖာမှဒိုင်နာပူသို့ လေယာဉ်ဖြင့်ခရီးဆက်စေသည်။ အခြေအနေမှာ ပို၍ဆိုးလာခဲ့ပြီ။ ဆေးမှူးကြီးတက်တာဆဲ(လ်)၏ နေ့စဉ်

မှတ်တမ်းစာအုပ်ကို ပြန်၍လှန်ကြည့်လိုက်လျှင် –

မတ်လ ၂၂ ရက်။

လူနာ ၃၆၀ ကို လေယာဉ်နှင့် ပို့ပေးလိုက်သည်။ စစ်ပြေးဒုက္ခသည် စခန်းကြီးတစ်ခုကို ဆေးရုံလုပ်ထားရသည်။ သို့သော် ဆရာဝန်များတွင် ဆေးကိရိယာလည်းမရှိ၊ ဆရာဝန်ဝတ်စုံလည်းမရှိ။ ဆေးအဖွဲ့သား ၆ ဖွဲ့တော့ရှိသည်။

မတ်လ ၂၃ ရက်။

ထိုင်နိုင်သောလူနာများအား တစ်နေ့လုံး လေယာဉ်ဖြင့် ပို့နေရ၏။ သို့သော် ရှိသည့်လူနာမကုန်ခင် လူနာအသစ်များ ထပ်၍ရောက်လာသည်။ အခန်းများ တိုးချဲ့ရတော့၏။ ရန်သူဂျပန်များ မိုင် ၃၀ အကွာသို့ရောက်နေပေပြီ။ ယခုအချိန်တွင် အရာအားလုံးသည် စစ်ဆန်နေတော့၏။

ဆေးရုံပတ်ပတ်လည်တွင် စစ်တပ်များချထားသည်။ ဆေးရုံသို့ ဝင်သောအခါ စကားဝှက်ကိုပြော၍ ဝင်နေကြရသည်။ လေယာဉ်အသွား အလာမှာမူ ခါတိုင်းလိုပင် အချိန်မပျက်။

မတ်လ ၂၈ ရက်။

သူနာပြုကားများနှင့်ထရပ်ကားများ တသီတတန်းကြီး ရောက်လာသည်။ ကားပေါ်တွင် ပါလာသောသူများသည် ဖျားနာသူ အများအပြားပါလာပြီး ဒဏ်ရာရသူ အနည်းငယ်သာရှိသည်။ ဆေးရုံတစ်ခုလုံး လျှံနေသည့်အပြင် ဝရန်တာများ၌လည်း ပြည့်ကျပ်နေပြီ။

မတ်လ ၁၈ ရက်မှာ ဆေးမှူးကြီး တက်ကာဆဲ(လ်) အပါအဝင် အမှုထမ်းကြရသော အမှတ် ၁၄ အထွေထွေဆေးရုံကြီး၏ ရာဇဝင်တွင် စာတင်ထိုက်သောနေ့တစ်နေ့ ဖြစ်သည်။ ထိုနေ့တွင် ဆေးရုံကြီးမှ ဆေးအဖွဲ့တစ်ဖွဲ့သည် အိန္ဒိယပြည်ဒေလီနှင့် လက်ခနောင်းမြို့ နှစ်မြို့ကြား တွင်ရှိသော ဘရီလီမြို့မှ လူနာ ၆၀၀ အတွက် ဆေးနှင့်ဆေးကိရိယာများ

ပါသည့် တန်ချိန် ၄၅၀ ရှိသော ပစ္စည်းများနှင့်အတူ မိုင် ၂၀၀၀ ဝေးကွာသည့် ကန်ဂလားတုန်ဘီသို့ လေကြောင်းဖြင့်ရောက်ရှိလာကာ ရှေ့တန်းစစ်မြေပြင်တွင် ဆေးရုံတစ်ရုံဖွင့်လှစ်နိုင်သောကြောင့်ဖြစ်သည်။

စစ်ဘက်ဆိုင်ရာတို့က ဤဆေးရုံပတ်ဝန်းကျင်သို့ ရန်သူများ ဝင်ရောက်မလာနိုင်အောင် ကာကွယ်ပေးထားသဖြင့် စိုးရိမ်ရန်အကြောင်းမရှိကြောင်း ဆေးအဖွဲ့အား စောစောကပင်ပြောထားခဲ့သည်။ ဆေးရုံမှာ မြက်ပင်နှင့်သစ်ပင်များထူထပ်သော ချိုင့်ဝှမ်းတစ်ခုကို ရှင်းလင်း၍ အုတ်ဖြင့်ဆောက်လုပ်ထားသော ခွဲစိတ်ကုသခန်း၊ ဓာတ်မှန်ခန်းနှင့် လူနာများအတွက် တဲကြီးထိုးကာ သန့်သန့်ပြန့်ပြန့် ကျယ်ကျယ်ဝန်းဝန်းဆောက်ထားသည်။

ဆေးရုံစဖွင့်မည့်နေ့မှာ ဧပြီလ ၁ ရက်၊ စနေနေ့ဖြစ်သည်။ မတ်လ ၂၈ ရက်၊ အင်္ဂါနေ့တွင် ဆေးအဖွဲ့ရောက်လာပြီး ပါလာသည့် ဝန်စည်စလယ်များကို ကန်ဂလားတုန်ဘီတွင်ရှိနေသော အရပ်သား အလုပ်သမားများက သယ်ယူ၍ ဆေးရုံအတွင်း နေရာတကျစီစဉ်သည်။ ထိုနေ့ညဘက်တွင် နယ်လှည့်ရုပ်ရှင်အဖွဲ့က တောတွင်းတိုက်ပွဲများပါသော 'သည်လတ်(စ်) အော့သည် မိုဟီကန်' ရုပ်ရှင်ကားကိုပြသည်။

ထိုနေ့ညနေသို့ရောက်သောအခါ တယ်လီဖုန်းဖြင့် အမိန့်တစ်ခုရောက်လာသည်။ အမိန့်မှာ ဆေးနှင့်ဆေးကိရိယာများကိုထုပ်ပိုး၍ ၃ ရက်အတွင်း ဆေးရုံက ထွက်ခွာသွားကြရမည်ဟူသော အမိန့်တည်း။ မတ်လ ၂၉ ရက် နေ့လယ်တွင် လူနာ ၅၀၀ အား လက်ခံကုသပေးရန် အသင့်ဖြစ်နေခဲ့သောဆေးရုံမှာ လမ်းဘေးတွင် အထုပ်အပိုးများအဖြစ်သို့ စုပုံရောက်နေတော့၏။ ဤဆေးနှင့်ဆေးကိရိယာများသည် ဒိုင်နာပူသို့ မော်တော်ကားတို့ဖြင့် ရောက်ကြရဦးမည်။ ထိုမှတစ်ဆင့် လေယာဉ်ဖြင့် ကိုမီလာသို့ ပြန်ကြရပေဦးမည်။ သံသရာလည်လိုက်ပုံမှာ မြန်ဆန်လွန်းလှချေသည်

တကား။

❋❋❋

ညမှောင်စပြုလာသောအခါ၌ နောက်ဆုံးကျန်နေသော လော်လီကားက ဂီယာသွင်း၍ ကိုဟီမားထိ ခရီးပြင်းနှင်ရန် ဟန်ချီလိုက်သည်။ ကားပေါ်တွင် ဆေးပေးခန်းမှ ပစ္စည်းကိရိယာများနှင့်အတူ အင်္ဂလိပ်တပ်ကြပ်ကြီးတစ်ဦး လိုက်ပါလာသည်။ ၎င်းတပ်ကြပ်ကြီးမှာ ဤအချိန်ကစ၍ နောက်လာမည့် ၃ လအတွင်း ကိုဟီမားလမ်းကို နောက်ဆုံးသွားခဲ့ဖူးသည့် တစ်ဦးတည်းသော အင်္ဂလိပ်စစ်သား ဖြစ်လာတော့သည်။

အဘယ့်ကြောင့်ဆိုသော် ဂျပန်တို့သည် အင်ဖာ–ကိုဟီမားလမ်းကို ထိုနေ့ည ၈ နာရီကစတင်၍ ဖြတ်တောက်လိုက်နိုင်သောကြောင့်တည်း၊ အိန္ဒိယပြည်၏ အရှေ့ဘက်ခြမ်းတွင် ထိုသို့ အိုးနင်းခွက်နင်း ဖြစ်နေကြစဉ် အိန္ဒိယပြည်၏ အနောက်ဘက်ခြမ်း၌မူ ကျောင်းသူ၊ ကျောင်းသားများ ကျောင်းတက် စာမေးပွဲဖြေ မပျက်ကြသေး။ ဈေးသူ၊ ဈေးသားများလည်း ဈေးရောင်းမပျက်သေး။ ကုန်သည်များလည်း အရောင်းအဝယ် မပျက်ကြသေး။ ဆင်းမလားမြို့၌လည်း ပုံမှန်အနေအထားနှင့် ရုံးသွားရုံးပြန် မှန်မှန်ကြီး ရှိနေကြတုန်း။ သို့သော်အိန္ဒိယပြည်၏ အရှေ့ဘက်ခြမ်းက၊ အထူးသဖြင့် အာသံပြည်၏ ရွှေမြို့တော် အင်ဖာသတင်းကိုတော့ လူတိုင်းလိုလို စိတ်ဝင်စားနေကြ၏။

ထို့ကြောင့် မြတ်ချမ်းအောင်က ကျန္တုရကို–

"နောက်ကော ဘာကြားခဲ့သေးလဲကွ"

ဟု မေးလိုက်ရာ –

"ဆူဘတ်ချန္ဒရာဘို့(စ်)ကိုယ်တိုင် ဂျပန်စစ်တပ်ကြီးနဲ့ အိန္ဒိယကို ဝင်လာလိမ့်မယ်လို့လည်း ပြောနေကြတယ်ကွ"

ကျန္တုရ၏စကားကို ကြားလိုက်ရသောအခါ မြတ်ချမ်းအောင်မှာ ဟင်ခနဲ ဖြစ်သွားသည်။

ဆူဘတ်ချန္ဒရာဘို့(စ်)ဆိုသည်မှာ အိန္ဒိယမှ နိုင်ငံရေးခေါင်းဆောင်တစ်ဦးဖြစ်သည်။ အင်္ဂလိပ်အုပ်ချုပ်ရေးကို အာခံ၍ အိန္ဒိယလွတ်လပ်ရေးအတွက် ၁၉၄၁ ခုနှစ်က အိန္ဒိယမှထွက်ပြေးသွားသူ ဖြစ်၏။ သူသည် ယခု ဂျပန်တို့ဘက်တွင် ရှိနေသည်။ အိန္ဒိယအမျိုးသားတပ်မတော်ကို မလေးရှားသို့ ရောက်ရှိနေသော အိန္ဒိယအရပ်သားများ၊ အစိုးရအမှုထမ်းများ၊ စစ်သုံ့ပန်းများကို ဦးဆောင်၍ စစ်တပ်ကြီးဖွဲ့နေသည်။ ဂျပန်များ မလေးရှားသို့ ဝင်ရောက်လာပြီးနောက် ဖွဲ့စည်းလိုက်သော အိန္ဒိယတပ်မတော်ကြီးကို သူဦးဆောင်သော ဂျပန်တို့နှင့်အတူ အိန္ဒိယကို ဝင်လာလိမ့်မည်ဟု အင်္ဂလိပ်အုပ်ချုပ်ရေးကို တော်လှန်ပုန်ကန်လိုသော ကျောင်းသားလူငယ်များက ဝါဒဖြန့်နေကြ၏။

"နောက်ကောကွ ကျန္တုရ"

"ကြားနေ၊ ပြောနေကြတာကတော့ အစုံပဲကွ၊ အခု မဏိပူရမှာ ကလေးတွေအော်ဆိုနေတဲ့ တဘောင်တစ်ခုလည်း ပေါ်နေတယ်တဲ့ကွ"

"ဟုတ်လား၊ ပြောစမ်းပါဦးကွာ။ ဘယ်လို တဘောင်လဲ"

"တဘောင်က အရှေ့ဘက် တံခါးကြီးလည်း ပွင့်လတ္တံ့၊ မဏိပူရပြည်ကြီးလည်း ပျက်လတ္တံ့တဲ့ကွ"

ကျန္တုရကြားခဲ့သည်မှာ အမှန်ပင်ဖြစ်သည်။

ကလေးတွေ အော်အော်ဆိုနေကြသော ထိုတဘောင် စကားကို လူကြီးတွေကလည်း အင်ဖာဂယက်ကြောင့် ယုံကြည်နေကြသည်။ မဏိပူရပြည်ကြီးတွင် စစ်ကြီးဖြစ်လာလိမ့်မည်ဟု အဓိပ္ပာယ်ကောက်နေကြ၏။

ပုရောဟိတ်ကြီးအချို့ကလည်း ဂျပန်နှင့်ဖြစ်ပွားနေသော စစ်မှာ

ဟိန္ဒူပုရာဏ်ကျမ်းများတွင် လာရှိသည့်အတိုင်း ဖြစ်သည်ဟု ဆိုကြသလို အချို့သောပဏ္ဍိတ်ကြီးများကမူ ယခု စစ်သည်ပုရာဏ်ကျမ်းများ၌ လာရှိသော စစ်မဟုတ်သေးကြောင်း၊ ပုရာဏ်ကျမ်းများ၏ အဆိုမှာ "မဏိပူရပြည်ကြီးတွင် မင်းသုံးပါးဆုံလိမ့်မည်။ အရိုး တောင်လိုပုံလိမ့်မည်။ ထိုမင်းသည် အရှေ့ဘက်မှ ကြွချီလာလိမ့်မည်"ဟု လာရှိကြောင်း၊ ယခုထက်ကြီးကျယ်သော စစ်ကြီး ဖြစ်ရဦးမည်ဟု ဟောကိန်းထုတ်ကြသည်။

မင်းသုံးပါး မဏိပူရပြည်ကြီး၌ ဆုံလိမ့်မည်ဆိုသည်၏ အဓိပ္ပာယ်မှာ အင်္ဂလိပ်၊ ဂျပန်၊ အိန္ဒိယသား၊ ချန္ဒရာဘို့(စ်)တို့ သုံးဦးကို ဆိုလိုသည်။ ပုဆိုးဝတ်အနီနှင့် မင်းကနိုင်လိမ့်မည် ဆိုသည်မှာ အိန္ဒိယ၌ မင်္ဂလာပွဲများ၌ အိန္ဒိယသားတို့သည် ဦးပေါင်းအနီ၊ ပုဆိုးဝတ်ရုံအနီကို ခြုံလွှမ်းကြရသော အစဉ်အလာရှိသည်ဖြစ်၍ ချန္ဒရာဘို့(စ်)သည် မုချကေန္ဒ မင်းဖြစ်လိမ့်မည်ဟုလည်း ကောက်ချက်ဆွဲကြသည်။

မဏိပူရပြည် မဟာရာဂျာ၏ ပုဏ္ဏားတော်ကြီးကမူ "မဏိပူရပြည်တွင် ကပ်ကြီးသုံးပါးဆိုက်လိမ့်မည်။ ထိုကပ်ကြီးသုံးပါးကို ကျော်နင်းလွန်မြောက်ရန်အတွက် မြတ်သောမင်းကြီးက အမျိုးဂုဏ်သိက္ခာ မြင့်မြတ်သော သတို့သမီးတစ်ဦးအား ဒုတိယ နန်းမတော်ကြီးအဖြစ် ချီးမြှောက်ကောက်ယူတော်မူပါလော့။ ဤသို့ ယတြာပြုခြင်းဖြင့် မဏိပူရရွှေပြည်သို့ ရောက်လာသော ရန်သူဂျပန်တို့၏ စစ်ကြီးသည် နေလာလျှင် နှင်းပျောက်သကဲ့သို့ ကြေပျောက် လွင့်စဉ်ကုန်ပါလိမ့်မည်ဘုရား"ဟု ဇာတာစန်းလဂ်တို့ကို တွက်ချက်၍ လျှောက်ထားသည်။

ထို့ကြောင့် မဏိပူရပြည်ကြီး၏ မဟာရာဇာ မြတ်သော မင်းကြီးသည် ပုဏ္ဏားတော်ကြီး အခါပေးသည့်အတိုင်း ကမလာဘတ္တဒေဝီ အမည်ရှိသော အမျိုးဂုဏ်သိက္ခာလည်း မြင့်မြတ်သည့် သတို့သမီးငယ်ကို

ဒုတိယကြင်ရာတော်အဖြစ် စုလျားရစ်ပတ် လက်ထပ်တော်မူလိုက်လေသည်။

"မင်းပြောသလိုသာဆိုရင်တော့ ဒုက္ခပဲကွာ။ ငါ့အဖေကလည်း ဆင်းမလားနဲ့ ကာလကတ္တား၊ ဒါမှမဟုတ် အမျိုးရှိတဲ့ တစ်နေရာရာမှာ သွားနေ၊ အရှေ့ဘက်ကို ပြန်မလာနဲ့။ သူတို့အစိုးရ အုပ်ချုပ်ရေးတောင် မရေရာသေးဘူးလို့ ပါတယ်ကွ"

"မင်းအဖေပြောတာ ဟုတ်တယ်ကွ။ သူတို့ အစိုးရအုပ်ချုပ်ရေးက လူကြီးတွေ ပိုသိမှာပေါ့။ ဒီတော့ မင်းဘာမှ ဒုက္ခမနေနဲ့၊ ငါနဲ့ ဟိုး(လ်)ဂါမာမှာ လိုက်နေ။ ဟိမဝန္တာကိုကျော်ပြီး ဂျပန်မကလို့ ဘယ်နတ်ဆိုးမှ မလာနိုင်ပါဘူး။ တို့အရပ်က သိပ်အေးချမ်းတာ။ ဒီမှာသာ ဂျပန်ကို ကြောက်လို့ တောင်ပြေးရမလား၊ မြောက်ပြေးမလား ပြောနေကြပေမဲ့ ငါ့အဖေ စာထဲမှာတော့ ဂျပန်ဆိုတဲ့ စာလုံးတစ်လုံးမှ မပါဘူး။ ကျောင်းပိတ်ရင် ပြန်လာဖို့ပဲပါတယ်။ မင်းမနှစ်ကပင် ငါတို့ဆီ လိုက်မယ်ဆိုတာ လည်း စိန့်မြောင်ဘုရားပွဲမှာ ဘဒ်ရာဘင်က အမျိုးတွေနဲ့ တွေ့ဖို့ဆိုပြီး ပြန်သွားတာ။ ဒီနှစ်တော့ မင်းလည်း အများသူငါလို စစ်ပြေးဒုက္ခသည် အဖြစ် ငါတို့ ဟို(လ်)ဂါမာလိုက်ခဲ့ပါ သူငယ်ချင်းရာ။ ကျောင်းပြန်ဖွင့်မှ အတူ ပြန်လာကြတာပေါ့နော်"

ကျွန္တုရကမူ သူတို့ရွာ၌ တစ်နွေလုံးနေရန် ခေါ်နေ၏။ သို့သော် မြတ်ချမ်းအောင်အနေမှာ မိမိအရပ်ကိုပြန်ပြီး မိသားစုနှင့်လည်း တွေ့ချင် နေသေး၏။ လက်ရှိအခြေနေအရ ဂျပန်ကလည်း အိန္ဒိယကို လာမသိမ်း ဟု မပြောနိုင်။ သူ့အဖေစာထဲမှာမူ ဤနှစ်နွေမှာ အရှေ့ဘက်ကမ်းကို လုံး၀ မလာဖို့မှာသည်။

"မြတ်ချမ်း မင်း ဘာတွေဝေနေတာလဲ၊ ငါတို့အရပ်ကသိပ် အေးချမ်းပါတယ်ဆို။ ဘာစစ်မှ ကြောက်စရာ မလိုဘူး။ ငါနဲ့လိုက်

သွားတယ်ဆို မင်းအိမ်သားတွေကလည်း စိတ်ချမယ်။ မင်းအဖေနဲ့ ငါ့အဖေလည်း တွေ့ဖူးကြတာပဲ။ ဘာမှစဉ်းစားမနေနဲ့၊ ငါနဲ့သာလိုက်ခဲ့ပါ။ ငါတို့အိမ်ကလည်း မင်းကို အားလုံးကြိုဆိုနေကြမှာပါ။ ဒီကိုလာတိုင်း အမြဲညနေစာ ခေါ်ခေါ်ကျွေးတဲ့ ငါ့အစ်ကိုကြီးဆိုလည်း မင်းကို လာလည်ဖို့၊ လိုက်လာဖို့၊ ကျောင်းပိတ်ရင် ငါနဲ့အတူ အမြဲမှာနေကျပဲဟာ။ ဆင်းမလားမှာဈေးကြီးတဲ့ ဆိတ်နို့လည်း ငါတို့ဆီ လိုက်လာဖို့ပေါမှပေါ ကွာ။ ဆိတ်နို့တင်မကဘူး၊ ကုလားအုတ်နို့ သောက်ချင်လည်း သောက်ရမယ်။ မင်း တစ်နေ့ဘယ်နှပိဿာသောက်မလဲ။ ငါတို့အမျိုးတွေ လာပို့တာ ငါ့ဒေါ် (စဥ္စအိုး) နဲ့ တည်ပေးထားမယ်။ ဟဲဟဲ ခု အခွင့်အရေးပဲကွ၊ လိုက်ခဲ့စမ်းပါနော"

မြတ်ချမ်းအောင်မှာ နောက်ဆုံးတော့ ကျန္နုကို ခေါင်းညိတ်ပြလိုက်ရလေသည်။

❋ ❋ ❋

စာမေးပွဲပြီး၍ ၃ ရက်အကြာမှာပင် ကျန္နု၏အစ်ကိုကြီး ဆောနက်ရောက်လာသည်။ အချိန်မှာ ညနေ ၅ နာရီခန့်ရှိပြီ။

"အနဲ(မ်)၊ ကျွန်တော်တို့ကို လာခေါ်တာလား"

"အေးပေါ့၊ မင်းတို့ကို ခေါ်ရင်းဆိုပါတော့။ ဘယ့်နှယ်လဲ၊ မင်းတို့ နှစ်ယောက် မက်ထရစ်ဖြေနိုင်ကြလား"

"ဖြေနိုင်ကြပါတယ် အနဲ(မ်)"

မြတ်ချမ်းအောင်က ဆောနက်ကို ကျန္နုခေါ်သလိုမျိုးပင် 'အနဲ(မ်)' (အစ်ကို)ဟု ခေါ်၍ ပြောလိုက်၏။

"မင်းတို့ ခါတိုင်းလိုပဲ ခုညနေစာကို ဈေးမှာ ငါနဲ့ လိုက်စားကြ။ ပြီးတော့ အထုပ်အပိုးတွေယူပြီး မနက်လန်ချားနဲ့ ဟီရှူဘာတာကို

ဆင်းလာခဲ့ကြ။ ချဒါမီဆိုင်ကနေ ငါစောင့်နေမယ်။ အဲဒီမှာ ဝန်တီ(လှည်း)နဲ့ မြင်းတွေပါ ငါထားခဲ့တယ်"

"လန်ချားငှားစရာ မလိုပါဘူး အစ်ကို။ ကျွန်တော်တို့ပစ္စည်းက များတာမှမဟုတ်တာ။ ကျောင်းအုပ်ကြီးကို သွားနှုတ်ဆက်ရင်း သူ့ခရီးထွက်တဲ့လားကြီးနဲ့ ကျောင်းစောင့် မူနီယမ်ဒီကို ပို့ခိုင်းပါလိမ့်မယ်"

"ဒါဆိုလည်း ပြီးရောပေါ့ကွာ။ မြင်းလှည်းနဲ့ဆိုတော့ မင်းတို့ပါရာဟာရီမှာ တစ်ညအိပ်ရလိမ့်မယ်။ ငါလာတုန်းကလည်း တစ်ညအိပ်ပြီး မကျန်(ယောက်ဖ)ကို မင်းတို့ မနက်ဖြန်ညနေ ရောက်လာလိမ့်ဆိုတာ ငါပြောထားခဲ့ပြီ။ ငါတော့ ပစ္စည်းနည်းနည်းပါနေလို့ နောက်တစ်ရက်မှ လိုက်လာခဲ့မယ်"

"အစ်ကိုတို့ ဟို(လ်)ဂါမာက လမ်းမှာ တစ်ညတောင် အိပ်ရဦးမလား"

"တစ်နေ့တည်းဆို ဒီက မနက်ထွက်တော့ ည ၉ နာရီ၊ ၁၀ နာရီလောက်မှ ရောက်မယ်။ မင်းတို့ ပင်ပန်းနေမှာစိုးလို့ပါ။ ဘာလဲ၊ မင်းက လမ်းမှာ တစ်ညအိပ်ရမယ်ဆိုတာနဲ့ မလိုက်ချင်ဘူးလား။ မနှစ်ကလည်း ကျွန္နဲ့ မင်းပါလာမယ်ဆိုလို့ မာမာတို့က မျှော်နေကြတာ။ ရောက်လာတော့ သံအိ(ညီ) တစ်ယောက်တည်း။ အပါတို့၊ မာမာတို့က မင်းအဖေနဲ့လည်းခင်တော့ ကျွန္နဲ့အတူ နေကြတာဆိုလို့ သိပ်တွေ့ချင်နေကြတာ။ ပါရာဟာရီမှာ တစ်ညအိပ်ရမှာဆိုလို့ ဘာမှမစိုးရိမ်ပါနဲ့၊ ငါ့အစ်မအိမ်ပါ။ အလာတုန်းကပင် အားလုံးမှာထားခဲ့ပြီ။ မနက်ကျရင် ကျွန္နဲ့သာလာခဲ့ကြတော့"

"ဟုတ်ကဲ့ပါ၊ ကျွန်တော်လည်း အစ်ကိုတို့ဆီ မရောက်ဖူးတော့ ဒေသန္တရဗဟုသုတလည်း ဖြစ်တာပေါ့။ လိုက်ခဲ့ပါ့မယ်"

"မင်းတို့ ရေချိုးကြဦးမလား။ ဈေးထဲ ထမင်းသွားစားရအောင်၊

မင်းတို့ ကျောင်းထမင်းက ခုတော့ မပြောတတ်ဘူး။ ငါတို့တုန်းကတော့ ညံ့မှညံ့။ အဲဒါ ငါက အပြင်ခဏခဏ ခိုးထွက်စားလို့ ကျောင်းအုပ်ကြီးထိ ရိုပို့တက်တာ။ ကျောင်းအုပ်ကြီးက မင်းတို့ ပညာလာသင်တာလား၊ ပျော်ပွဲစားထွက်လာတာလားတဲ့။ တော်တော်ဆူတာ။ ဒါပေမဲ့ တစ်ခု တော့ ကောင်းသွားတယ်ကွ။ ငါတို့ကို အကြောင်းပြုပြီး နောက်တော့ ကျောင်းအုပ်ကြီးက ထမင်းကျွေးတာတွေကို မကြာခဏ လာကြည့်တော့ ကောင်းသွားတယ်။ ကျောင်းသားတွေလည်း ငါ့ကို သိပ် ကျေးဇူးတင်ကြ တယ်"

ကျွန္တု၏ အစ်ကို ဆောနက်အား မြတ်ချမ်းအောင်မှာ သုံး,လေးခါ သာ တွေ့ဖူး၏။ သို့သော် သူဆင်းမလားကိုလာတိုင်း သူ့ညီနှင့်အတူ အမြဲ ညနေစာကျွေးသွားတတ်သဖြင့် အတော်အသင့်တော့ ရင်းနှီးနေ သည်။ ဆောနက်မှာ ကျွန္တုလိုပင် ဝါကျရှည်သူဖြစ်သည်။ ဘာမှ မေးစရာ မလိုဘဲ သူ့အိမ်သားအကြောင်းတွေကိုပင် ပြောပြတတ်သူဖြစ်သည်။ မြတ်ချမ်းအောင်က သူ့ကို ကျွန္တုထက်သဘောကောင်းသည်ဟု မှတ်ချက် ချထား၏။ ကျွန္တုကမူ တစ်ခါတစ်ရံ စိတ်ကောက်တတ်သည်။ စိတ် ကောက်နေချိန် တစ်ခုခုသိချင်၍ သွားမေးလျှင် "မသိဘူးကွာ" ဟု ဘု တောတတ်၏။ သူစိတ်လိုလက်ရရှိမှ သူ့အစ်ကိုလို စကားများများ ပြော သူပင်။

ရေချိုးပြီး ကျောင်းအုပ်ကြီးကို မနက်ဖြန် ရွာပြန်မည့်အကြောင်းနှင့် ယခု ဆောနက်ရောက်နေ၍ အပြင်ထွက်ခွင့်ပါ တောင်းရ၏။ မနက်ဖြန် မနက်မှာလည်း သူတို့ပစ္စည်းတွေကို မြို့အောက်ဘက်ဈေးထဲသို့ ပစ္စည်း သယ်သွားဖို့ လားနှင့်ကျောင်းစောင့်ကိုပါ ထည့်ပေးလိုက်ရန်လည်း တစ်ပါတည်း ပြောထားခဲ့ကြသည်။

ဈေးအရှေ့ပိုင်းက စားနေကျ ဟိန္ဒူထမင်းဆိုင်၌ ထမင်းစားပြီး

ချိန်မှာ ည ၇ နာရီခန့်သာ ရှိသေး၏။ ထို့ကြောင့် ထမင်းစားပြီး ကြသည်နှင့် ကျန္တနှင့် မြတ်ချမ်းအောင်တို့ ကျောင်းကို ပြန်လာကြ၏။ စကားတပြောပြောနှင့် ပစ္စည်းတွေ အတူသိမ်းကြ၏။

"မြတ်ချမ်း၊ ငါတို့ရွာရောက်ရင် မင်း မပြန်ချင်တောင် ဖြစ်ချင်ဖြစ် သွားနိုင်တယ်"

"ဟင် – ဘာဖြစ်လို့လဲကွ"

"မနက်ဖြန် တို့သွားရင် ဘုရားပွဲ ၂ ပွဲတောင် မီသေးတယ်ကွ"

"အေး – မင်းတို့ဘုရားပွဲတော့ ငါ့လည်း စိတ်ဝင်စားပါတယ်"

"မင်း ဘာကိုစိတ်ဝင်စားတာလဲ။ ကာလီမယ်တော်ပွဲလား၊ မီးနင်း ပွဲလား"

"အဲဒါတွေတစ်ခုမှ မဟုတ်ဘူး။ ဘုရားပွဲကျမှ ဘယ်က ဘယ်လို ထွက်လာကြမှန်းမသိတဲ့ မဒီကညာတွေကို ကြည့်ရမှာ ပြောတာကွ"

"ငါက အကောင်းမှတ်လို့"

"ဟဲဟဲ – မဟုတ်ဘူးလား၊ ခါတိုင်းဆို မင်းတို့အပျိုတွေ အပြင်မှ သိပ်မထွက်တတ်ကြတာ။ ဘုရားပွဲကျမှ မင်းတို့လည်း ရည်းစားရှာကြရ တယ် မဟုတ်လား"

"မင်း ရောက်တော့သိမှာပါ၊ ငါတို့ရွာက ခေတ်မီပါတယ်ကွ။ အိမ်တွင်းပုန်းရယ်လို့ သိပ်မရှိဘူး။ ထင်းခွေ,ရေခပ်လည်း ထွက်ကြတာပဲ။ ဈေးရောင်းလည်း ထွက်ကြတာပဲ။ ဆင်းမလားထိအောင် တစ်ခါတလေ လာပြီး သိုးမွေးတွေဝယ်ကြ၊ တောကုန်တွေလာပို့ကြ"

"ဒါပေမဲ့ မင်းတို့ဆီက လူကြီးတွေ ကဲ့ရဲ့ကြတာပဲ မဟုတ်လား"

"ဟိုတုန်းကတော့ ဟုတ်ချင် ဟုတ်မှာပေါ့ကွာ။ အခု အတန်းကျောင်း တွေဖွင့်ပြီ မိန်းကလေးတွေလည်း စာတတ်ပေတတ် များလာတယ်။ ငါတို့ရွာက သူကြီးကလည်း ခေတ်ပညာတတ်ဆိုတော့ မိန်းကလေး

တွေကို ကျောင်းနေကြဖို့ သူကိုယ်တိုင်စည်းရုံး၊ ကိုယ်တိုင် ကျောင်းလိုက် အပ်ပေးတာကွ။ ငါတို့ရွာက ကောလိပ်တက်နေတာ မိန်းကလေး ၅ ယောက်တောင်ရှိတယ်။ ငါတို့ရွာကို အထင်သေးလို့လား၊ မင်း ရောက် တော့ မြင်ရမှာပါ"

"မင်းတို့ရွာ အိမ်ပေါင်း ဘယ်လောက်ရှိလဲ"

"အိမ်ပေါင်း ၆၀၀ ကျော်တယ်၊ သူကြီးနှစ်ပိုင်း အုပ်ချုပ်တယ်"

"ဩော် – ရွာကြီးပဲကွ။ မဒီကညာ အလှလေးတွေလည်း ပေါမှ ပေါဆိုပါတော့။ ဒါဆို ငါပျော်သွားပြီ။ ဩော် – ဒါနဲ့ မင်းခုနက သူကြီး နှစ်ပိုင်းအုပ်ချုပ်တယ်ဆိုတော့ မင်းတို့ပိုင်းကို အုပ်ချုပ်တဲ့ သူကြီးလား၊ ခေတ်ပညာတတ်ဆိုတာ။

"ဟုတ်တယ်"

"ဘယ်နှတန်းအောင်လဲ"

"အဲဒါတော့ ငါလည်းမသိဘူး။ ဆင်းမလားကျောင်းထွက်တဲ့"

"သူငယ်တန်းကြီးက ထွက်တာလား"

"မင်းအဘ . . . . ဟုတ်မယ်"

ကျွန်ုပ်က သူ့သားရေသေတ္တာကိုပိတ်ရင်း ပြန်ပြောလိုက်သည်။

❋ ❋ ❋

"ဟေ့ . . . ဟေး၊ ဟို(လ်)ဂါမာ ပြန်မယ့်ကောင်းလေးတွေ"

အဆောင်အောက်က အော်နေသံကြားသဖြင့် ကျွန်ုပ်ပြေး ထွက် ကြည့်သည်။ သူငယ်ချင်းများကို သွားနှုတ်ဆက်နေရာမှ မြတ်ချမ်းအောင် လည်း ချက်ချင်းထလိုက်ရသည်။ ကျွန်ုပ် ပြန်ပြေးလာပြီး –

"ဟေ့ကောင်၊ မူနီယမ်ဒီရောက်နေပြီကွ။ လုပ်လုပ်၊ ဆင်းကြမယ်"

ဟု အော်ပြောလိုက်သဖြင့် မြတ်ချမ်းအောင်လည်း အသင့်ပြင်ထား

သော သားရေသေတ္တာနှင့် ကျောပိုးအိတ်တို့ကို ကောက်ဆွဲကာ ကျွန်ုပ်နှင့် အတူ အောက်ဆင်းလာကြသည်။ ကျောင်းအုပ်ကြီး၏လားနှင့် မူနီယမ်ဒီ တို့အနားတွင် ပစ္စည်းများကို ချလိုက်ကြသည်။

အပေါ်ထပ်မှ သူငယ်ချင်းများက ဝရန်တာသို့ စုပြုံထွက်လာကြပြီး အော်ဟစ်နှုတ်ဆက်နေကြသည်။ အနောက်အပြောင်သန်သော ဗိပိနက ကျွန်ုပ်ကို လက်ပြပြီး –

"ကျွန်ုပ်မကျန်၊ အနဲ(မ်)နောက်အပတ်မှ ပြန်လာခဲ့မယ်လို့ ရာဓာကို ပြောလိုက်ပါ"

ဟု နောက်သည်။

ရာဓာမှာ ကျွန်ုပ်၏ နှမဝမ်းကွဲဖြစ်သည်။ ကျွန်ုပ်က–

"ပြောလိုက်မယ် . . . . ပြောလိုက်မယ် မကျန်၊ စိတ်သာချ။ ဗိပိနတစ်ယောက် လမ်းမှာ မြွေပွေးကိုက်လို့ မာလကီးယား သွားပြီဆိုတဲ့ အကြောင်း မဟုတ်လား။ စိတ်ချ၊ ပြောလိုက်မယ်"

ဟု ပြန်နောက်လိုက်သည်။

မူနီယမ်ဒီက မြတ်ချမ်းအောင်နှင့် ကျွန်ုပ်တို့၏ သေတ္တာနှစ်လုံးကို လားပေါ်တွင် တစ်ဖက်တစ်လုံးစီ ချိတ်ဆွဲပြီးသောအခါ လားကိုဆွဲခေါ်ပြီး ကျောင်းအောက်လမ်းသို့ ဆင်းသွားသည်။ သူငယ်ချင်းတွေကို နောက်ထပ် လက်ပြနှုတ်ဆက်ကာ ကျွန်ုပ်နှင့် မြတ်ချမ်းအောင်တို့ မူနီယမ်ဒီနောက် လိုက်လာကြသည်။

နာရီဝက်ခန့်အကြာတွင် ကျွန်ုပ်အစ်ကို မနေ့ညနေက ချိန်းထားခဲ့သော ဒီရှုဘာတာဈေးလမ်းပေါ်သို့ ရောက်လာကြသည်။

"ကောင်လေးတွေ၊ ဘယ်သူ့ ဘီဒူ(အိမ်)ရှေ့ ပို့ရမလဲ"

"ရှေ့နားလေးတင် – ဦး။ ချဒါမီဆိုင်"

ဆိုင်ရှေ့တွင် ကျွန်ုပ်၏အစ်ကို ဆောနက်ကို အသင့်ကြို၍ တွေ့ရ

သည်။

ကျွန်ုပ်တို့၏ သေတ္တာနှင့်ကျောပိုးအိတ်တို့ကို ကျွန်ုပ်အစ်ကိုနှင့် ဟို(လ်)ဂါမာကပင် ပါလာခဲ့သော မာဒူးက လားပေါ်မှ မြင်းလှည်းပေါ် ကူတင်ပေးသည်။ လားပေါ်ကပစ္စည်းတွေ ချပြီးသွားသည်နှင့် မူနီယမ်ဒီ က ကျွန်ုပ်အစ်ကို့ကို နာမစတေးလုပ်ပြီး နုတ်ဆက်ထွက်သွားသည်။

မူနီယမ်ဒီ ခြေလှမ်း လေးငါးလှမ်းအရောက်မှာ ဆောနက် ပြေး လိုက်သွားပြီး ပိုက်ဆံပေးနေသည်ကို မြတ်ချမ်းအောင် လှမ်းမြင်မိသည်။ ဆောနက်ပြေးလိုက်သွားတုန်းက ဘာပါလိမ့်ဟု အထိတ်တလန့်ပင် ဖြစ်ချင်သွားသည်။ မူနီယမ်ဒီက မယူလိုသဖြင့် ဆောနက် အတင်းပေးနေ သည်ကို မြင်လိုက်ရသည်။ ရူပီးဘယ်လောက် ပေးလိုက်မှန်းတော့မသိ။

ဆောနက်က –

"မင်းတို့ တစ်ခုခုစားပြီးမှ သွားကြပါလား။ ငါတို့နှစ်ယောက်က တော့ စားပြီးပြီ"

ဟု ပြောသည်။

"ဂူဒါပါရာရောက်မှ စားတော့မယ် အနဲ(မ်)"

"ဂူဒါပါရာဆိုင်တွေက အစားအသောက် သိပ်ညံ့တာပဲ"

ဟု ကျွန်ုပ်အစ်ကိုက ပြောသည်။ ဆောနက်ကို ဒီလူ အစား အသောက် အတော်မက်ပုံရသည်ဟု မြတ်ချမ်းအောင်က မှတ်ချက်ချ၏။ မနေ့ညတုန်းကလည်း ကျောင်းမှ ထမင်းဟင်းညံ့ကြောင်း ပြောသွားလေ သည်။

"မြတ်ချမ်းက ကျွန်တော်တို့ဆီ ဒေသန္တရဗဟုသုတအဖြစ် လိုက် လာတာ၊ ဆင်းမလားက အကောင်းဆုံးဆိုင်မှာ အစ်ကိုကျွေးပြီးပြီ။ 'ကျွန်တော်က ဒီကောင့်ကို အညံ့ဆုံးဆိုတဲ့ ဆိုင်မှာ ကျွေးချင်လို့။ အနဲ(မ်) ဘာမှမပူနဲ့ မြတ်ချမ်းက အာလူးပူတီနဲ့ ဆိတ်နို့ရရင် ပြီးပြီ၊ ဟုတ်တယ်

မဟုတ်လားကွ မြတ်ချမ်း"

"အားလုံးပူတီမဟုတ်ဘူးကွ၊ ငါက ချာပါတီရရင်လည်း ဖြစ်ပါတယ်"

ဟု ရယ်ပြီး ပြောလိုက်၏။

ဆောနက်က –

"ကဲ၊ ကဲ – အဲဒါဆိုလည်း မင်းတို့သွားကြတော့။ မြတ်ချမ်းက ဒေသန္တရဗဟုသုတ လိုချင်သူဆိုတော့ ဗူရဘာကဘုရားကျောင်းကိုလည်း ခဏဝင်ပြလိုက်နော် သံဘိ"

"ဟာ–အစ်ကို၊ ဗူဝေ(ရ်)က လမ်းနဲ့နည်းနည်းလှမ်းမယ်၊ မာဝတီချောင်းမှာ ရေရှိချင်ရှိနေဦးမှာ။ စီအရကနေ ပတ်သွားလို့လည်းရမှာ မဟုတ်သေးဘူး"

"ဗူရဘာ" ဟူသော သူ့အစ်ကို၏ အပြောနှင့် 'ဗူဝေ(ရ်)' ဆိုသော ကွဲလွဲချက်ကို မြတ်ချမ်းအောင်ကတော့ ဘုရားကျောင်းတစ်ခုဟုသာ အဓိပ္ပာယ်ဖော်၍ရသည်။ တခြားသော စကားတွေကို နားမလည်။ ညီအစ်ကိုနှစ်ယောက်မှာ တောသံနှင့်မြို့သံ ကွာနေသည်။ သို့သော် ဆောနက်ရှေ့ ရိုင်းရာကျမည်စိုး၍ မမေးမိတော့။ လမ်းကျမှ အေးအေးဆေးဆေး မေးမည်ဟု တေးထားလိုက်သည်။

"မာဝတီမှာရေရှိတောင် နွေလကြီးပဲကွ။ လှည်းဘီးတစ်ဝက် မရှိနိုင်ပါဘူး။ မာဒူးက လှည်းမောင်းကျွမ်းတယ်။ ဗဟုသုတပဲ၊ လိုက်ပြလိုက်ပါ။ မင်းတို့ ပါရာဟာရီကို နေမွန်းစောင်းကြီးလောက်ဆို ရောက်သွားကြမှာပါ"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့"

ဝါကျရှည်နေမှာစိုး၍လားမသိ၊ ကျွန်ုပ်က လှည်းပေါ်တက်ရင်း ဝန်ခံစကား ဆိုလိုက်သည်။

ဟီရူဘာတာရှိ ချဒါမီအိမ်ရှေ့က သူတို့ထွက်လာကြချိန်မှာ နံနက်

၇ နာရီကျော်ကျော်သာ ရှိသေး၏။ နွေလဖြစ်၍သာ၊ ဆောင်းသမယ ဆိုလျှင် ဆင်းမလားကား မြူနှင်းထဲ နစ်မြုပ်နေဦးမည်သာ။ မြို့ထဲတွင် ရှိသော အဆောက်အအုံများကိုပင် ကွဲကွဲပြားပြား မြင်နိုင်ဦးမည် မဟုတ်သေး။

မြို့ဧရိယာ လွန်လာသည်နှင့် လမ်းက ကြမ်းလာသည်။ မြင်းလှည်းမောင်း ကျွမ်းကျင်လှပါသည်ဆိုသော မာဒူးလည်း ဘာမှ မတတ်နိုင်။ မာဒူး၏နောက်တွင် ယှဉ်ထိုင်လိုက်လာကြသော မြတ်ချမ်းအောင်နှင့် ကျွန်ုပ်တို့မှာ ခဏခဏ ဘေးချင်းတိုက်မိကြ၏။

မြို့စွန်က လယ်ကွင်း၊ ကိုင်းခင်းများနှင့် ရွာနှစ်ရွာအလွန်မှာ ဆောနက်က အစားအသောက် ညံ့သည်ဟုဆိုသော လမ်းနံဘေးက ဂူဒါပါရာကို ရောက်လာကြသည်။ ရွာနှင့်လှည်းလမ်းမှာ တစ်မိုင်နီးပါး ဝေးပါမည်။ လှည်းလမ်းက ရွာဘက်ကို တက်သွားသော နွားလှည်းနှစ်စီးနှင့် ယောကျာ်း၊ မိန်းမ လေး,ငါး ယောက်ကိုလည်း ရွာသွားလမ်းပေါ်တွင် မြင်နေရသည်။ ရွာထဲရှိ နွားချေးကျံ မြေစိုက်အိမ်များနှင့် အုတ်မိုးနီနီ၊ အုတ်စိမ်းကာ ခြေတံရှည်အိမ်များကိုလည်း ကွက်ကျား မြင်နေရသည်။

လှည်းလမ်းနှင့် ရွာတက်လမ်းဆုံတွင် စားသောက်ဆိုင် သုံး,လေး ဆိုင်ရှိသည်။ ဆိုင်ထဲ၌ စားသောက်နေကြသူများကိုလည်း မြင်နေရ၏။ ဆင်းမလားကတည်းကပင် ဂူဒါပါရာမှာ နံနက်စာ စားသောက်ကြမည်ဟု ပြောလာကြသဖြင့် မာဒူးက ဆိုင်တစ်ဆိုင် ရှေ့တွင် မြင်းလှည်းကို ရပ်လိုက်သည်။

မြတ်ချမ်းအောင်တို့ သုံးယောက်သား မြင်းလှည်းပေါ်ကဆင်းပြီး ဆိုင်ထဲဝင်လာကြ၏။ စားသောက်နေကြသူတွေမှာ အယောက် ၂၀ ခန့် ရှိသည်။ အခြားဆိုင် ၂ ဆိုင်၌မူ ဤဆိုင်မှာလောက် လူမများလှပေ။ ထို့ကြောင့် ယခု သူတို့ ရောက်နေသောဆိုင်မှာ အစားအသောက်ကောင်း

သောဆိုင်ဟု ယူဆရသည်။

ချာပါတီနှင့်အာလူးပူတီကို မြတ်ချမ်းအောင် မကြိုက်၍လားမသိ၊ ကျွန်ုပ်က ပဲပလာတာနှင့်ဆိတ်နို့မှာသည်။ ဆိတ်နို့က ကုန်သွားပြီ ပြောသဖြင့် လက်ဖက်ရည်နှင့်သာ ၃ ယောက်စလုံး စားသောက်လိုက်ကြသည်။ သူတို့မှာ ရွာခံများလို ဖိမ်နှင့်စားသောက်ရန် အချိန်မရသဖြင့် ခပ်သုတ်သုတ်သာစားပြီး ခရီးဆက်ထွက်လာကြသည်။

မကြာမီ ဆောနက်က ကျွန်ုပ်အား လိုက်ပြလိုက်ပါဟု မှာလိုက်သော ဗူရာဘာသို့ ရောက်လာကြသည်။ ဗူရာဘာ ဘုရားကျောင်းမှာ တောင်နှာမောင်းဖျားရှိ ကျောက်တောင်စွန်းက တောအုပ်ထဲတွင် ရှိသည်။ မာဝတီချောင်းမှာ ဆောနက်မှာလိုက်သလို လှည်းဘီးတစ်ဝက်ပင် မမြုပ်ပေ။

ဗူရာဘာဘုရားကျောင်းသည် ကျောင်းပျက်ကြီးဖြစ်သည်။ စုလစ်မွမ်းချွန်ဆို၍ အကောင်းတစ်ခုမှ မရှိပေ။ အားလုံးပြိုပျက်နေကာ အငုတ်အတုံးတွေသာ ကျန်တော့၏။ အုတ်တံတိုင်းမှာလည်း လေးဖက်လေတန် ပြိုပျက်နေသည်။ ကျောက်တောင်ကို အခေါင်းထွင်း၍ ထုလုပ်ထားသော နတ်ဘုရားရုပ်တွေမှာလည်း အကျိုးအပဲ့တွေသာများသည်။ ကျောက်ဂူကြီးထဲရှိ လူတစ်ရပ်နီးပါးမြင့်သော ကာလီမယ်တော် ရုပ်တုတစ်ခုသာ အကောင်းပကတိ ရှိသည်။

"မင်းတို့ဘုရားကျောင်းက အားလုံး အပြိုအပျက်တွေချည်းပဲကွ။ အကောင်းဆိုလို့ ဒီကာလီမယ်တော်ရုပ်တုတစ်ခုပဲ ကြည့်စရာရှိတာပဲ"

ဟု မြတ်ချမ်းအောင်က ကျွန်ုပ်ကို ပြောလိုက်၏။

"အဲဒါတောင် အပြိုအပျက် အပိုင်းအစတွေကို ပြန်ဆက်ထားရတာတဲ့ကွ"

"တခြားအရုပ်တွေကိုလည်း ပြန်ဆက်ပြုပြင်ထားဖို့ ကောင်းတာပေါ့ကွာ။ ယဉ်ကျေးမှုတစ်ခုအနေနဲ့ပေါ့"

"ဒီတောထဲလာပြီး ဘယ်သူက ပြုပြင်နိုင်မှာလဲကွ။ ကာလီမယ်တော်ရုပ်ကိုတောင် ဒီနယ်ပတ်ဝန်းကျင်ရွာတွေက မဖြစ်မနေ ကြိုးစားပြုပြင်ထားကြရတာ။ နီးနီးနားနားမှာ ရွာမှ မရှိတာ။ အစဉ်အလာ ကြီးမားခဲ့လို့ ဘုရားပွဲကျတော့ သိပ်စည်တယ်ကွ။ ပျော်စရာ အားကြီးကောင်းတယ်။ တချို့ရွာတွေဆို တစ်ည၊ နှစ်ညအဝေးကတောင် ဘုရားဖူးလာကြတာ"

"ဟုတ်လား"

"ဟုတ်တယ်ကွ၊ အစဉ်အလာကြီးတဲ့ နတ်ဘုရားမို့ လာကြတာပါ"

"ဘယ်လို အစဉ်အလာကြီးမားတဲ့ နတ်ဘုရားလဲ၊ ပြောဦးလေကွာ"

"ပြောရမယ်ဆို ခု အိန္ဒိယတစ်ပြည်လုံးမှာ ကိုးကွယ်နေကြတဲ့ နတ်ဘုရားမ ကာလီမယ်တော်ကို ဒီနေရာကစ,ပြီး တွေ့ကြတယ်။ အဦးဆုံး၊ အစောဆုံး ဆိုပါတော့"

ဘယ်လိုစတွေ့ပြီး ဘယ်လိုအဦးဆုံး၊ အစဆုံးတွေ့တာလဲ"

"ဟိုတုန်းက ဒီနားပတ်ဝန်းကျင်မှာရော ဟိုတောင်ခြေမှာပါ ရွာတွေအများကြီး ရှိကြတယ်။ စ,ပြောရရင်တော့ ရွာအတော်များများမှာ ကာလဝမ်းရောဂါဖြစ်လို့ ရွာတိုင်းလိုလိုမှာ အသေအပျောက် သိပ်များနေကြတယ်တဲ့။ အဲဒါနဲ့ တစ်နေ့မှာ ရွာထဲကို အဘွားကြီးတစ်ယောက် ရောက်လာတယ်တဲ့။ တိုတိုပြောရရင် အဲဒီအဘွားကြီးက ကာလဝမ်းရောဂါဖြစ်နေတဲ့ လူတွေကို ဆန်ပြုတ်ပဲကျိုတိုက်ကြပါ။ ဒီရောဂါ ပျောက်သွားပါလိမ့်မယ်လို့ ပြောတယ်တဲ့။ အဲဒါနဲ့ ကံရာမရဖြစ်နေကြတဲ့ လူတွေက အစကတော့ ဟုတ်သော်ရှိ မဟုတ်သော်ရှိပေါ့ကွာ။ လူမမာတွေကို ဆန်ပြုတ်ကျိုတိုက်ကြည့်ကြတယ်တဲ့။ ဝမ်းသွားနေတဲ့လူတွေဟာ အဘွားကြီးပြောသလို တကယ်ပဲ ချက်ချင်းဝမ်းရပ်ပြီး အကောင်းပကတိ ပြန်ဖြစ်

လာကြတယ်တဲ့။ ဒါနဲ့ ဟိုရွာဒီရွာက လူမမာတွေကို ဆန်ပြုတ်တိုက်လိုက်ကြတာ တစ်နယ်လုံးက လူမမာတွေအားလုံး အကောင်းပကတိ ဖြစ်သွားကြတယ်တဲ့။ ဒါနဲ့ အဲဒီအဘွားကြီးကို လိုက်ရှာကြတော့ ဘယ်ရွာမှာမှ မတွေ့တော့ဘူးတဲ့။ ဒါနဲ့ မင်းကို ငါ အထူးခြားဆုံးတစ်ခုကို ပြောဦးမယ်"

"အင်း – ပြောပါဦး"

"ခု မင်းတို့ ငါတို့မှာ ပန်းချီရေးတာ လူကိုယ်တိုင်ဖြစ်ဖြစ်၊ ဓာတ်ပုံဖြစ်ဖြစ်မြင်ရမှ ပုံတူဆွဲတတ်ကြတယ်ဟုတ်လား။ အဲဒီခေတ်တုန်းကတော့ အသံကိုကြားရုံနဲ့လည်း ပုံတူဆွဲနိုင်တဲ့ ပန်းချီဆရာတွေ၊ လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက်ရဲ့ ဆံပင်တစ်ပင်ကို ရတာနဲ့ အဲဒီဆံပင်ပိုင်ရှင်ရဲ့ရုပ်ကို ပီပီပြင်ပြင် တူအောင်ဆွဲနိုင်တဲ့ ပန်းချီဆရာတွေရှိတယ်တဲ့။ ဒါနဲ့ အဲဒီအဘွားကြီးရဲ့ ဆံပင်တစ်ပင်ဟာ အိမ်တစ်အိမ်ရဲ့ အမိုးစွန်းမှာ ငြိကျန်ခဲ့တယ်။ အဘွားကြီးကို လိုက်ရှာကြပေမဲ့ ဘယ်ရွာမှာမှ ရှာမရတဲ့ နောက်ဆုံးမှာတော့ ပန်းချီဆရာက အဘွားရဲ့ဆံပင်တစ်ပင်ကို ကြည့်ပြီး အဘွားကြီးရဲ့ရုပ်ကို ဆွဲလိုက်တဲ့ပုံဟာ အခု ငါတို့ရဲ့ ကာလီမယ်တော်ပုံပဲ။ အမှန်ကတော့ အဲဒီအဘွားကြီးဟာ နတ်ဘုရားပဲ။ လူတွေကိုကယ်တင်ဖို့ လူယောင်ဆောင်လာတာ။ အဲဒီကစပြီး ဒီကာလီမယ်တော်ကို ကိုးကွယ်လာကြတာ ခုထိပဲဆိုပါတော့"

"ဟုတ်လား"

"ဟုတ်ပါတယ်ဆို။ မင်းကို ဒီနေရာနဲ့ပတ်သက်လို့ ငါ နောက်တစ်ခု ထူးဆန်းတာ ပြောဦးမယ်။

"အေးပါ၊ ပြောပါ"

"ခု တို့ကူးလာခဲ့ကြတဲ့ မာဝတီချောင်းဟာ ဟိုတုန်းက မြစ်ကျယ်ကြီးတဲ့။ လှေတွေ၊ ရွက်သင်္ဘောတွေ နေ့စဉ် ဝင်ထွက်သွားလာနေကြတယ်။ ဘုရားပွဲရောက်ရင် လှေတွေ၊ ရွက်သင်္ဘောတွေနဲ့ အနယ်နယ်

အရပ်ရပ်က ဘုရားဖူးလာကြတဲ့ လူတွေရှိသလို ဒီနားတစ်ဝိုက်မှာရှိတဲ့ ရွာတွေကလည်း ခြေကျင်တစ်မျိုး၊ မြင်းလှည်း နွားလှည်းတွေနဲ့တစ်ဖုံ ကလေး–လူကြီး၊ မိန်းမ–ယောကျ်ား အစုံပေါ့ကွာ"

"ဘုရားပွဲပါဆို ဒါတော့ လာကြမှာပေါ့ကွာ။ ဒါလား၊ ထူးဆန်းတယ်ဆိုတာ"

"မင်းကလည်း၊ စကားကို ဆုံးအောင် နားထောင်စမ်းပါဦး"

"မင်းဝါကျရှည်မနေနဲ့၊ ထူးဆန်းတယ်ဆိုတာပဲပြောကွာ၊ ထူးဆန်းတယ်ဆိုတာပဲ ငါ သိချင်တယ်"

"အေးပါ။ ဘယ်လောက် ထူးဆန်းသလဲဆိုရင် ဘုရားပွဲတော်ရက် ရောက်တိုင်း ပင်လယ်ထဲက ငါးမန်းကြီးတွေဟာ မေဝတီမြစ်ကြီးထဲ ဝင်လာကြတယ်။ အခု ဟိုမြင်နေရတဲ့ လယ်ကွင်းတွေဟာ ဟိုတုန်းက သဲသောင်ပြင်ကြီးတွေတဲ့၊ လူတွေဟာ အဲဒီပင်လယ်က တက်လာကြတဲ့ ငါးမန်းကြီးတွေကို အဲဒီသောင်ပြင်ပေါ်က ရပ်ပြီး ကြည့်ကြရတယ်တဲ့"

"အဲဒါလားကွ၊ ထူးဆန်းတာ"

"စကားဆုံးအောင် နားထောင်စမ်းပါဆို။ လူတွေ ငါးမန်းစားခံကြတာကို ပြောပြမလို့ကွ"

"ဟင်–လူတွေ ငါးမန်းစားခံကြတယ်"

"ဟုတ်တယ်ကွ။ ဘယ်ပုံဘယ်နည်း ငါးမန်းစားခံကြလဲဆိုတာ ငါပြောပြမယ်"

ဟု ဆိုကာ ကျန္တက သူတို့ဘာသာ အယူအဆနှင့် ငါးမန်းစားခံကြပုံကို ပြောပြသည်။

ဘုရားဖူးလာကြသူများသည် နတ်ဘုရားကျောင်းဝင်းထဲက ရေကန်တွင် ရေမိုးသန့်စင်ပြီး မုတ်ဆိတ်ကျင်စွယ်များကို ရိတ်သင်ကြသည်။ ထို့နောက် သူတို့၏တစ်ကိုယ်လုံးကို ဆီမွှေးနှင့် လိမ်းပွတ်သုတ်

နယ်ပြီး နတ်ဘုရားရုပ်တုဆီ၌ သစ္စာအဓိဋ္ဌာန် ပြုကြသည်။ သူတို့ ကိုယ်ခန္ဓာကို နတ်ဘုရားအား လှူဒါန်းပါသည်။ လက်ခံပါရန် ငိုယိုပြီး တောင်းပန်ကြသည်။

ထိုသို့ တောင်းပန်နေချိန်တွင် သူတို့တစ်ကိုယ်လုံးသည် တဆတ်ဆတ်တုန်လာ၏။ ထိုသို့တုန်လာလျှင် ထိုသူတို့သည် နတ်ဘုရားက သူတို့ကိုယ်ကို အလှူလက်ခံလိုက်ပြီဟု ယုံကြည်ကြ၊ သိလိုက်ကြသည်။ ထိုအခါ မြစ်ထဲပြေးဆင်းပြီး သူတို့ကိုယ်ခန္ဓာကို ငါးမန်းစာကျွေးပစ်လိုက်ကြသည်။ ဤသို့ သူတို့၏ကိုယ်ခန္ဓာအား ငါးမန်းစာကျွေးရသည်ကို သူတို့ လုံးဝ ကြောက်ရွံ့စိုးထိတ်ခြင်း မရှိကြ။ ထို့ကြောင့်လည်း မိန်းမ၊ ယောကျာ်းအချို့ ငယ်ရွယ်သူများပင် သူ့ထက်ငါမြစ်ထဲဆင်းပြီး ငါးမန်းစားခံကြသည်။

ပို၍ထူးဆန်းသည်မှာ မြစ်ထဲအတင်းပြေးဆင်းပြီး ငါးမန်းစားခံကြသော်လည်း ငါးမန်းကြီးများသည် လူတိုင်းကို ကိုက်မစား။ နတ်ဘုံနတ်နန်းနှင့် မထိုက်သေးသူ၊ အကုသိုလ်ကြီးနေသူများကိုမူ ခေါင်းနှင့်ထိုး၍ ဖယ်ရှားပစ်တတ်သည်။ ထိုကဲ့သို့ အဖယ်ရှားခံရသော မိန်းမ၊ ယောကျာ်းတို့မှာ သူတို့သည် နတ်ဘုရားဆီ၌ အပယ်ခံရသည်ကို ဝမ်းနည်းမဆုံးဖြစ်ကာ ငိုယိုပြီး မြစ်ထဲကပြန်တက်လာကြသည်။ သူတို့သည် လူ့လောက၌ ကောင်းမှုကုသိုလ်များကို ထပ်မံပြုလုပ်ကြရမည့်သူ၊ နတ်ဘုံနတ်နန်းနှင့် မထိုက်တန်သေးသူအဖြစ် ခံယူကြလေသည်။

"ဒါ မထူးဆန်းဘူးလား"

"အေး – ထူးဆန်းရုံတင် ဘယ်ကမလဲကွ၊ မင်းပြောသလိုဆိုတို့တော့ ကျောချမ်းစရာပဲ၊ ဒီနတ်ဘုရားပွဲက ခုလည်း ဒီလိုပဲ လုပ်ကြသေးလား"

"မင်းကလည်း အတွေးခေါင်လိုက်တာ။ ခု မြစ်လည်းမရှိတော့ဘူး၊

ဘယ်က ငါးမန်းတွေ လာနိုင်တော့မလဲ။ နတ်ကွန်းတွေ၊ နတ်ရုပ်တွေနဲ့ ဘုရားကျောင်းတွေလည်း မင်းမြင်တဲ့အတိုင်းပဲလေ။ အကုန်ပြိုပျက်သွားပြီပဲဟာ"

"ပွဲလည်း မလုပ်တော့ဘူးပေါ့"

"ဘုရားပွဲကတော့ အခုလည်း လုပ်ပါတယ်။ ဒီကာလီမယ်တော်က အကြီးစားမယ်တော်ပဲ။ ဘယ်မလုပ်ဘဲ နေကြမလဲ။ တချို့များဆို အရှေ့ဘက် အဝေးကြီးကတောင် လာကြတယ်။ ပွဲတော်ရက်မကျမီ သုံး,လေးရက် လောက်ကပင် ရောက်နေကြတဲ့ လူတွေနဲ့ဆိုတော့ ဆင်းမလားက ပွဲဈေးထက်တောင်စည်တာကွ"

သူတို့ ဘုရားပွဲ စည်ကားသည်ကိုတော့ မြတ်ချမ်းအောင် တွေ့ဖူး၊ ကြုံဖူးထားသည်မို့ မအံ့သြ။ မည်မျှခေါင်သော တောဘုရားပွဲဖြစ်ပါစေ တောထဲက သစ်ပင်ကြို သစ်ပင်ကြားတွင် လူတွေ၊ လှည်းတွေ၊ လားတွေ၊ မြင်းတွေနှင့် ပြည့်နေသည်။ အကအခုန်၊ အတီးအမှုတ်တွေကလည်း ဘဝင်လျှံနေသည်။ ဘုရားကျောင်းဝန်းကျင်ရှိ သစ်ပင်အောက်တိုင်း၊ နတ်ကွန်းနားတိုင်း တို့တွင် လက်ဆွဲအောက်လင်းမါတ်မီးများ တထိန်ထိန်နှင့် ကကြ၊ ဆိုကြ၊ တီးကြ၊ မှုတ်ကြနှင့်ညလုံးပေါက် ပျော်နေကြ၏။

ဗူရာဘာဘုရားကျောင်းတွင် နာရီဝက်လောက် လှည့်ပတ်ကြည့်ပြီး မြတ်ချမ်းအောင်တို့ ခရီးဆက်ထွက်လာကြသည်။ ဆင်းမလားဘက်နှင့် စာလျှင် ဤမှာဘက်၌ လွင်ပြင်ကျယ်သည်။ ခြောက်သွေ့၍ ဖုန်ထူသည်။ လမ်းကမူ ကုန်းဆင်း၊ ကုန်းတက် မရှိသဖြင့် လှည်းသွားနှုန်းကလည်း ငြိမ်သည်။

(၁၂)နာရီကျော်လောက်တွင် 'ဆူပန်နီနာ' မည်သော ရွာကြီးက ဟိန္ဒူဆိုင်တစ်ဆိုင်တွင် ထမင်းဝင်စားကြသည်။ ခဏနားပြီး ခရီးဆက်လာကြရာ ကျွန်ုပ်၏ယောက်ဖ၊ အစ်မတို့ ရှိသော ပါရာဟာရီရွာကို ညနေ

၄ နာရီ မထိုးမီပင် ရောက်သွားကြသည်။ ကျွန်ုပ်၏ အစ်ကိုဆောနက်မှာထားခဲ့သဖြင့် ခြံဝိုင်းထဲ မြင်းလှည်းဝင်လာသံကြားသည်နှင့် ကျွန်ုပ်၏ယောက်ဖက ထွက်ကြိုသည်။ ကလေးချီထားသော ကျွန်ုပ်၏ အစ်မ ဆာရီသာကတော့ အိမ်ပေါ်ကနေလှမ်းကြည့်ပြီး သူ့မောင်ကို နှုတ်ဆက်နေသည်။

သူတို့အိမ်တွင် မြင်းနှစ်ကောင်နှင့် နွားတွေ၊ ဆိတ်တွေ ရှိသည်။ အိမ်ကြီးမှာလည်း သူတို့ဒေသက တောအိမ်ပုံစံမဟုတ်။ ဆင်းမလားက အိမ်တွေပုံစံမျိုး၊ အပေါ်လသာဆောင်လည်း ကျယ်သည်၊ ခြံဝင်းကြီးထဲတွင် နွားတွေ, ဆိတ်တွေရှိသဖြင့် လေလာလျှင် တစ်ချက်တစ်ချက် ဆိတ်ချေး၊ နွားချေးနံ့တော့ ရသည်။

သူ့အစ်မနှင့် ယောက်ဖတို့က ကျွန်ုပ်မျက်နှာကို စေ့စေ့ကြည့်၍ ဝမ်းသာအားရ ပြုံးနေကြသည်။ ကျွန်ုပ်က မြတ်ချမ်းအောင်နှင့် မိတ်ဆက်ပေးသောအခါမှာလည်း ဆင်းမလားယဉ်ကျေးမှုနှင့် လာလည်တာ ကျေးဇူးတင်ကြောင်း၊ သူ့မောင်နှင့် တစ်ခန်းတည်း အတူနေသူဆိုသဖြင့် တွေ့ရတာ ဝမ်းသာကြောင်း၊ သူတို့အိမ်မှာ ဘာမှအားနာစရာ မရှိကြောင်း၊ ကျွန်ုပ်ကို ခင်သလို သူတို့ကိုလည်း ခင်ပါ။ ကိုယ့်အစ်မ၊ ကိုယ့်အစ်ကိုလို သဘောထားပါဟု မြို့ပြယဉ်ကျေးမှုနှင့် စကားဆိုကြသည်။

ထိုအခါ ဆင်းမလားမှာတုန်းက သူတို့ရွာ, သူတို့မိသားစုတွေ ခေတ်မီကြောင်း၊ သူတို့နယ်တွင် သူတို့ရွာက ခေတ်ပညာတတ်တွေ မည်မျှထွက်ကြောင်း၊ ကျွန်ုပ်က သူ့ကိုပြောဖူးသည်ကို မြတ်ချမ်းအောင် သတိရလိုက်မိသည်။ နောက်မှ သိရသည်မှာ သူ့ယောက်ဖက ဆေးကျောင်းပင် တက်ခဲ့ဖူးသည် ဆို၏။ အိုင်အေအပိုင်း(ခ)ရောက်မှ စာမလိုက်နိုင်၍ ကျောင်းထွက်ပြီး မိဘလက်ငုတ်လက်ရင်းဖြစ်သည့် ဥယျာဉ်ခြံမြေ၊ လယ်ယာလုပ်နေသည်ဆို၏။ ကျွန်ုပ်အစ်မကလည်း မက်ထရစ်တစ်နှစ်ကျဟု ဆို၏။ ရွာနေတုန်းကပင် ဘုရားပွဲမှာ ဖူးစာဆုံလာကြသည့်

သူတို့စာမေးပွဲ အကျနစ်ယောက် စိတ်ညစ်ညစ်နှင့်ယူ လိုက်ကြသည့် အကြောင်း သူ့ယောက်ဖ အာဆပ္ပန်က ရယ်မောၡ ပြောပြ၏။

ယနေ့ညမှ တွေ့ကြရသော်လည်း သဘောကောင်းကြသော သူတို့ မိသားစုနှင့် မြတ်ချမ်းအောင်မှာ နာရီပိုင်းအတွင်း ငယ်ပေါင်းကြီးဖော်လို ရင်းနှီးသွားကြ၏။ ရေချိုးပြီး သူတို့ရွာကို ထွက်လည်ကြသည်။ သူတို့ ရွာမှာ ရွာကြီးဖြစ်သည်။ လူတွေကို ကြည့်ရသည်မှာ မြို့နေမြို့စား များ သည်။ ခေတ်ပညာတတ်တွေလည်း အတော်အသင့်ရှိကြောင်း ကျန္နျက သူ့ကိုပြောပြသည်။

ညနေတွင် ဆိတ်သားဟင်း၊ ပဲဟင်း သုံးလေးမျိုး၊ အရွက်ကြော် တို့နှင့် မြတ်ချမ်းအောင်ကို ထမင်းကျွေးကြသည်။ ဟိန္ဒူဘာသာဝင်များ ဖြစ်ကြသော်လည်း သူတို့မှာ သက်သတ်လွတ်စားကြသူများ မဟုတ်ကြ သဖြင့် မြတ်ချမ်းအောင်လည်း ထမင်းမြိန်သည်။ ထမင်းစားပြီးသောအခါ အချိုပွဲနှင့် ဧည့်ခံကြပြန်၏။

ဟာလဝါမှာ ပျားရည်စက်စက်နှင့် ဘိန်းစေ့၊ သီဟိုဠ် သရက်စေ့ များပါသည်ကို မြတ်ချမ်းအောင်က သတိပြုမိသည်။ ဧည့်သည်ကို ကျွေး မွေးရန် ကြိုတင်ပြင်ဆင်ထားသည်လည်း ဖြစ်နိုင်သည်။ ဤလို ဟာလဝါ မျိုးမှာ ပါသျှန်းတွေလုပ်တတ်သော ဟာလဝါဖြစ်ကြောင်းကို ဆင်းမလား တုန်းကပင် မြတ်ချမ်းအောင် စားဖူးသည်။

ကျန္နျ၏အစ်မ၊ ယောက်ဖတို့နှင့် ည ၁၁ နာရီနီးပါးထိ စကားထိုင် ပြောကြသည်။ ကျန္နျ၏ယောက်ဖမှာ ရယ်စရာ မောစရာလည်း အတော် ပြောတတ်သူဖြစ်သည်။

ဆာရီသာက–

“ရှင်စကားပြောနေတာက အကြောင်းမဟုတ်ဘူး။ မောင်လေးနဲ့ ဧည့်သည်တို့က မနက်ဖြန်ကိုလည်း ဟို(လ်)ဂါမာဘက် သွားကြဦးမယ်

ဆိုတော့ အိပ်ကြတော့။ တစ်နေ့လုံးလည်း ခရီးပန်းလာကြတာ ပန်းကြရောပေါ့။ အိပ်ကြတော့"

ဟု ဆိုတော့မှ ကျွန်ုပ်ယောက်ဖကလည်း စကား ဖြတ်တော့သည်။

ထိုအခါမှ ကျွန်ုပ်နှင့် မြတ်ချမ်းအောင်တို့ကလည်း အိပ်ရာဝင်နိုင်ကြသည်။

သို့သော် ကျွန်ုပ်၏ယောက်ဖက အပြန်မှာ သူတို့အိမ်တွင် တစ်ည၊ နှစ်ညလောက် ဝင်တည်းသွားကြပါဦးဟုပင် ပြောလိုက်သေးသည်။

အိပ်ရာထဲရောက်သော်လည်း မြတ်ချမ်းအောင်က မအိပ်နိုင်သေး။ တစ်နေ့ခရီးကို မှတ်တမ်းရေးနေ၏။ ဤသည်ကို ကျွန်ုပ်က–

"ဟေ့ကောင်၊ မင်းမှတ်တမ်းကို ဟို(လ်)ဂါမက ငါတို့အိမ်ရောက်မှ ရေးစမ်းပါကွာ"ဟု ပြော၏။

"မေ့သွားမှာစိုးလို့ကွ"

ကျွန်ုပ်က ဘာမှ ပြန်မပြောတော့ချေ။

❋ ❋ ❋

နံနက်စာစားပြီး ပါရာဟာရီကထွက်ခါနီးမှာ ကျွန်ုပ်၏ အစ်မ ဆာရီသာက –

"မောင်လေး၊ မနေ့ညနေက နင်တို့ ရာမလောကျန်ဆီ ဝင်ခဲ့ကြသေးလား" ဟု မေး၏။

ရာမလောကျန် ဆိုသည်မှာ ရွာသူကြီးကို ပြောမှန်းတော့ မြတ်ချမ်းအောင် သိသည်။

ကျွန်ုပ်က "ဟင့်အင်း" ဟုဆိုတော့ သူ့အစ်မက –

"နင်ကလည်း ညွှဲသည်ပါတာ ခဏ ဝင်နှုတ်ဆက်လိုက်ဖို့ကောင်းတာပေါ့"

"မလိုပါဘူး အကာ၊ သူ့အပိုင် တောရွာကလာတာမှ မဟုတ်တာ"

သူတို့ဒေသ၏ ယဉ်ကျေးမှုဟူ၍ မြတ်ချမ်းအောင် နားလည်လိုက်သည်။

သူ့ယောက်ဖကလည်း –

"ငါ့အမျိုးပါကွာ၊ သွားမနှုတ်ဆက်လည်း ဘာမှမဖြစ်ပါဘူး" ဟု ဝင်ပြောလိုက်သည်။ သို့နှင့် ကျန္နူတို့ရွာ ဟို(လ်)ဂါမကို ထွက်ခွာလာကြသည်။

အာရမ္မ(ရ်)မည်သော ရွာကြီးတစ်ရွာ၏ ထမင်းဆိုင်မှာ ထမင်းဝင်စားကြသည်။

အာရမ္မရ်က ထွက်လာပြီး နှစ်နာရီလောက်အကြာမှာ ဘာတွေမှန်းမသိ ဆူညံနေတာ လူတွေအော်ဟစ်နေကြသံ ဖြစ်သဖြင့် မြတ်ချမ်းအောင်လန့်သွားသည်။ လူတွေကိုတော့ မမြင်ရ။ သူတို့မြင်းလှည်းသွားနေသော အရှေ့ဘက်က ကြားနေရသည်။

"ကျန္နူ၊ ဘာတွေလဲကွ။ လူတွေအများကြီး အော်နေကြသံပါလား"

"ဂြူရီပါလာရွာဘက်ကနဲ့ တူတယ်၊ ဟုတ်လားကွ ဒူးမား"

ဤလမ်းခရီးကို အခေါက်ခေါက်အခါခါ သွားခဲ့ဖူးသော ကျန္နူကလည်း မသေချာသဖြင့် မြင်းလှည်းမောင်းနေသော သူတို့အိမ်က ဒူးမားကို မေးသည်။

"လူသံတွေကတော့ ဟုတ်တယ် ကျန္နူအနဲ(မ်)ဂြူရီပါလာရွာဘက်ကပဲ"

"ဟင် – ဘာတဲ့လဲကွ ကျန္နူ"

မြတ်ချမ်းအောင်က မေးလိုက်ရာ –

"ဘာလဲဆိုတာ ငါလည်းမသိဘူးကွ။ ရှေ့ရောက်ရင်တော့ သိရမယ်၊ ဒီလမ်းက ဂြူရီပါလာရွာကို လှမ်းကြည့်ရင် မြင်ရပါတယ်"

ကျွန်ုပ်တို့ပြောသော ဂြုရိုပါလာရွာဘက်နီးလာသဖြင့် လူသံတွေကို ပိုပြီးအုတ်အော်သောင်းတင်း ကြားလာရ၏။ မကြာပါချေ။ လမ်းကွေ့ တစ်ခုကို ချိုးထွက်လိုက်သည်နှင့် ဂြုရိုပါလာရွာဘက်ကို လှမ်းမြင်ရ သည်။

ဂြုရိုပါလာရွာ ဆိုသည်မှာ မြတ်ချမ်းအောင်တို့ ရောက်နေကြသော လှည်းလမ်းမနှင့် တစ်မိုင်နီးနီးခန့် ဝေးသည်။ ရွာနှင့် လှည်းလမ်းကြားတွင် လယ်ကွင်းကြီးရှိ၏။ ပြေးလွှားအော်ဟစ်ပြီး ရုတ်ရုတ်သဲသဲ ဖြစ်နေကြ သော လူတွေမှာ အယောက် လေးငါးဆယ်မက ရှိမည်။ ထိုသူများသည် အုတ်တံတိုင်းကြီးကာထားသော ရောမတိုက်ကြီးတစ်လုံးထဲကို မီးတုတ် တွေ၊ မီးကွင်းတွေနှင့် လှမ်းပစ်၍ အော်ဟစ်နေကြသည်။

အုတ်တံတိုင်းကြီးကာထားသော ထိုတိုက်အိမ်ကြီးမှာ ရွာနှစ်ရွာ ကြားတွင်ရှိသည်။ ရွာနှစ်ရွာနှင့် တိုက်အိမ်ကြီးမှာလည်း တစ်မိုင်နီးပါး ဝေးမည်ဟု ခန့်မှန်းရသည်။ ရွာနှစ်ရွာနှင့် တိုက်အိမ်ကြီး၏ အနောက် ဘက်တွင် တောင်တန်းတစ်ခုကိုလည်း ပျပျညို့ညို့ လှမ်းမြင်နေရ၏။

လူ လေး,ငါး,ခြောက်ဆယ်မှာ ထိုတိုက်ကြီးထဲကို မီးတုတ်တွေ၊ မီးညှိထားသော ကောက်ရိုးတုတ်တွေ၊ မီးကွင်းတွေ၊ ရရာလက်နက် တုတ်ချောင်းတွေနှင့်လည်း ဝိုင်းပစ်နေကြသည်။ ထိုလူအုပ်နားကို ကောက်ရိုးလှည်း နှစ်စီး၊ သုံးစီးလည်း အပြင်း မောင်းလာနေသည်ကို မြင်နေရသည်။

"ဟင် – ကျွန်ုပ်၊ ဘာတွေလဲကွ"

မြတ်ချမ်းအောင်က တိုက်ကြီးနှင့် လူအုပ်ဘက် လှမ်းကြည့်ပြီး အတိုက်တလန့် မေးလိုက်၏။

ရုတ်တရက် ကျွန်ုပ်ဆီက စကားထွက်မလာ။ မြင်းလှည်း မောင်း လာသော ဒူးမား(မာဒူး)မှာလည်း မြင်းလှည်းကို ရပ်ပြီး တိုက်ကြီးနှင့်

လူအုပ်ဘက်ကို အံ့သြတကြီး လှမ်းကြည့်နေသည်။

"ဟင် – ကျွန်ုပ်၊ ဘာတွေဖြစ်နေကြတာလဲကွ"

တိုက်ကြီးနှင့် လူအုပ်ကြီးဘက်ကို ကြည့်ကာ ငေးနေသော ကျွန်ုပ်ကို မြတ်ချမ်းအောင်က ထပ်မေးလိုက်သည်။

"အေး – ငါလည်း မသိဘူးကွ၊ ဘယ်လိုဖြစ်နေကြပါလိမ့်။ ဟိုတိုက်ကြီးကတော့ ရာမဏ္ဍသူဌေးကြီးရဲ့တိုက်ပဲကွ။ ဒီနယ်တစ်ဝိုက်မှာတော့ အချမ်းသာဆုံး သူဌေးကြီးပဲ။ သူဌေးကြီးကတော့ ငါတို့ ငယ်ငယ်တုန်းကပင် ဆုံးသွားတယ်။ သူ့အသုဘကို တို့ရွာက ရာမလောကျန် (သူကြီး) နဲ့ ရပ်မိရပ်ဖတွေ တခမ်းတနား သွားကြရတယ်။ သူဌေးကြီးရဲ့အမွေကိုတော့ သူ့ရဲ့ တစ်ဦးတည်းသောသား အဘိယာမက ဆက်ခံတယ်။ အဘိယာမက အင်္ဂလန်ပြန်ဆရာဝန်။ သိပ်သဘောကောင်းတယ်လို့ နာမည်ကျော်တယ်။ သူ့လယ်သူ့ယာ၊ သူ့ပရဆေးခင်းက အလုပ်သမားတွေအပြင် ဒီနားတစ်ဝိုက်က ရွာသူ ရွာသားအားလုံးကိုလည်း အခမဲ့ဆေးကုပေးတယ်။ လူတွေကိုသာ မဟုတ်ဘူးကွ၊ ကျွဲ၊ နွား တိရစ္ဆာန်တွေကိုပါ အလကားကုပေးတယ်။ အေး – ကျွဲ၊ နွား၊ မြင်းတွေကို ခွာနာလျှာနာကအစ ဆေးကုပေးတဲ့ ဆရာဝန်ကတော့ သူမဟုတ်ဘူး။ သူအင်္ဂလန်ကပြန်လာကတည်းက သူနဲ့အတူပါလာတဲ့ တိရစ္ဆာန်ဆေးကုဆရာဝန်ပဲ။ သူလည်း သိပ်သဘောကောင်းတယ်။ ခွေး၊ ကြောင်ကအစဆေးကုပေးတယ်။ ခွေး၊ ကြောင် အကောင်ကြီးကြီး ချောချောလှလှဆိုဝယ်တောင်ထားတယ်တဲ့။ ဈေးလည်း အများကြီးပေးတယ်။

အဘိယာမနဲ့နေတဲ့ နောက်တစ်ယောက် ရှိသေးတယ်။ သူကတော့တမိ(လ်)–အင်္ဂလိပ်ကပြားတဲ့။ သူလည်း အင်္ဂလန်ပြန်ပဲ။ ဆရာဝန်လည်းဖြစ်၊ သူဌေးလည်းဖြစ်တဲ့ အဘိယာမအတွက် မကောင်းတာကတော့ သူ ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနား မင်္ဂလာဆောင်ယူထားတဲ့ မိန်းမ

တွေက သူ့ကိုပစ်ပစ်သွားကြတယ်။ တို့ ဘာသာရေးအရ မိန်းမက ဒီလို ပစ်သွားလို့ မရဘူး။ ဒါပေမဲ့ သူနဲ့ မင်္ဂလာဆောင်တဲ့ ကုမ္မာရီတွေက လည်း ချမ်းသာတဲ့၊ အာဏာပါဝါရှိတဲ့ အသိုင်းအဝိုင်းက ကုမ္မာရီတွေ ဆိုတော့ သူကလိုက်လည်း မခေါ်ဘူး။ သူ့မယားတွေကလည်း ဘာမှ တော့ ပြောသံမကြားဘူး။ ဒီလိုနဲ့ပဲ ကွဲသွားကြတယ်လို့ အဖေ၊ အမေတို့ ပြောသံ ကြားဖူးတယ်။ ခုဆို ဘယ်နှယောက်တောင် ရှိနေပြီလဲ မသိဘူး။ တို့ကငယ်တော့ သူတို့အကြောင်း ဒီထက်ပိုမသိဘူး။ တို့အိမ်က အဲ - ခွာနာလ္လာနာ ဖြစ်ချင်တယ်ထင်လို့ မြင်းတစ်ကောင်ကိုတောင် အပါက သူတို့ဆီမှာ သွားဆေးကုရသေးတယ်။ သူတို့က လူဆေးခန်းရော တိရစ္ဆာန် ဆေးခန်းကိုပါ အိမ်သီးသန့်လို လုပ်ထားတယ်တဲ့။ သူတို့ တိုက်ကြီးအပြင် တံတိုင်းနဲ့ကပ်လျက်လို့ အဖေကပြောတယ်။ သူတို့တိုက်ကြီးရဲ့ ခြံဝင်းကြီး ကလည်း အကျယ်ကြီးတဲ့။ ဟို–ခုတို့မြင်ရတဲ့တောင်တန်းထိ ခြံဝင်းကြီး ရှိတယ်လို့ အဘိယာမရဲ့မင်္ဂလာဆောင်ကို တစ်ခါရောက်ဖူးတဲ့ တို့ရွာ သူကြီးက ပြောတယ်။ ကျွေးတာမွေးတာလည်း အလျှံပဲတဲ့။ သူတို့ သုံးယောက်စလုံးက သိပ်သဘောကောင်းကြတယ်လို့ ပြောတာပဲ။ ခုတော့ ဘယ်လို ဘယ်လို ဖြစ်ကြ"

"ဒိုင်း . . . "

"ဒိုင်း . . . "

"ဒိုင်း . . . "

ဆူညံ အော်ဟစ်နေကြသံတွေကြားထဲက သေနတ်သံ သုံးချက်ကို ကြားလိုက်ရသောအခါ မြင်းလှည်းကိုရပ်ပြီး လှမ်းကြည့်နေကြသော မြတ်ချမ်းအောင်တို့ သုံးယောက်မှာ ထိတ်ထိတ်ပျာပျာ ဖြစ်သွားကြသည်။

စကားကို ဆုံးအောင်ပင် မပြောလိုက်ရသော ကျွန်ုက–

"ဟော့ - လှည်းပေါ်မြန်မြန်တက်ကြကွ။ ဒူးမား၊ မြန်မြန်မောင်းကွာ။

အတော်ကြာတို့ကို ကျည်လာမှန်နေပါဦးမယ်။ မြတ်ချမ်း၊ တက်ကွ– မြန်မြန်"

ကျန္တ၏စကားအတိုင်းပင် မြင်းလှည်းပေါ် သုံးယောက်စလုံး အမြန်တက်ပြီး လှည်းကို အပြင်းမောင်းလာကြသည်။

လူသံ၊ သေနတ်သံများကို သဲ့သဲ့သာကြားရသော တစ်နေရာ အရောက်မှာ မြတ်ချမ်းအောင်က –

"ကျန္တ၊ မင်းတို့ဟာ ဆတ္တီမာရ် လုပ်နေကြတာများလား ကွ" ဟု မေးလိုက်သည်။

"မဟုတ်နိုင်ပါဘူးကွာ။ တို့နယ် အဲ – အိန္ဒိယမှာ ဆတ္တီမာရ် လုပ်တာကို အင်္ဂလိပ်အာဏာပိုင်တို့မှ ခွင့်မပြုတာ"

"သူတို့က သူဌေးတွေ၊ နယ်မှာ ဩဇာအာဏာရှိသူတွေ ဆိုတော့ မင်းစောစောကပြောသလို အင်္ဂလိပ်တွေက ဥပေက္ခာပြုထားချင် ပြုထား မှာပေါ့ကွာ။ အထူးသဖြင့် ခုလို ဂျပန် စစ်ရောက်နေတဲ့အချိန်ဆို ပိုတောင် ဂရုမစိုက်ဘဲ ထားချင်ထားကြမှာပေါ့။ အခု မင်းတို့ဆီမှာ ဆတ္တီမာရ် လုပ်တာ လုံးဝ မရှိတော့ဘူးလား"

"တို့ငယ်ငယ်က တောပိုင်းမှာတော့ တစ်ခါကြားလိုက်ရတယ်။ ထင်ထင်ပေါ်ပေါ်တော့ မလုပ်ရဲကြပါဘူး"

"မင်း ဆတ္တီမာရ်လုပ်တာကော မြင်ဖူးလို့လား ကျန္တ"

လင်သေလျှင် မယားပါ လင်သည့် သင်္ဂြိုဟ်သော မီးပုံထဲသို့ ခုန်ချပြီး ဆတ္တီလုပ် အသေခံကြရသည်ကို နားစွန်နားဖျား ကြားဖူးထား သော မြတ်ချမ်းအောင်က ကျန္တကို မေးလိုက်သည်။

"အရပ်သူအရပ်သားတွေ ဆတ္တီမာရ်လုပ်ကြတာတော့ ငါ မမြင် ဖူးဘူးကွ။ တို့ဘီယောနယ်က မဟာရာဂျာတစ်ယောက် နတ်ရွာစံလို့ ဆတ္တီမာရ်လုပ်တဲ့ပွဲကိုတော့ ငါ လေး,ငါးနှစ်သားအရွယ်က အမေ၊ အဖေ

တို့နဲ့ လိုက်သွားလို့ မြင်ဖူး၊ ကြားဖူးတာတော့ ရှိတယ်။ ဒါပေမဲ့ အားလုံးတော့ မမှတ်မိတော့ပါဘူးကွာ၊ ရိုးတိုးရိပ်တိပ်လောက်ပဲ။ လူကြီးတွေ အဲဒီပွဲမှာ ပြောဆိုနေကြသံတွေကိုတော့ တချို့တစ်ဝက် မှတ်မိနေသေးပါတယ်"

"ဟယ် - မင်းတော့ ကုသိုလ်ထူးတာပဲ။ ငါတို့မှာ အခု အသက်အရွယ်ထိတစ်ခါ . . ."

"ဟုတ်တယ်လေ၊ အဖေ,အမေတို့ကလည်း အဲဒါကြောင့် ငါ့ကို ခေါ်သွားကြတာ။ ငါတို့ ညီအစ်ကိုမောင်နှမတွေထဲမှာ အဖေက ငါ့ကို အချစ်ဆုံး။ အထွေးဆုံးသားဆိုတော့ ကုသိုလ်ရအောင်လို့ ခေါ်သွားကြတာ။ အဲ - အစ်ကိုကြီးကတော့ အဲဒီတုန်းက ဆင်းမလားမှာ ကျောင်းနေတုန်းထင်တယ်။ အစ်မကတော့ ကုသိုလ်ရမှာ၊ သေပြီးရင် နတ်ပြည်ရောက်မှာထက် မြင်ရရင် သွေးလန့်ပြီး တစ်ခုခုဖြစ်မှာစိုးလို့ အဖေက မလိုက်ခိုင်းဘူး။ အစ်မမှာ ဟတ်(ဒ်) ရှိတယ်။ အတန်းတိုင်းလိုလို တစ်တန်းကို နှစ်နှစ်လောက်စီနေခဲ့ရတာလည်း နှလုံးရောဂါက စာမေးပွဲနီးရင် စိတ်လှုပ်ရှားပြီး ပေါ်တော့တာပဲ။ ဒါကြောင့် အမေ၊ အဖေ . . ."

မြတ်ချမ်းအောင်မှာ သည်းခံ၍သာ နားထောင်နေရသော်လည်း ဝါကျရှည်သော ကျွန္တြကို စိတ်ထဲဆဲမိသည်။ သူတို့ဘာသာ ဆတ္တီလုပ်သည်ကို သိချင်လွန်း၍သာ နားထောင်နေရသော်လည်း ဆင်းမလားမှာသာဆိုလျှင်တော့ "ဟေ့ကောင် - မင်းအမေ၊ အဖေ အကြောင်း ငါမေးနေတာ မဟုတ်ဘူး။ မင်းအစ်မကလည်း အခု ကလေးနှစ်ယောက်တောင် မွေးပြီးပြီဆို။ ငါက ဘယ်လိုလုပ်ရမလဲ" ဟု ထအော်မိမည်မှာ မုချ။ အခုတော့ သူတို့အိမ်၊ သူတို့ရွာကို အလည်လိုက်လာရသည့်အပြင် ဆတ္တီလုပ်သည်ကိုလည်း အလွန်သိချင်သဖြင့် -

"အေးပါကွာ၊ မင်းအမေ၊ အဖေတို့နဲ့ အဲဒီ ဆတ္တီမာရ်ပွဲမှာ တွေ့ခဲ့

ကြုံခဲ့၊ အေး – ကြားခဲ့ရတာတွေကိုပေါ့ကွာ။ ငါ့ကို ပြောပြစမ်းပါ"

"အိမ်ရောက်တော့ ပြောပြပါ့မယ်ကွာ။ အိမ်ရောက်တော့ အဖေ၊ အမေတို့ကိုပါ မင်းထပ်မေးပြီး မှတ်တမ်းရေးပေါ့၊ ပို မကောင်းဘူးလား။ ငါ့စိတ်ထဲ အခု ရာမဏာသူဌေးအိမ်မှာ ဘယ်လိုများ ဖြစ်နေကြလဲဆိုတာ သာ အတွေးရောက်နေတယ်။ ဘယ်လိုက ဘယ်လိုဖြစ်လို့ သိပ် သဘော ကောင်းကြတယ်ဆိုတဲ့ ဆရာဝန်ကြီးတွေအကြောင်းပဲ"

"မင်း တွေးနေလို့လည်း အလကားပဲ၊ သူဌေးသား အဘိယာမရဲ့ အကြောင်းလည်း မင်းအိမ်ရောက်မှ သိရမှာပဲ။ ခု အိမ်ရောက်ဖို့ ဘယ်နှ နာရီလောက် ကြာဦးမလဲ ဒူးမား"

"ကျွန်တော်လည်း မသိဘူးဆပ်၊ အဲဒီ သူဌေးကြီးအိမ်မှာက ... "

ဒူးမားမှာလည်း သူဌေးအိမ်က အကြောင်းသာ တွေးနေပုံရသည်။ ထို့ကြောင့် မြတ်ချမ်းအောင်က သူဌေးအိမ်အကြောင်း မေးသည် ထင် သဖြင့် အကြားမပေါက် ပြန်ပြောလိုက်သည်ကို မြတ်ချမ်းအောင်က –

"ဒူးမားသံဘီ၊ အခု ငါမေးတာက သူဌေးကြီး ရာမဏာတိုက်ကြီး မီးလောင်နေတာ မေးတာမဟုတ်ဘူးကွ။ မင်းတို့ ဆပ်သခင်ကြီးအိမ် နောက်ထပ် ဘယ်နှနာရီ မောင်းရဦးမလဲလို့ မေးနေတာ။ မင်း လှည်း မောင်းရင်း ဘာတွေးနေတာလဲ"

"ဩော် – မကြာတော့ပါဘူး အနဲ(မ်)၊ နောက် ၃ နာရီဆို ဟို(လ်) ဂါမ ရောက်ပါပြီ"

"ကဲ – ကျွန်ုပ်၊ ၃ နာရီဆိုတဲ့ အချိန်က နည်းလားကွ။ မင်းပဲငါ့ကို ဘိုလိုပြောပြောနေတာ အချိန်နဲ့ဒီရေဟာ လူကို မစောင့်ဘူးဆို။ မင်းတို့ ဟို(လ်)ဂါမ လမ်းတစ်လျှောက်မှာလည်း နောက်ချေး(နွားချေး) ကျံအိမ်၊ ဆိတ်၊ နွား၊ လယ်တောတွေကလွဲပြီး ဘာမှကြည့်စရာမရှိဘူး။ စိတ်ဝင် စားစရာကောင်းတဲ့ ဗျူးဆိုလို့ စောစောက တို့တွေ့ခဲ့ကြတဲ့ ရာမဏာသူဌေး

တိုက်ကြီး မီးလောင်နေတာကလွဲပြီး ငါ့စိတ်ထဲကတော့ ဘာမှ စိတ်ဝင်စားစရာ မမြင်မိပါဘူး။ အဲဒီတော့ ဆတ္တိမာရ်လုပ်တဲ့အကြောင်း ငါ့ကို အခု မင်း မှတ်မိသလောက်ပြောပြစမ်းပါ သူငယ်ချင်းရာ"

စကားပြောတိုင်း ဝါကျရှည်တတ်သော ကျန္ဒကို ဤတစ်ခါတော့ မြတ်ချမ်းအောင်ကလည်း အကျိုးအကြောင်းနှင့် ဝါကျရှည်ရှည် ပြောပြီး တောင်းပန်လိုက်သည်။

ဤသည့်ကိုပင် ကျန္ဒက–

"ဆတ္တိမာရ်လုပ်တာ ငါမြင်ဖူးလိုက်တာဆိုတာက ဟို – နိုင်တီး၊ ဝွမ်တီးကကွ။ အခု လောလောဆယ်မှာ ဆတ္တိမာရ်လုပ်တာထက် သူ့ဒွေးကြီး ရာမဏာတိုက်ကြီး မီးလောင်နေတာ၊ လူတွေ ဝိုင်းပြီး မီးတုတ်၊ မီးကွင်းတွေနဲ့ ပစ်ပေါက်နေကြတာက ပိုပြီး စိတ်ဝင်စားရမယ်။ မင်းပဲ ပြောပြောနေတာပဲ၊ ပစ္စက္ခမှာ တွေ့ကြုံရတာတွေအပေါ်မှာပဲ သုံးသပ်အဖြေရှာရမယ်ဆို။ ဟို ဆတ္တိမာရ်က အတိတ် . . . "

ကျန္ဒကလည်း သူ့အိမ်က မြင်းသမားရှေ့မို့လား မသိ၊ မြတ်ချမ်းအောင်ကို ပြန်ချေနေပြန်၏။

"အဲဒါဆို မင်း ဘာလို့ ငါတို့ကို မြင်းလှည်းပေါ် မြန်မြန် တက်ခိုင်းရတာလဲ"

"ဟ – မတက်ခိုင်းလို့ ဖြစ်မလားကွ။ တိုက်ကြီးပေါ်က သခင်ဆပ်တွေ ငါ့အထင်တော့ လူအုပ်ကြီးကို သေနတ်နဲ့ လှမ်းပစ်နေတယ် ထင်တာပဲ။ အဲဒီမှာ တို့ဆက်ကြည့်နေကြရင် ကျည်မှန်ပြီး မာလကီးယားသွားမှာစိုးလို့ မင်းတို့ကို မြန်မြန်တက်ခိုင်းရတာ။ ကျေးဇူးမတင်ဘူးလား"

"ဟဲဟဲဟဲ – ဟုတ်သားပဲ၊ ငါ့သူငယ်ချင်းပြောတာ ငါ အခုမှ သဘောပေါက်တယ် ကျန္ဒ။ မင်း ဒီတစ်ခါတော့ နည်းနည်းတော်လာပြီ။ ကျေးဇူးတင်ပါတယ် သူငယ်ချင်း။ ထပ်ပြီး ကျေးဇူး တင်ရအောင် ဟို(လ်)

ဂါမက မင်းတို့အိမ် မရောက်မချင်း ငါ့ကို ဆတ္တိမာရ်လုပ်တဲ့အကြောင်း ပြောပြစမ်းပါကွာ။ မင်းတို့အိမ် ရောက်ဖို့ နောက် ၃ နာရီလောက်တောင် လိုသေးတယ်ဆိုတော့ အချိန်နဲ့ဒီရေက တို့ကိုစောင့်နေ . . .”

“ဟင်းဟင်း ခွေးကောင်၊ မင်း ဆတ္တိမာရ်လုပ်တာ သိချင်တာနဲ့ ငါ့ရဲ့တန်ဖိုးရှိတဲ့ အတွေးလေးတွေတောင် ဘယ်ထွက်ပြေးသွားမှန်း မသိတော့ဘူး”

ဤတစ်ခါတော့ ကျွန်ုပ်၏စကားကို ဒူးမားကပါ ရယ်သည်။

“အေး – မင်းအတွေးလေးတွေလည်း ထွက်ပြေးသွားပြီဆိုတော့ ဆတ္တိမာရ်လုပ်တာပဲ ပြောပြတော့ပေါ့ကွာ၊ မဟုတ်ဘူးလား ဒူးမား”

ဒူးမားက ဘာမှ ပြန်မပြောဘဲ ရယ်နေသည်။

“မပြောမချင်းကတော့ မင်း ငါ့ကို နားပူနားဆာ လုပ်နေမှာပဲ။ အဲဒီတော့ . . .”

“ပြောပြလိုက်တာ အကောင်းဆုံးပေါ့ကွာ – ဟဲဟဲ”

“အေးပါကွာ၊ ငါ မှတ်မိသလောက် ပြောပြပါ့မယ်”

“အေးပါ၊ ကျေးဇူးတင်ပါတယ် သူငယ်ချင်းရာ”

“မင်း အရမ်း ကျေးဇူးမတင်နဲ့ဦး”

“ကျေးဇူးတင်ပါတယ်ဆိုမှ မင်း လုပ်လာပြန်ပြီ”

“မလုပ်နဲ့လေ။ အပေးအယူရဲ့ သီဝရီကို မင်းနားလည်သားနဲ့”

“ကဲ – ဒါဆိုလည်း မြန်မြန်ပြောကွာ၊ ဝါကျရှည်မနေပါနဲ့ဆို”

“ငါ့ကို မင်း ကတိတစ်ခုပေးရမယ်”

“ဘာကတိလဲ၊ မြန်မြန်ပြော။ ဒီလိုနဲ့ ဟို(လ်)ဂါမ ရောက်တော့မှာပဲ”

“မင်းနဲ့ငါနဲ့ ဆင်းမလားမှာ အတူ တစ်ခန်းတည်းနေခဲ့ကြတယ်နော်”

"ဟုတ်ပါတယ်၊ ဟုတ်ပါတယ်"

မြတ်ချမ်းအောင်က စိတ်မရှည်ချင်တော့။ သို့သော် ကျွန်ုပ်ကတော့ ရယ်၍–

"ဒီလိုကွ – မင်းနဲ့ငါနဲ့ အခန်းအတူနေ၊ အချစ်ကြဆုံး သူငယ်ချင်း ဆိုတော့ အိမ်ရောက်ရင် ငါ့အကြောင်းကို အပါ အမာတို့က မင်းကို တိတ်တဆိတ် ခေါ်မေးကြလိမ့်မယ်။ အဲဒီအခါမှာ ငါ စာကြိုးစားပါတယ်၊ ကျောင်းစစ်အမှတ်တွေလည်း ကောင်းပါတယ်၊ စာမေးပွဲလည်း အောင်မှာပါ။ အထူးသဖြင့်တော့ကွာ ဟို–ဈေးထဲက . . ."

"ကိုယ်သဘောပေါက်တယ် သူငယ်ချင်း၊ စိတ်ချ။ ဟဲဟဲ – ဒူးမား၊ မင်းသခင်ဆပ် ငါ့ကို ကတိတောင်းနေတာ ကြားတယ်နော်။ ပေါက်ကြား သွားရင် မင်းလည်း အမှုတွဲပါပြီးသားမှတ် – ဟဲဟဲ"

ကျွန်ုပ်က ဆင်းမလားတွင် ကုန်ခြောက်ရောင်းနေသော မုဆိုးမ သမီးတစ်ယောက်နှင့် ရည်းစားလည်း မဟုတ်သေး၊ ဟိုလိုလို ဒီလိုလို ဖြစ်နေသည်ကို သူ့မိဘသိမှာစိုးရိမ်၍ နှုတ်ပိတ် ကတိတောင်းခြင်း ဖြစ် သည်။

မြတ်ချမ်းအောင်က ထိုကတိကို ပေးလိုက်မှ ကျွန်ုပ်က သူ ငယ်စဉ် ကတွေ့မြင်ခဲ့ရသော သူတို့နယ်က မဟာရာဂျာ ဆင္တ်မာရ်ပွဲအကြောင်း မှတ်မိသလောက်ကို လမ်း၌ ပြောပြလာလေသည်။

❋ ❋ ❋

ဟို(လ်)ဂါမ တစ်ရွာလုံးကလူတွေ ဘာဖြစ်နေကြသည် မသိ။ သွားရင်းလာရင်း တစ်ယောက်နှင့်တစ်ယောက် မျက်နှာချင်းဆိုင် ဆုံမိ ကြသည်နှင့် သူတို့ခြေလှမ်းတွေက သံပတ်တပ်စက်ရုပ်တွေ သံပတ် ကုန်သွားသလို ပြိုင်တူရပ်သွားကြသည်။ ယောကျ်ားအချင်းချင်းသာ

မဟုတ်၊ မိန်းမနှင့်ယောက်ျားတို့ မျက်နှာချင်းဆိုင် ဆုံမိကြလျှင်လည်း ထိုနည်းလည်းကောင်းပင်။

ဘာဖြစ်ကြပါလိမ့်။

ဘာ မကောင်းသတင်းတစ်ခုကို ကြားထားကြပါလိမ့်။

ဧကန္တ တစ်ရွာရွာမှာ သို့မဟုတ် သူတို့ရွာ၏အစွန်အဖျား တစ်နေရာရာမှာများ သူတို့ဒေသသားတွေ အလွန် ကြောက်ရွံ့ထိတ်လန့်တတ်ကြသော ကျောက်ကြီးရောဂါ၊ ကာလဝမ်းရောဂါများ ဖြစ်နေကြသည်ကို သတင်းပေး၊ သတင်းယူ လုပ်နေကြလေသလားဟု ကျွန်ုပ်ထင်သည်။ သို့သော် သူတို့ မျက်နှာတွေမှာ ထိတ်လန့်သော၊ စိုးရိမ်ကြောင့်ကြ ကြီးသော မျက်နှာထားမျိုးကိုတော့ မမြင်ရ။ အချို့က သတင်းပေး၊ သတင်းယူလုပ်ပြီး ပြုံးပြုံးရွှင်ရွှင်နှင့် ထွက်သွားကြသလို အချို့လည်း ပကတိမျက်နှာများနှင့်သာ လိုရာခရီးကို ထွက်သွားကြတာ ကျွန်ုပ် သတိပြုမိသည်။

သို့သော် မကြာပါချေ။ သူကြီးအမိန့်နှင့် ရွာဆော်ကြီး၏ ကြေညာချက်ထွက်လာသည်။ ဤပြည်နယ်၏အရှင်သခင်, ဤပြည်နယ်၏ အဓိပတိဖြစ်သော မဟာရာဇာကြီး၏ရောဂါကို ဟော်နန်းသမားတော်ကြီးပင် လက်လျှော့လိုက်ပြီ၊ မကြာမီ မဟာရာဇာကြီး နတ်ရွာစံတော့မည်ဟု ဆိုသည်။ ထို့ကြောင့် မဟာရာဇာကြီး၏ အသုဘစျာပနအခမ်းအနားနှင့် ဆတ္တိမာ(ရ်)အတွက် ကုသိုလ်ယူသွားကြရန် အသင့် ပြင်ဆင်ထားကြပါ ဟူသော ရွာဆော်ကြီး၏ မောင်းတဒူဒူထု၍ ရွာလမ်းတစ်လျှောက်ကို သူ့အသံပြဲကြီးနှင့် ဆော်ဩ ကြေးမောင်းခေါက်သွားသံကို ကြားရတော့သည်။

ထိုအခါ ဟို(လ်)ဂါမ တစ်ရွာလုံးရှိ လူတွေမှာ ပို၍ လှုပ်လှုပ်ရှားရှားဖြစ်လာကြသည်။ အမှန်ကတော့ ဟို(လ်)ဂါမ တစ်ရွာတည်းသာမဟုတ်၊

ရွာနီးချုပ်စပ်ရှိ ရွာများ၊ လူများသည် ထိုသတင်းကြောင့် အားလုံး လှုပ်လှုပ်ရှားရှား ဖြစ်ကြကုန်သည်။ တစ်ယောက်နှင့် တစ်ယောက် တွေ့ကြလျှင်လည်း သူတို့၏ မဟာရာဂျာကြီး နတ်ရွာစံတော့မည့်အကြောင်းကိုသာ မေးကြ၊ ပြောကြဖြစ်နေကြသည်။ ရွာတွေရပ်တွေမှာ ထိုသို့ ဖြစ်နေကြသလို မဟာရာဂျာ၏ ဟော်နန်းထဲမှာလည်း မဟာဒေဝီ ၃ ယောက်နှင့် အမတ်ချုပ်ကြီးအပါအဝင် အားလုံး စတင်လှုပ်ရှားနေကြသည်။ ဟော်နန်း သမားတော်ကြီး၏ အတည်ပြုချက်နှင့်အတူ ဈာပနကိစ္စ၊ ဆတ္တိမာရ် လုပ်ကြရမည့် မဟာဒေဝီ ၃ ယောက်၏ ဆတ္တိမာရ် ကိစ္စကလည်းပါသည်။

မဟာရာဂျာ၏သက်တော်မှာ ၆၈ နှစ် ရှိပြီ။ ပထမဒေဝီခေါင်ကြီး၏ သက်တော်က ၆၀၊ ဒုတိယ မဟာဒေဝီ၏ သက်တော်က ၄၃ နှစ်၊ တတိယဒေဝီ၏ သက်တော်က ၂၈ နှစ်၊ မဟာရာဂျာကြီး ကံတော်ကုန်လျှင် သူတို့ ၃ ယောက်စလုံး မဟာရာဂျာ၏ ရုပ်ကလာပ်ကို မီးသဂြိုဟ်လိုက်သော မီးပုံထဲသို့ခုန်ချ၍ အသက်စွန့် ဆတ္တိမာရ် လုပ်ကြရမည်။

ဤသည်ကိုလည်း လူတွေက ပြောမဆုံးပေါင် တောသုံးထောင်ဖြစ်နေကြသလို မဟာရာဂျာ၏ အမွေကို ဆက်ခံမည့် မင်းသား၏အကြောင်းကိုလည်း သူတို့မမေ့ထားကြ။ မဟာရာဂျာတွင် သားတော် ၅ ပါးနှင့် သမီးတော် ၃ ပါးရှိသည်။ ပထမ မဟာဒေဝီက သားတော် ၁ ပါးနှင့် သမီးတော် ၂ ပါး၊ ဒုတိယ မဟာဒေဝီမှာက သားတော် ၂ ပါး၊ တတိယ မဟာဒေဝီမှာက သားတော် ၂ ပါးနှင့် သမီးတော် ၁ ပါး။

ဤသည်တို့ကိုတော့ ဟော်နန်းနှင့်နီးစပ်သော အသိုက်အဝန်းက သိထားကြသည်။ ကျန်လူများကမူ မဟာရာဂျာမှာ သားတော်၊ သမီးတော်များ မည်မျှရှိသည်ကို သိသူ မရှိသလောက်ပင်။ မဟာရာဂျာနှင့် မဟာဒေဝီ၊ သားတော်၊ သမီးတော်များကိုလည်း အရပ်သူ၊ အရပ်သား

များက မြင့်ဖူးသည် မဟုတ်။ အမှန်ကတော့ မဟာရာဂျာ၏ မိသားစုကိုသာ မဟုတ်၊ ဟော်နန်းတွင်းရှိ အမှုထမ်းအရာထမ်းများကိုလည်း လူတစ်ရာလျှင် ဆယ်ယောက်ပင် မမြင်ဖူးကြ။ ဟော်နန်းအတွင်းရှိ အမှုထမ်း၊ အရာထမ်းများမှာ သီးခြားကမ္ဘာတစ်ခုလိုပင် နေနေကြသူများသာ ဖြစ်သည်။

ယခု မဟာရာဂျာကြီး နတ်ရွာစံသော ဈာပနပွဲမှာတော့ သာမန်အရပ်သူ၊ အရပ်သားတွေမှာ မဟာရာဂျာကြီး၏ ရုပ်အလောင်းနှင့်တကွ ဟော်နန်းတွင်းရှိ အကုန်သူကို မြင်ကြရတော့မည်။ ခေါင်းမြီးခြုံ၍သာ သွားလာတတ်ကြသော မဟာဒေဝီတို့၏ မျက်နှာများကိုလည်း သူတို့ ဖူးမြော်ခွင့် ရကြပေတော့မည်။ မဟာရာဂျာကြီး နတ်ရွာစံလျှင် ဟော်နန်းမြို့ရိုးတံခါးကိုလည်း အဆီးအတားမရှိ ဖွင့်ထားမည်ဖြစ်ရာ ဟော်နန်းထဲကိုလည်း သာမန်အရပ်သူ၊ အရပ်သားများ ဝင်နိုင်၊ ထွက်နိုင်ကြတော့မည်။ မဟာရာဂျာအား နောက်ဆုံး ဂါရဝပြုခြင်းကိုပင် အဆင့်အတန်းအရ ခွင့်တောင်းပန်ကြားက ရရှိနိုင်ကြသည်။

မဟာရာဂျာကြီး နတ်ရွာစံတော့မည်ဟူသော သတင်းသည် ပြည်နယ်တစ်ခုလုံးသို့ တောမီးကြီးပမာ တစ်မုဟုတ်ချင်း ပျံ့နှံ့သွားသည်။ ထိုအခါ ဆတ္တိမာရ်လုပ်သည်ကို မြင်ရသူများသည် ကုသိုလ်ရသည်ဟူသော ရှေးရိုးစဉ်လာအယူအဆကြောင့် ပို၍ပင် လှုပ်လှုပ်ရွရွ ဖြစ်နေကြသည်။ မဟာရာဂျာကြီးကမူ နတ်ရွာ မစံသေး။ သို့သော် သမားတော်ကြီးများကပင် ကုသ၍မရတော့၊ မုချနတ်ရွာစံတော့မည် ဟူသော ကြေညာချက်ကြောင့် ပြည်နယ်တစ်ခုလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည့်အပြင် ဟော်နန်းအမှုထမ်းများကလည်း မဟာရာဂျာကြီးနတ်ရွာစံလျှင် မဟာရာဂျာကြီး၏ ဈာပနနှင့် ဂူဗိမာန်ကို မည်သို့မည်ပုံလုပ်ကြရမည်ကို အမတ်ချုပ်ကြီးနှင့် တိုင်ပင်ကာ ဈာပနသင်္ချိုင်း နေရာကိုပင် သွားရောက်ရွေးချယ်

ထားကြရသည်။

ယခု နတ်ရွာစံမည့် မဟာရာဂျာ၏အုတ်ဂူ၊ ဆတ္တိမာရ် လုပ်ကြရမည့် မဟာဒေဝီတို့၏ အထိမ်းအမှတ်အုတ်ဂူများကို ယခင်က ဘိုးလောင်းတော်၊ ဘေးလောင်းတော် မဟာရာဂျာကြီး၊ ဒေဝီကြီးတို့၏ ဂူဗိမာန်နှင့် မည်သည့်ထောင့်၊ မည်သည့်နေရာ၌ ဆောက်လုပ်ကြရမည်ကိုပုဏ္ဏားတော်ကြီးများနှင့် ရှေ့မီနောက်မီ အမတ်ချုပ်ကြီးက နေရာပြရသည်။ နေရာရသည်နှင့် ဂူဗိမာန်ကို တည်ဆောက်နိုင်ရန် လိုအပ်သောအုတ်၊ သဲ၊ ကျောက် စသည်တို့ကို ကြိုတင်ပြုလုပ်ပြီး ဂူဗိမာန်ကြီးကိုလည်း မဟာရာဂျာကြီး နတ်ရွာ မစံမီကပင် ဆောက်လုပ်ထားကြသည်။

မဟာရာဂျာကြီးမှာ ကေန်မုချ နေ့လား၊ ညလား နတ်ရွာစံတော့မည် ဖြစ်သဖြင့် အုတ်ဂူကို ကြိုတင် ဆောက်လုပ်ထားကြသလို ဆတ္တိမာရ်လုပ်သည်ကို ထင်ထင်ရှားရှား မြင်တွေ့နိုင်ရန်အတွက် ကြိုတင်၍နေရာကောင်း သွားယူထားကြသူများလည်း ဒုနှင့်ဒေးပင်။ ထို့ကြောင့် ကျွန်ုပ်တို့ မိသားစုမှာလည်း အများနည်းတူ နှစ်ရက်၊ သုံးရက်စာ စားနပ်ရိက္ခာနှင့် မဟာရာဂျာတို့၏ သုသာန်မြေသို့သွား၍ နေရာဦးထားလိုက်ကြသည်။ သူတို့ကဲ့သို့ပင် သို့မဟုတ် သူတို့ထက်စော၍ နေရာလာယူထားကြသူများလည်း ရှိသည်။ သူတို့သည် မဟာရာဂျာကြီး၏ ရှာပန၊ မဟာဒေဝီတို့၏ ဆတ္တိမာရ်ပွဲကို အ,မင်္ဂလာဟု မည်မျှသူက မယူဆကြ။ တစ်သက်တစ်ခါ ကြုံတောင့်ကြုံခဲလှသော မဟာ မင်္ဂလာအခမ်းအနားကြီးဟုသာ အားလုံး ယုံကြည်သဘောပေါက်ထားကြသည်။ အစဉ်အလာအရ၊ ယုံကြည်မှုအရ ပြုလုပ်ကြသော ပွဲတော်ကြီးတစ်ခုပင်။

ထို့ကြောင့်လည်း မဟာရာဂျာကြီး နတ်ရွာစံတော့မည်ဟု ကျိန်းသေပေါက်ကြားကတည [illegible]နယ်လုံးမှ လာကြသူတွေမှာ တစ်မြို့လုံးရှိဘုရားကျောင်းများ[illegible]ချလာမည့် လမ်းဘေးဝဲယာနှစ်ဖက်တွင်

နေရာယူပြီး ချက်ပြုတ်စားသောက်ကာ မင်္ဂလာအခါတော်ကြီးကို ကြည့်ရှုကုသိုလ်ယူရန် ညအိပ်၍ပင် စောင့်လျက် ရှိနေကြသည်။

ထိုအချိန် ထိုအခါတွင် ဘုရားကျောင်းများ၊ ဈေးဆိုင်များ၊ မြို့ထဲက စားသောက်ဆိုင်များနှင့် မြို့ခံအိမ်များတွင် ဧည့်သည်များနှင့် အုတ်အုတ်ကျက်ကျက် စည်ကားလျက်ရှိနေသည်။ လာလာသမျှ လူများကလည်း သူတို့ပြည်နယ်၏ အရှင်သခင်ဖြစ်သော မဟာရာဂျာကြီး နတ်ရွာစံကံတော်ကုန်မည့် အချိန်ကာလ၊ ဟော်နန်းသမားတော်ကြီး၏ အတွင်းစကားသတ်မှတ်ချက်များကိုသာ တိုးတိုးတစ်ဖုံ၊ ကျယ်ကျယ်တစ်မျိုး ပြောဆိုထင်ကြေးပေး၍ ပါးစပ်အရသာခံနေကြသည့်သူများနှင့် ကြက်ပျံမကျ စည်ကားလျက်ရှိနေလေသည်။

ကျွန်ုပ်တို့မိသားစု ကြိုတင် နေရာလာယူထားကြသောနေရာမှာ ရှေးရှေးက မဟာရာဂျာများ၊ မဟာဒေဝီများ၏ အထိမ်းအမှတ် တည်ဆောက်ထားသော ဂူဗိမာန်တစ်ခုနားတွင် ဖြစ်သည်။ ကျယ်ဝန်းသော သင်္ချိုင်းမြေတစ်ခုလုံးမှာ ဝတ်ကျောင်းကြီးများလိုလို၊ ဟော်နန်းထဲက အဆောင်များလိုလို ဘုံဆင့်ပြာသာဒ်အထပ်အမြင့်တွေနှင့် ပြည့်နေသည်။ မဟာရာဂျာတို့၏ သင်္ချိုင်းမြေမှာ ကျယ်ဝန်းလှသဖြင့် အချို့ဂူဗိမာန်နောက်ခံနှင့် အစွန်အဖျားသာ မြင်ရသည်။

ထိုဂူဗိမာန်ကြီးများသည် မဟာရာဂျာတစ်ဦးစီ သို့မဟုတ် မဟာဒေဝီတစ်ပါးစီ၏ ကိုယ်စားပြုဆောက်လုပ်ထားခဲ့ကြသော ဂူဗိမာန်ကြီးများလည်းဖြစ်သည်။ ထိုဂူဗိမာန်ကြီးများမှာ ဈာပနကာလက သူတို့ကို မီးသင်္ဂြိုဟ်ရာ လောင်တိုက်နေရာများ၌ တည်ဆောက်ထားကြခြင်းဖြစ်၏။ ဘာသာမတူသူ၊ မသိကြသူ၊ မဟာရာဂျာတို့၏ ဈာပနနှင့် ဒေဝီတို့၏ ဆတ္တိမာရ်ပွဲကို မကြားဖူး၊ မမြင်ဖူး၊ မသိဖူးကြသူများဆိုလျှင် သင်္ချိုင်းမြေမှာ မြို့တော်ဟောင်း၊ မြို့ပျက်ကြီးတစ်ခုဟုပင် ထင်လောက်သည်။

ကျွန်ုပ်တို့မိသားစု စတည်းချနေကြရာ ရှေ့နေရာတည့်တည့်မှ ဂူဗိမာန်ကြီးမှာ အနီးအနားတစ်ဝိုက်၌ အကြီးဆုံး၊ အမြင့်ဆုံး၊ အခံ့ထည်ဆုံးဖြစ်သည်။ ပြာသာဒ်ဆောင်ပေါ်သို့တက်သည့် အပြင်ဘက် ကြောင်လိမ်လှေကားမှာ လောလောလတ်လတ် ဆောက်လုပ်ထားခြင်းမှန်း သိသာသည်။ ထိုဂူဗိမာန် လောင်တိုက်ကြီးပေါ်တွင် ဟော်နန်းအမှုထမ်း ဝတ်စုံအပြည့်နှင့် စောင့်နေကြသူများကို မြင်ရခြင်းအားဖြင့် ဤလောင်တိုက်ကြီးသည် ယခုလက်ရှိ မဟာရာဂျာကြီး၏ ဈာပနအတွက် ဆောက်လုပ်ထားသော လောင်တိုက်ကြီးဖြစ်ကြောင်း အားလုံးသိနေကြသည်။

လောင်တိုက်ကြီးကို အရှေ့စူးစူးအရပ်သို့ မျက်နှာပြုထားသည်။ လောင်တိုက်ကြီးရှေ့နားတွင် ရေကန်အသစ် တစ်ကန်ကိုလည်း လောလောလတ်လတ် တူးထားကြသည်။ ဤရေကန်သည်လည်း ယခု နတ်ရွာစံတော့မည့် မဟာရာဂျာနှင့် မဟာဒေဝီ ဆတ္တီမာရ် သခင်မတို့အတွက်သာ ဖြစ်သည်။ ဤလောင်တိုက်ကြီး ရှေ့၌သာ မဟုတ်၊ ဂူဗိမာန်တိုင်း၏ရှေ့၌လည်း ရေကန်ကိုယ်စီရှိသည်။ ထိုရေကန်များမှာ နောင်လာ နောက်သား ဆွေမျိုးများ ဂါရဝပြုရန် လာရောက်ကြလျှင် ကိုယ်လက်သန့်စင်ရန် အတွက် ထားခဲ့ကြခြင်း ဖြစ်သည်။ ထိုရေကန်များကို သူတို့သည် ဂူဗိမာန်ကြီးတွေနှင့်အတူ တည်ဆောက်ထားခဲ့ကြခြင်း ဖြစ်သည်။

❋ ❋ ❋

မိဘနှစ်ပါး အိပ်ပျော်နေကြသော်လည်း ကျွန်ုပ်ကား ကောင်းစွာ အိပ်မပျော်။ နှစ်ပရိစ္ဆေဒကြာမြင့်၍ ပြိုပျက်နေသော ဂူဗိမာန်၏မုခ်ဦး မုဒ်ခေါင်များ၊ စုလစ်မွန်းချွန်များ၊ ပြာသာဒ်ဆောင်များ၊ နံရံအကြိုအကြားများတွင် ခိုအောင်းနေကြသော လင်းဆွဲများ၊ ခိုများ၊ ညညအော်မြည်တတ်သော ပိုးကောင် မွှားကောင်များ၊ ဇီးကွက်များမှာ အော်မြည်ပျံသန်း

ကာ တစ်ညလုံး ဝင်လိုက်၊ ထွက်လိုက်လုပ်နေကြသဖြင့် ဖြစ်သည်။

ဤနေရာတောစဉ် နေနေရသည်ကို တစ်ခါတစ်ခါ ကျွန်ုပ်၏ စိတ်ထဲက ဘုရားကျောင်း၊ ဘုရားပွဲထဲ ရောက်နေသလို ခံစားနေရသည်။ ဘယ်နေရာကြည့်ကြည့် မီးအိမ်၊ မီးခွက်၊ မီးဖိုတွေနှင့် ချက်ပြုတ်စားသောက်နေကြသူတွေ၊ စကားထိုင်ပြောနေကြသူတွေ၊ ကလေးငိုသံတွေနှင့် ပတ်ဝန်းကျင်တစ်ခုလုံး အလင်းမရှိသော အမှောင်ကလွဲပြီး ညဘုရားပွဲလို ဖြစ်နေသည်။ ထို့ကြောင့်လည်း ဤမဟာရာဂျာကြီး၏ အသုဘအခမ်းအနားကို မည်သည့်ကလေးငယ်တွေကမျှ ကြောက်ရွံ့ခြင်း မရှိပေ။ အားလုံးအတွက် မင်္ဂလာရက်မြတ်၊ ကုသိုလ်ယူကြရမည့်၊ အပါယ်တံခါးနှင့် ဝေးကြရမည့် ရက်မြတ်မင်္ဂလာ အခါနေ့ရက်ပေတည်း။

ရုတ်တရက်မှ ကျွန်ုပ် လန့်သွား၏။ မြို့ရိုးပေါ်ရှိ ပဟိုရ် စည်စင်ကြီးပေါ်မှ ပဟိုရ်စည်ကြီး တီးခတ်လိုက်သော အသံကြောင့် ဖြစ်သည်။ ဤအသံကြောင့်ပင် မြို့ဘက်ရှိလူအုပ်ကြီးမှ အသံဗလံများ သောသောညံလာသလို အဆင့်ဆင့် အော်ပြောကြွေးကြော်လိုက်ကြသော အသံမှာလည်း ကျွန်ုပ်တို့နားထိ ရောက်လာသည်။ တစ်ဦးဆီက တစ်ဦး၊ တစ်ဖွဲ့ဆီက တစ်ဖွဲ့နှင့်။

ထိုအချိန်မှာပင် သူ့အဖေသည် လဲလျောင်းနေရာက ကယောင်ချောက်ချားခုန်ထလိုက်ပြီး–

"မဟာရာဂျာကြီး နတ်ရွာစံလေပြီ"

ဟု အော်ပြောလိုက်သည်။ စောစောက လူများစွာတို့၏ အဆင့်ဆင့်ကြွေးကြော်သံများမှာ ရောယှက်၍ မသဲမကွဲသော်လည်း ယခု သူ့အဖေကဲ့သို့ အားလုံးအော်ဟစ်ကြွေးလိုက်ကြသော အသံမှန်း သိလိုက်ရ၏။

အော်ဟစ်ကြွေးကြော်လိုက်ကြသူများကို ကြည့်ရသည်မှာ မည်သူမျှ ဝမ်းနည်းကြေကွဲနေကြပုံ မမြင်ရ။ သူတို့သည် ပျော်ရွှင်နေကြသလား၊ ဝမ်းသာနေကြသလား။ လူတစ်ယောက်၏ သေဆုံးခြင်း (သို့မဟုတ်) ယခု မဟာရာဂျာကြီး နတ်ရွာစံသွားခြင်း၊ သေဆုံးခြင်းသည် သူတို့ပြည်နယ်သားများအတွက် ဝမ်းသာစရာလား ဆိုသည်ကိုတော့ ကျွန်ုပ်တွေးမရဖြစ်သွား၏။

စောစောက မြို့ရိုးပေါ်ရှိ ပဟိုရ်စည်စင်က တီးခတ် အချက်ပေးလိုက်ခြင်းသည် မဟာရာဂျာကြီး နတ်ရွာစံသွားပြီးဖြစ်ကြောင်း အားလုံးကို အသိပေးလိုက်ခြင်းပင်။ ဤသည်မှာ မဟာရာဂျာ၊ မဟာဒေဝီတို့၏ သင်္ချိုင်းမြေတစပြင်သို့ လူတွေကို မြန်မြန်သွားကြဟု နှိုးဆော်လိုက်သလားလည်း ထင်ရသည်။ လူအုပ်ကြီးသည် မဟာရာဂျာ၊ မဟာဒေဝီတို့၏ ဂူသင်္ချိုင်းဘက်သို့ သူ့ထက် ငါဦးရောက်လာကြသည်။ ဤသူများသည် ယခင်က မဟာရာဂျာကြီး သေမည်၊ နတ်ရွာစံတော့မည်ကို မယုံတစ်ဝက် ယုံတစ်ဝက်နှင့် နားစွင့်နေကြသူများ ဖြစ်ပုံရသည်။ ကျွန်ုပ်တို့၏ မိဘနှစ်ပါးမှာကား ယုံကြည်ပြီးသား၊ မြို့ထဲရှိ ဆွေမျိုးများဆီက သတင်းရပြီးသား။ ထိုဆွေမျိုးများသည်လည်း ဟော်နန်းထဲတွင် နန်းသုံးသမားတော်ကြီးနှင့် အဆက်အသွယ်ရှိသော၊ အသိုင်းအဝန်းနှင့်နီးစပ်သော ဆွေမျိုးများရှိသဖြင့် ကျွန်ုပ်တို့မိသားစုကား မြို့ရိုးတံတိုင်း၏ သင်္ချိုင်းကျုံးပေါ်ရှိ နေရာကောင်းကို ရထားကြခြင်း ဖြစ်သည်။

မြို့ရိုးပေါ်က ပဟိုရ်စည်ကြီးတီးသံနှင့်အတူ မြို့အပြင်ဘက်ရှိ ခံတပ်ကြီးတစ်ခုပေါ်မှ မီးတုတ်၊ မီးရှူးမီးစည်းများ လင်းလာသည်။ ထိုအချိန်မှာ မြို့တံခါးအားလုံးကိုလည်း ဖွင့်လိုက်ကြပြီဟု လူကြီးများ ပြောနေကြသံကို ကျွန်ုပ် ကြားနေရသည်။ ဤသို့ မြို့တံခါးများအားလုံးကို ဖွင့်လိုက်ကြခြင်းမှာ နတ်ရွာစံသွားသူ မဟာရာဂျာ၏ ဝိညာဉ်တော်သည်

မည်သည့်မြို့တံခါးပေါက်က ဖြစ်ဖြစ်လွတ်ရာကျွတ်ရာသို့ ထွက်သွားနိုင်အောင် မြို့တံခါးတွေကို ဖွင့်ပေးထားရခြင်းဟု ဆိုသည်။

ကျွန်ုပ်တို့မိသားစုရှိရာ သင်္ချိုင်းမြေကို ယခုမှ တိုးဝှေ့ရောက်လာကြသော လူအုပ်ကြီးထဲမှ တစ်ဦးက မြို့ရိုးကျုံးခြောက်ပေါ်တွင် နေရာလုယူသည်။ ပြီးတော့ မိုးရီတံခါးစောင့်များသည် သူတို့၏တံခါးမှ မဟာရာဂျာကြီး၏ဝိညာဉ် ထွက်သွားသည်ကို မြင်လိုက်ရကြောင်း အနားက လူများကို ပြောပြနေသည်။

မဟာရာဂျာကြီးသည် ရွှေဝတ်ရုံကို ဝတ်ရုံကာ မြင်းညိုကြီးကိုစီးပြီး မိုးရီတံခါးက ထွက်သွားသည်ကို အစောင့်များမြင်လိုက်ကြရသည်ဟု ဆိုသည်။ ထိုအစောင့်များသည် အမှန်တကယ်ပင် မဟာရာဂျာကြီး၏ ဝိညာဉ် ထွက်သွားသည်ကို မြင်လိုက်ကြရသည် ဟူသောစကားကို သူတို့ကိုယ်တိုင် သံတော်ဦးသွားတင်၍လည်းကောင်း၊ တစ်ဆင့်စကားတစ်ဆင့်နားဖြင့် ကြားသိရ၍လည်းကောင်း ထိုအခြင်းအရာ တကယ်မှန်ပါက မဟာရာဂျာကြီး၏ အမွေကို ဆက်ခံမည့်သားတော်ကြီး ဥပရာဇာက ထိုတံခါးစောင့်များကို ဆုလာဘ်တော်များပေးခြင်း၊ ရာထူးဌာနန္တရများ တိုးပေးခြင်းကို မုချလက်ခံရရှိကြပေတော့မည်။

မနက်မိုးလင်း၍ နေဝါးတစ်ပြန်ခန့် မရောက်တရောက်မှာပင် သင်္ချိုင်းလမ်းပတ် စင်္ကြံပေါ်သို့ ဟော်နန်းသခင်လေး၊ သခင်မလေးများနှင့် အမတ်ချုပ်ကြီး၏ မိသားစုများ၊ အမှုထမ်းကြီးများ၏ ဆွေတော်မျိုးတော်များနှင့် အထူးဧည့်သည်များ နေရာလာယူကြသည်။ ဤသည်ကို မြင်ရခြင်းအားဖြင့် မဟာရာဂျာကြီး၏ ရုပ်ကလာပ်တော်သည် မကြာမီ ဟော်နန်းထဲက ထွက်လာတော့မည်ဟု သိကြရလေသည်။

ထို အထူးဟော်နန်းသူ၊ ဟော်နန်းသားများ နေရာယူလာကြသည်ကို မြင်ကြသည်နှင့် လူအုပ်ကြီးမှာ ပိုပြီးလှုပ်လှုပ်ရွရွ တိုးကြဝှေ့ကြနှင့်

သင်္ချိုင်းပတ်ကျုံးရိုး၏ ဒုတိယထပ်သို့ လုတက်ကြရာ ဟော်နန်းဝတ်စုံပြည့် ဝတ်ဆင်ထားသော တာဝန်ကျ အမှုထမ်းများက ကြိမ်တဝင့်ဝင့်၊ တုတ်တယမ်းယမ်းနှင့် လူအုပ်ကြီးကို ထိန်းပေးနေရသည်။ ထိုဒုတိယ၊ တတိယထပ်က တက်ကြည့်လျှင် မဟာရာဂျာကြီး၏ လောင်တိုက်တင်ခြင်း၊ မီးသင်္ဂြိုဟ်ခြင်း၊ မဟာဒေဝီတို့ မီးပုံထဲခုန်ချ ဆတ္တီလုပ်ခြင်းကို ပို၍မြင်သာသဖြင့် ထိုသို့ပင် လုတက်နေကြခြင်း ဖြစ်သည်။

ထိုနည်းလည်းကောင်းပင် ယခင်ရှေးရှေးက မဟာရာဂျာ၊ မဟာဒေဝီတို့၏ ဂူဗိမာန် အပြိုအပျက်များ၌လည်း မီးသင်္ဂြိုဟ်မည့်နေရာ အုတ်ဂူနှင့်နီးနီးနားနား မဟုတ်သဖြင့် ဟော်နန်းအမှုထမ်းများကလည်း အရေးတယူ ဂရုမစိုက်အားကြပေ။ သူတို့မှာ ယခု မီးသင်္ဂြိုဟ်မည့် မဟာရာဂျာ၊ မဟာဒေဝီ၏ နေရာလုံခြုံရေးသာ အရေးတကြီး ဖြစ်နေကြသည်။

မြို့ရိုးအပြင် တောင်ကုန်းပေါ်၌ရှိသော ခံတပ်ကြီးနှစ်ခုပေါ်မှ မီးရောင်တဝင်းဝင်း လင်းလက်သွားပြီး မီးခိုးများနှင့်အတူ အမြောက်ပစ်သံ ပေါ်ထွက်လာသည်။ ထွက်တော်မူနန်းက ခွာရပြီဖြစ်သော သူတို့၏ မဟာရာဂျာကြီးကို နောက်ဆုံးဂုဏ်ပြုခြင်းဟု ဆို၏။

"ဒီအမြောက်ပစ်သံဟာ မဟာရာဂျာကြီး ရုပ်ကလာပ်တော် မိုးရိုတံခါးက ထွက်လာပြီဆိုတာပဲဗျ။ ဒီအမြောက်သံက အများသိလောက်အောင် အချက်ပေးသံပဲ"

ဟု တစ်ယောက်က ပြောလိုက်သည်။ နောက်တစ်ယောက်က–

"မိုးရိုတံခါးက ဟုတ်ပါ့မလား။ ဟိုတုန်းက တို့ကြားဖူးတာ ပက္ကာတံခါးက ထွက်ရတယ်လို့ ကြားဖူးပါတယ်။

ထိုသူ၏ စောဒကတက်သံအား ပထမပြောသူက အရေးမစိုက်တော့။ အမြောက်ပစ်သံကြောင့် ခဏငြိမ်ကျသွားသော လူအုပ်သည် ပြန်လည်၍ ရုတ်ရုတ်သဲသဲ ဖြစ်လာကြပြန်၏။ မဟာရာဂျာကြီး၏ ရုပ်

ကလာပ်ရှေ့က လိုက်ပါမည့် ဗြာဟ္မဏပုဏ္ဏားတော်ကြီးကိုတော့ မမြင်ရသေး။ ပုဏ္ဏားကြီး၏ ခရုသင်းမှုတ်လာသံသဲ့သဲ့နှင့် လူအုပ်ကြီးက "ခမန်းခါး၊ ခမန်းခါး" ဟု ကောင်းချီး ဩဘာပေးသံများကို ကြားလာရသည်။

ဤသည်တို့မှာ ဆတ္တီလုပ်ကြရမည့် မဟာဒေဝီတို့ကို ကောင်းချီးပေးသံ သာဓုခေါ်သံတို့ဖြစ်ကြောင်း ကျွန်ုပ်အဖေက ပြောပြသည်။

အားလုံးသော လူတို့သည် ခရုသင်းမှုတ်သံ၊ ကောင်းချီးပေးလာသံများကို နားစွင့်ရင်း သူတို့ကလည်း 'ခမန်းခါး၊ ခမန်းခါး' ဟု တစ်ဃောက်တစ်ပေါက် ကောင်းချီးပေးသံများကို အော်ဟစ်ရွတ်ဆိုနေကြသည်။ ဗြာဟ္မဏပုဏ္ဏားတော်ကြီး၏ ခရုသင်းမှုတ်သံက တဖြည်းဖြည်း ပီပြင်လာသလို လူအုပ်ကြီး၏ ကောင်းချီးပေးသံတို့မှာလည်း ဘဝဂ်လျှံလာသည်။ သူတို့သည် သူတို့၏ အရှင်သခင် မဟာရာဂျာကြီးနှင့် မဟာဒေဝီများကို နောက်ဆုံး ဂါရဝပြု ဂုဏ်ပြုနေကြခြင်းဖြစ်၏။

ကျွန်ုပ်တို့နှင့်အတူရှိနေကြသော လူအုပ်ကြီးမှာ မဟာရာဂျာ၏ ရုပ်ကလာပ်တော်တင်ထားရာ ခေါင်းတလားပြာသာဒ်ကို နာရီဝက်ခန့်ကြာအောင် စောင့်ဆိုင်းပြီးကြတော့မှ လူအုပ်ကြီး နှစ်ဖက်ကြားထဲက တရွေ့ရွေ့ ရွေ့လာနေသော မဟာရာဂျာ၏ ခေါင်းတလားပြာသာဒ်ကို လှမ်းမြင်ကြရသည်။

ထိုအခါ လမ်းဘေးနှစ်ဖက်ရှိ လူအုပ်ကြီးမှာ ပို၍ ရုတ်ရုတ် သဲသဲဖြစ်လာကြသည်။ မဟာရာဂျာ၏ ရုပ်ကလာပ်ထားရှိရာ ပြာသာဒ်ပေါ် လှမ်းတင်ကြသော ပန်းခွေ၊ ပန်းကုံးများကိုလည်း ပလူပျံအောင် လှမ်းမြင်ရသည်။ သည်လိုနှင့်ကျွန်ုပ်တို့မြင်ကွင်းထဲ ရောက်လာ၏။ မဟာရာဂျာ၏ ရုပ်ကလာပ် ခေါင်းတလားပြာသာဒ်ပေါ် လှမ်းတင်ပစ်လိုက်သောပန်းခွေ၊ ပန်းကုံးအချို့မှာ လက်ဆလွဲပြီး ဘေးသို့လည်းကောင်း၊ စောင့်ရှောက်

လိုက်လာကြသော အမှုထမ်းများပေါ်သို့လည်းကောင်း၊ ခရသင်းမှုတ်၍ တရွေ့ရွေ့ တစ်လှမ်းချင်းလျှောက်လာနေသော ပုဏ္ဏားတော်များဆီသို့ လည်းကောင်းကျလာသည်။ ထိုပန်းခွေ၊ ပန်းကုံးများကို ကောက်တင် ပေးရသောကြောင့် ရုပ်ကလာပ်တော် သယ်ဆောင်ရေးမှာ ပို၍ကြန့်ကြာ နေသလိုပင်။

မဟာရာဂျာကြီး၏ရုပ်ကလာပ်တော်နောက်မှ လိုက်ပါလာကြ သော မဟာဒေဝီသုံးဦး၏ ဆာရီအနားများကို အလုအယက်လှမ်းကိုင်၊ လှမ်းတို့၊ လှမ်းထိ၍ ကုသိုလ်ယူကြသူများကို အမှုထမ်းတာဝန်ရှိသူများ က မနည်းထိန်းလာရသည်။ အချို့ကမူ မဟာဒေဝီများလျှောက်သွား သော ခြေရာများကို ကုန်းနမ်းကြသည်။ ဂုဏ်ပြုကြသည်၊ ရှိခိုးကြသည်။ ဤသို့မဟာဒေဝီများ၏ခြေရာကို ကုန်းနမ်း ကုသိုလ်ယူကြရမည့်အရေး မှာ သူတို့သည် ဣန္ဒြေမရပင် အလုအယက်ဖြစ်နေကြ၏။

ဤဆတ္တီမာရ်ပွဲ၏ မင်္ဂလာအခမ်းအနားသို့ ကြွချီလာကြသော၊ တစ်နည်းပြောရလျှင် သေတွင်းတံခါးဝသို့ ကြွချီလာကြသော မဟာဒေဝီ သုံးယောက်လုံး၏ ခြေဖဝါးတော်အောက်တွင် ဖိနပ် မပါကြပေ။ ဟော် နန်းထဲ၌ ပါရှန်းဖြစ် ကတ္တီပါကော်ဇောပေါ် နင်းသွားနေခဲ့ကြသော သူတို့ ၏ ခြေဖဝါးတော်နုနုတွေမှာ ယခုတော့ သဲမြေပေါ် တစ်လှမ်းချင်းနင်း၍ လိုက်ပါနေကြရ၏။ သို့သော် ခြေဖဝါးတော်များကတော့ နာကျင်မှု ရှိပုံမရကြ။ သူတို့၏လျှောက်လမ်းကို လူတွေနမ်း၍ ကုသိုလ်ယူနိုင်ရန် ခြေရာထင်အောင် သဲဖြူနုများ အထူးစီမံခင်းထား၍လည်း ဖြစ်ပေသည်။

မဟာဒေဝီတို့၏ ခြေဖဝါးအောက်တွင် ဖိနပ်မပါသလို အပြင်ကို သွားလာရာ၌ တစ်ခါမှ ခေါင်းမြီးခြုံမဖွင့်ကြသော မဟာဒေဝီသုံးဦးသည် ယခုတော့ ခေါင်းမြီးခြုံကို ဖွင့်လှစ်ထားကြသည်။ ဤသည်မှာ သူတို့၏ ပြည်နယ်သားများသည် သူတို့၏ မျက်နှာတော်ကို နောက်ဆုံး ဖူးမြင်ခွင့်

ပေးလိုက်ကြခြင်း ဖြစ်သည်။

မဟာဒေဝီသုံးဦးစလုံး၏ ကိုယ်ဝတ်တော်တွေမှာတော့ သူတို့ မဟာရာဂျာကြီးနှင့် စုလျားရစ်ပတ် လက်ထပ်ခဲ့စဉ်က ဝတ်ခဲ့သော အကောင်းဆုံး၊ အဖိုးအထိုက်အတန်ဆုံး ပိုးဖဲကတ္တီပါ အဝတ်ဖြစ်သည်။ လက်ဝတ်ရတနာများမှာလည်း ထိုမင်္ဂလာနေ့က ဝတ်ဆင်သော အဖိုးထိုက်၊ အဖိုးတန် လက်ဝတ်ရတနာတွေချည်း ဖြစ်၏။ နဖူး၊ နှာခေါင်း၊ နား၊ လည်တိုင်မှသည် ခြေချင်းဝတ်အထိ စီခြယ် မြှုပ်ကွပ်ထားသော ဒေဝီတို့၏ ကိုယ်ဝတ်ရတနာများသည် နေရောင်ထဲတွင် ပြိုးပြက်တောက်ပနေကြသည်မှာ မျက်စိကျိန်း မတတ်ပင်။ ဤရတနာ စိန်ကျောက်၊ ပတ္တမြားတို့ ယခင့်ယခင်ကထက် ဤနေ့ ဤသို့ အရောင်ပြိုးပြက်ထွက်နေကြသည်မှာ သူတို့သခင်မများအတွက် သေပန်းပွင့်ပေးနေကြသည်ဟုပင် ထင်ရလောက်သည်။

ဒေဝီသုံးယောက်စလုံး၏ ကိုယ်ဝတ်တော်နှင့် ရတနာစိန်ကျောက်များမှာ မင်္ဂလာနေ့က အဝတ်အဆင်ချည်းဖြစ်သော်လည်း ဦးခေါင်းပေါ်၌မူ မည်သည့်ဆံထိုး၊ ဆံညှပ်တစ်ခုကိုမှ ပန်ဆင်မလာကြဘဲ ဆံပင်ကို ဖြန့်၍ ဖြေချထားကြသည်မှာတော့ သူတို့တွေသည် သေမင်းတံခါးဝသို့ သွားနေကြရပါပြီဟု ပြသနေသလိုပင်။ ဒေဝီသုံးဦးတို့သည် သူတို့၏ ဆာရီစကို လှမ်းကိုင်တို့ထိကြသူများကိုလည်းကောင်း၊ သူတို့၏ခြေရာများကို နမ်းရှုပ်နေကြသူများအား လည်းကောင်း လုံးဝ လှည့်မကြည့်ကြပေ။ ရှေ့တူရူကိုသာ စိုက်ကြည့်ပြီး နှုတ်ခမ်းတလှုပ်လှုပ်နှင့် ဣန္ဒြေရရ လျှောက်လှမ်း နေကြသည်။ သူတို့သည် ဟိန္ဒူတို့ထုံးစံ အသုဘတွင် ရွတ်ဆိုရသည့် တရားစာများကို ရွတ်ဆိုလာကြပုံရ၏။

မဟာဒေဝီတို့၏နောက်၌မူ မဟာရာဂျာကြီး၏အရိုက်အရာကို ဆက်ခံမည့်ဥပရာဇာက လိုက်ပါလာသည်။ ဥပရာဇာ၏နောက်တွင် မြို့

ထဲရှိဘုရားကျောင်းမှ ထွန်းညှိယူလာသော မီးတုတ်ကို ကိုင်ကာ အမတ်ချုပ်ကြီးက လိုက်ပါလာသည်။ သူ့နောက်တွင် ဟော်နန်းမှ မှူးမတ်များ၊ အရာရှိကြီးငယ်များသည် ရှေ့နောက် အစဉ်အတိုင်း လိုက်ပါလာကြ၏။

သို့နှင့် နောက်ဆုံးတွင် ဈာပနအခမ်းအနားသည် လောင်တိုက်ရှိရာသို့ ရောက်လာကာ မဟာရာဂျာ၏ ရုပ်ကလောပ်တော်ကို လောင်တိုက်ပေါ်သို့ တင်လိုက်ကြသည်။ ဒေဝီတို့မှာ လောင်တိုက်အနီးတွင် ရပ်ကာ သူတို့ဝတ်ဆင်လာကြသော လက်ဝတ်ရတနာများကို ဣန္ဒြေရရပင် တစ်ခုပြီးတစ်ခု ချွတ်ကာ တစ်ချိန်လုံး သူတို့နောက်တွင် ပါလာသော ဥပရာဇာကို ကမ်းပေးကြသည်။ ဥပရာဇာသည် ဒေဝီတို့၏ လက်ဝတ်ရတနာများကို အမတ်ချုပ်ကြီးဆီ တစ်ဆင့်လှမ်းပေးပြန်သည်။ အမတ်ချုပ်ကြီးသည် ဥပရာဇာလှမ်းပေးသော ဒေဝီတို့၏ရတနာများကို ကတ္တီပါ ရှုံ့အိတ်တစ်လုံးထဲ ထည့်ထားရသည်။

ထိုအချိန်တွင် ပရိသတ်ကြီးမှာ အသက်ရှူရပ်မတတ် တိတ်ဆိတ်နေကြသည်။ တရားစာရွတ်နေသော ဘုန်းကြီးများသည် ထင်းပုံကြားထဲသို့ ဂွမ်းဖတ်တွေကို ဆီဦးထောပတ်အိုးထဲနှစ်၍ လောင်စာအဖြစ် ထိုးထည့်နေကြသည်။

ဒေဝီတို့၏ကိုယ်ပေါ်တွင် လက်ဝတ်တန်ဆာဆို၍ လည်ပင်းတွင်ဆွဲထားသော ပုတီးတစ်ကုံးသာ ကျန်ရှိတော့၏။ ထိုအခါ ဒေဝီသုံးဦးတို့သည် မဟာဒေဝီကစ၍ အစဉ်လိုက် ဟိန္ဒူဘုန်းကြီးထံ လက်ကမ်းပေးကြသည်။ ဘုန်းကြီးက သူတို့၏လက်ကို ဂင်္ဂါရေဖြင့် သွန်းလောင်းပေးသည်။ ဘုန်းကြီးများ၏ ဂါထာမန္တရားရွတ်သံက ပိုကျယ်လာသည်။

ဒေဝီသုံးဦးသည် အစဉ်အတိုင်း လောင်တိုက်ကို သုံးကြိမ် လှည့်ပတ်ကြသည်။ သူတို့သည် လက်ထပ်မင်္ဂလာပွဲကျင်းပစဉ်က ဤအဝတ်အစားနှင့်ပင် နံ့သာထင်းတို့ဖြင့် မီးရှို့ထားသော မီးဖိုကြီးအား သုံးကြိမ်

လှည့်ပတ်ခဲ့ကြရသည်ကို သတိရနေကြလိမ့်မည်ထင်သည်။ ထိုစဉ်က သူတို့၏ကိုယ်ရုံလွှာအမြိတ်စတို့ကို တွဲချည်ကာ နံ့သာမီးပုံကို သုံးကြိမ်သုံးခါ လှည့်ပတ်ခဲ့ကြသည်။ ပုဏ္ဏားတော်များ ကောင်းချီးပေးသံနှင့် ဟိန္ဒူဘုန်းကြီး ပရိတ်ရွတ်သံမှာလည်း သူတို့တစ်ကိုယ်လုံးကို ပီတိစိတ်များ လျှံဖိတ်ပျံ့နှံ့စေခဲ့သည်။ နံ့သာမီးပုံထဲကို အမွှေးအကြိုင် စန္ဒကူးနံ့သာထင်း,စ,လေးများ ပစ်ထည့်၍ မိဘဆွေမျိုးများက ကောင်းချီးသြဘာပေးခဲ့ကြသည်ကိုလည်း ဒေဝီတို့ သတိရနေကြလိမ့်မည် ထင်သည်။

သို့သော် ယခုမူကား သူ့ကိုယ်ပေါ်တွင် ဝတ်ဆင်ထားသည့် ဝတ်ရုံမျက်နှာဖုံးကို လောင်တိုက်ပေါ်ရှိ အသေကောင် မဟာရာဂျာ၏ရုပ်ကလာပ်နှင့် တွဲချည်လျက် အတိတ်နှင့်ပစ္စုပ္ပန်၏ ကွာဟချက်အား ဒေဝီသုံးဦးတို့ကသာ တွေးတောနေကြလိမ့်မည် ဖြစ်သော်လည်း လူအုပ်ကြီးကမူ ယခုအချိန်တွင် မည်သူမျှ သတိရကြလိမ့်မည် မဟုတ်။ သူတို့စိတ်အာရုံထဲတွင် ဆတ္တီမာရ် မင်္ဂလာပွဲကို ကြည့်ရမြင်ရခြင်းအားဖြင့် သေသည်၏အခြားမဲ့၌ နတ်ဘုံနတ်နန်းနှင့် ခံစား၊ စံစားရတော့မည်ဟုသာ ဝမ်းမြောက်ဝမ်းသာတွေးထင်နေကြလိမ့်မည်။

ဒေဝီသုံးဦးသည် ဆတ္တီမာရ်တံခါးဝသို့ ရောက်လာကြလေသည်။ ပုဏ္ဏားတော်ကြီး၏အလိုကျ အသင့်စီမံထားသော ပန်းအိုးထဲသို့ သူတို့၏လက်ကို နှစ်ဆိုးလိုက်ကြရသည်။ ပန်းဆီဆိုးထားသောလက်ဖြင့် မုခ်ဦးပေါ်တွင် လက်ဗွေနှိပ်ကြရသည်။ ဤသည်မှာ ရှေးရှေးလွန်လေပြီးသောကာလများက ဤမရဏတံခါးကို ဖြတ်သန်းခဲ့ကြသော မဟာဒေဝီတို့၏လက်ဗွေရာများနှင့် ရောနှောကျန်ခဲ့ပေလိမ့်မည်။

ထိုသို့အပြီး၌ မဟာဒေဝီသုံးဦးသည် လောင်တိုက်ကြီးပေါ်သို့ ကြောင်လိမ်လှေကားအတိုင်း တန်းစီတက်လာကြသည်။ မဟာရာဂျာ၏ရုပ်ကလာပ်ခေါင်းရင်းတွင် ပုဏ္ဏားတော်ကြီး ညွှန်ပြသည့်အတိုင်း စီတန်း

ထိုင်ကြရပြန်သည်။ ထိုအချိန်တွင် ပုဏ္ဏားတော်ကြီးများနှင့် ဘုန်းကြီးတို့၏ တရားစာရွတ်သံ၊ မန္တန်ရွတ်သံတို့က တိတ်သွားသည်။ လူထုပရိသတ်ကြီးမှာလည်း ထိုအချိန်တွင် ထိုမြင်ကွင်းအား အသက်ရှူရပ်မတတ် တိတ်ဆိတ်စွာ စိုက်ကြည့်နေကြသည်။ မဟာဒေဝီကြီးသည် မဟာရာဂျာ၏ ဦးခေါင်းကို သူ့ပေါင်ပေါ်သို့ ကြင်ကြင်နာနာပွေ့၍ တင်ထားလိုက်သည်။ မဟာရာဂျာ၏ မျက်နှာတော်ကို စိုက်ကြည့်နေသော မဟာဒေဝီ၏အသွင်သဏ္ဍာန်မှာ မဟာရာဂျာကြီး အသက်ရှင်နေဆဲကဲ့သို့ပင် ယုယုယယနိုင်လွန်းလှသည်။ မဟာဒေဝီကြီး ဤကဲ့သို့ ကြင်ကြင်နာနာ၊ ယုယုယယလုပ်နေရခြင်းမှာ အမှန်တကယ်လား သို့မဟုတ် သူ၏ညီမတော် ဒေဝီများ အလှည့် ရောက်လာသောအခါမှာလည်း သူ့လိုပင် ယုယုယယ၊ ကြင်ကြင်နာနာ ပြုလုပ်ကြရမည် ဆိုသည့်သဘောလား သို့မဟုတ် ဟော်နန်း ထဲကပင် ကြိုတင်လေ့ကျင့်လာကြသည်လား ဆိုသည်ကို တော့ သူတို့ပဲ သိကြပေလိမ့်မည်။

ထိုအစီအစဉ်အတိုင်း ဒေဝီသုံးဦးစလုံး ပြုလုပ်ပြီးသောအခါ ပုဏ္ဏားတစ်ဦးက မဟာရာဂျာ၏အလောင်းနှင့် ဒေဝီများကို ဂင်္ဂါရေနှင့် ပက်ဖျန်းနေစဉ် ဘုန်းကြီးတစ်ပါးက မြို့ထဲရှိ ဘုရားကျောင်းမှ ယူလာခဲ့သော ကြေးခေါင်းလောင်းကို အဆက်မပြတ် တီးခတ်ပေးထားသည်။ သုသာန်သင်္ချိုင်းမြေတစ်ခုလုံးမှာ ထိုအချိန်၌ တိတ်ဆိတ်နေသဖြင့် ဘုန်းကြီး၏ ခေါင်းလောင်းတီးသံသည် ဝန်းကျင်တစ်ခုလုံးကို လွှမ်းသွားသည်။

ထိုဘုန်းကြီး၏ ခေါင်းလောင်းတီးသံသည် ယခု မဟာရာဂျာကြီး၏ ဘိုးလောင်းတော်၊ ဘေးလောင်းတော် မဟာဒေဝီများ၏ သင်္ချိုင်းမြေရှိ ဗိမာန်ဂူပျက်ကြီးများကို ရိုက်ခတ်ကာ ပဲ့တင်သံပင် ပြန်လာနေသည်။ ဤသို့ ပဲ့တင်သံများ ပြန်၍ ရိုက်ခတ်လာသံတို့မှာ ယခုမဟာရာဂျာ၏ ဈာပနအခမ်း အနားနှင့်ဒေဝီတို့၏ ဆတ္တီမာရ်မင်္ဂလာပွဲကို ကောင်းချီး

ဩဘာ ပေးသံ၊ သာခုခေါ်သံဟုပင် ထင်နေကြပုံရသည်။

ထိုအချိန်တွင် ဈာပနအဖွဲ့ဝင် လူကြီးများသည် ထင်းပုံများနှင့် မဟာရာဂျာ၏ခြေထောက်ကို ဆီဦးထောပတ်နှင့် ထပ်လောင်းနေကြသည်။ ထိုအချိန်မှာ ဒေဝီသုံးဦးမှာ ပုဏ္ဏားတော်များ၊ ဘုန်းကြီးများ၊ ဈာပန ကော်မတီလူကြီးများက သူတို့၏ ဆိုင်ရာဆိုင်ရာ ဆတ္တိမာရ်လုပ်ကြရမည့် မဟာရာဂျာ၏ ထင်းပုံကြီးနားသို့ ဂါထာမန္တန်များရွတ်၍ ရွှေ့ပေးနေကြ သည်။ အမတ်ချုပ်ကြီးက သူကိုင်လာသောမီးတုတ်ကို အရိုက်အရာ ဆက်ခံမည့် ဥပရာဇာဆီ ကမ်းပေးလိုက်လေသည်။

ထိုအချိန်သည် နေအတော်စောင်းသွားပြီ ဖြစ်သည်။ ဤနေဝန်း ကြီး ငုပ်လျှိုးသွားသလို ဒေဝီတို့လည်း ဤနေ့၌ပင် အသက်ဝိညာဉ် ချုပ်ငြိမ်းကြရပေတော့မည်။ နေမင်းကြီးကမူ နောက်တစ်နေ့၌ သစ်လွင် သော အဆင်တန်ဆာတို့ဖြင့် ပြန်၍ ထွန်းလင်းတောက်ပလာဦးမည်။ ဒေဝီတို့၏ ရုပ်အဆင်းသဏ္ဍာန်များကိုကား နောက်တစ်နေ့မှာ မည်သူမျှ မြင်ကြရတော့မည် မဟုတ်တော့ပေ။ ထို့ကြောင့် လူတွေမှာ အသက်ပင် မရှူနိုင်ကြသလို တိတ်ဆိတ်ကာ လောင်တိုက်ဆီသို့သာ မလှုပ်မယှက် ငြိမ်သက်စွာ မျှော်ကြည့်နေကြသည်။

ပုဏ္ဏားတစ်ယောက်သည် မဟာရာဂျာကြီး၏ အရိုက်အရာကို ဆက်ခံမည့်ဥပရာဇာလက်ထဲရှိ မီးတုတ်ကို မီးစာရှို့ပေးလိုက်သည်။ ဆီဦး ထောပတ်မျိုးစုံ သွန်းလောင်းထားသော ရုပ်ကလာပ်၏ ခြေရင်းရှိမီးပုံပေါ် မှာ မီးတောက်ကြီးများသည် ရောင်စုံထွက်ပေါ်လာသည်။ ဥပရာဇာ၏ တာဝန် ပြီးဆုံးသွားပြီဖြစ်သဖြင့် သူ့လက်ထဲက မီးတုတ်ကို ပုဏ္ဏားတစ် ယောက်၏ လက်ထဲကမ်းပေးလိုက်သည်။

ထိုပုဏ္ဏားသည် ဒေဝီတို့၏နောက်ကျောရှိ ထင်းပုံကြီးကို မီးရှို့ လိုက်သောအခါ ဟုတ်ခနဲ မီးတောက်ကြီးနှင့်အတူ ဒေဝီများသည် မဟာ

ရာဂျာ၏ မီးပုံထဲက ကိုယ်ပေါ်သို့ ခုန်ချလိုက်ကြသည်လား၊ ပြင်းထန်သော မီးရှိန်ဟပ်လိုက်သောကြောင့် လဲကျသွားကြသည်လား ဆိုသည်ကို မူ ဒေဝီများသာ သိကြပေတော့မည်။ လူအုပ်ကြီး၏ ကောင်းချီးပေးသံနှင့် အတူ လောင်တိုက်ကြီး တစ်ခုလုံးကို မီးခိုးနှင့်မီးတောက်မီးလျှံများ ဖုံးလွှမ်းသွားလေတော့သည်။

❋ ❋ ❋

"ကျွန္ုပ်၊ မင်းပြောသလိုဆို ဒီဒေဝီတွေ သေဖို့ မကြောက်ကြလို့ပေါ့နော်"

"ဒါပေါ့ကွ"

"အင်း . . . . မင်းတို့ဆီမှာ ငါးမန်းကိုက်သေမှာလည်း မကြောက်ကြ၊ မီးပုံထဲ ခုန်ဆင်းသေမှာလည်း မကြောက်ကြ၊ ဟိုတိုက်ကြီးကြီးကိုလည်း မီးတုတ်၊ မီးစည်းတွေနဲ့ပစ်ပြီး လုပ်နေကြတာလည်း ဘာမှန်းမသိတော့ အံ့သြစရာချည်းပါလား။ ဆတ္တီမာရ် လုပ်တယ်ဆိုတာလည်း ဟိုတုန်းကတော့ ယောကျ်ားသေရင် မိန်းမပါ မီးပုံထဲ ခုန်ချကြတာလောက်ပဲ ကြားဖူးတယ်၊ အခု မင်းပြောပြတော့ အံ့သြစရာချည်းပါလား သူငယ်ချင်း"

"မအံ့သြနဲ့ သူငယ်ချင်း၊ တို့ဆီက လူတွေအားလုံးဟာ ဆာဒူးတွေ၊ ဖကီးတွေရဲ့ ဘာသာရေးမှိုင်းမိနေကြတာကွ။ အဲဒါကြောင့်လည်း သေရမှာကိုတောင် မကြောက်ကြတဲ့အခြေအနေ ရောက်သွားကြတာနေမှာပေါ့။ ဒါပေမဲ့ တစ်ခုတော့ရှိတယ်ကွ"

"အင်း–ဘာတစ်ခုလဲ၊ ပြောပါဦး သူငယ်ချင်း"

"မဟာဒေဝီတွေ မီးပုံထဲခုန်ချ သေရဲအောင် ဟော်နန်းထဲကပင် မူးယစ်ထုံထိုင်းစေနိုင်တဲ့ ဆေးတစ်မျိုးကို တိုက်ကျွေးလာကြတယ်လို့

လည်း အချို့က ပြောကြတယ်။ ဒီစကားကတော့ ဟော်နန်းသမားတော်ကြီးတွေနဲ့ နီးစပ်တဲ့အသိုင်းအဝန်းကလူတွေ ပြောပြတာဆိုတော့ ဖြစ်နိုင်တယ်။ အဲဒီဆေးဟာ ပါရှန်းတွေဆီကရတဲ့ ဓာတုရခေါ် အဆိပ်ဆေးတစ်မျိုးတဲ့။ အဲဒီဆေးကို စားထားရင် သေမှာကိုလည်း မကြောက်တော့ဘူး၊ အရာအားလုံးဟာ သူ့စိတ်ထဲမှာ ပျော်စရာချည်းလို့ပဲ ထင်နေတတ်တယ် ပြောကြတာပဲကွ။ အဲဒါကြောင့်လည်း ဒေဝီတွေက တစ်ယောက်ပြီးတစ်ယောက် မီးပုံထဲ ခုန်ချကြတာနေမှာပေါ့"

"ဖြစ်နိုင်ပါ့မလားကွ"

"ဖြစ်နိုင်တာပေါ့ကွာ။ အဲဒီဆေးက အာနိသင် ဘယ်လောက်ပြင်းလဲမှမသိတာ။ မင်းတောင် ချန္ဒရီက ဘုရားပွဲမှာ အရက်မူးပြီး မီးဝင်နင်းကြည့်ပါရစေလို့ ငါ့ကိုနားပူနားဆာ လုပ်ခဲ့သေးတာပဲ"

"အဲဒါ ငါက စမ်းကြည့်ချင်တဲ့ သဘောပြောတာပါကွာ။ မီးပုံထဲခုန်ချသေမယ်ပြောတာမှ မဟုတ်တာ"

"ဘာမှမထူးဘူး၊ အတူတူပဲ။ မင်းသာ မီးသွားနင်းရင် ငါပြောရဲတယ်။ ခြေလှမ်း ငါးလှမ်းမပြည့်မီ မီးကျီးခဲတွေပေါ် လဲကျသေမှာပဲ။ မီးနင်းတဲ့လူတွေကို မင်းက ပေါ့သေးသေးမထင်နဲ့၊ သူတို့က ဘုရားပွဲမရောက်မီ တစ်လကိုးသီတင်းလောက်ကပင် ဥပုသ်စောင့်၊ သက်သတ်လွတ်စား၊ အဓိဋ္ဌာန်ပုတီးစိပ်ပြီးမှ မီးနင်းနိုင်တဲ့ပါဝါကို သူတို့ရကြတာ။ ဒီနေ့ကျမှ သူများတွေ မီးနင်းတာကို အားကျပြီး မီးသွားနင်းရင် ဖုတ်ပြီးသားတောင် ဖြစ်သွားဦးမယ်။ အဲဒီ သူတို့နင်းတဲ့ မီးကျီးခဲတွေက ဘယ်လောက်ပြင်းတယ်ဆိုတာ မင်းလည်း မြင်ဖူးတွေ့ဖူးသားနဲ့"

ကျန္နပြောသည်မှာ ဟုတ်ပေမည်။ မြတ်ချမ်းအောင်သည် ဟိန္ဒူဘုရားပွဲများကို မကြာမကြာ သွားရောက်လေ့လာဖူးသည်။ အိန္ဒိယပြည်၌ မီးနင်းပွဲဝင်ကြသည်မှာ လူကြီးများသာမဟုတ်၊ ဆယ်ကျော်သက်အရွယ်

ကလေးငယ်တစ်ဦး မီးနင်းသွားသည်ကိုလည်း ဘုရားပွဲတစ်နေရာတွင် မြတ်ချမ်းအောင် မြင်ဖူးသွားသည်။ ထို့ကြောင့် ထိုကလေးဇာစ်မြစ် အကြောင်းကိုလည်း မေးမြန်းစုံစမ်း လေ့လာဖူးသည်။

ထိုကလေးသည် လူကြီးများထက် သီလစင်ကြယ်သူ၊ စရဏာ မြဲသူ၊ ဆာဒူးဘုန်းကြီးတစ်ပါးပါး ဝင်စားသူဟု ဆိုသည်။ မွေးကတည်း ကပင် သက်သတ်လွတ်စားတတ်သူဖြစ်သည်။ သားငါးစားသော ဟိန္ဒူ မိဘနှစ်ပါးက မွေးဖွားလာသော်လည်း သူကား လုံးဝ သားငါးမစား။ မိခင်ဖြစ်သူ ဝါးကျွေးသောထမင်း၌ သားငါးပါလျှင် စကားမပြောတတ် သော အရွယ်ကပင် ထွေးထုတ်ပစ်သည်ဆို၏။ ဒီကလေးသည် သားငါး နံ့ကိုပင် ခံနိုင်သူမဟုတ်ပေ။ ထိုဟိန္ဒူဘုန်းကြီးဝင်စားသော ကလေးမှာ မှာ ကြီးလာလျှင်လည်း ဆာဒူး၊ ဖကီး ဖြစ်သွားတတ်ကြသည်ဆို၏။

ထိုသို့သော ကလေးများကို ဆာဒူး၊ ဖကီး၊ မဟန့် များကလည်း သတင်းကြားသည်နှင့် ဘုရားကျောင်းကို လာခေါ်သွားတတ်ကြသည်။ သူတို့သည် ထိုကလေးအား သူတို့၏ ကျင့်စဉ် စရဏာကို သင်ကြားပေး ကြပြီး ဆာဒူး၊ ဖကီးအဖြစ်သို့ သွတ်သွင်းလိုက်ကြ၏။ ထိုကလေးမှာ ယခုမှ ဆယ်ကျော်သက်လေး ဖြစ်သော်လည်း ပါရမီသမ္ဘာရနှင့် လာသူ ဖြစ်သဖြင့် လက်ရှိ အသက် ၇၀၊ ၈၀ နှစ်ရှိသော သာမန်ဖကီး၊ ဆာဒူးတို့ ထက် မြင့်မြတ်သူဟု ယူဆထားကြ၏။

ဟိန္ဒူဘုရားပွဲများတွင် ထိုသို့ ဆယ်ကျော်သက်ကလေးငယ် တစ်ဦးဦး မီးနင်းသည်ကို မြင်ခဲ့ရသလို ဆယ်ကျော်သက် အရွယ်ကလေး များသည် ခါးမှစ၍ အပေါ်ပိုင်းနေရာများကို သံချွန်ဆူးတွေနှင့် ဖောက် ထိုးထားကြသည်ကိုလည်း မြင်ဖူးသည်။ ထို့ထက် အသည်းတုန် အူတုန် ဖြစ်စရာ၊ ကျောချမ်းဖွယ်ရာ ကောင်းသည်မှာ လျှာကိုထုတ်ပြီး သံချွန်နှင့် အထက်–အောက် ထုတ်ချင်းပေါက် ထိုးထားသည်ကိုလည်း ဘုရားပွဲ

တိုင်းတွင် တစ်ယောက်စ၊ နှစ်ယောက်စ မြင်ဖူးလေသည်။

ကျွန်ုပ် ပြောပြသလိုဆိုလျှင် ထိုကလေးများကိုလည်း တစ်ကိုယ်လုံး ထုံထိုင်းပြီး နာရကျင်ရမှန်းမသိအောင် ဓာတုရ (ခေါ်) အဆိပ်ဆေး တစ်မျိုးကို ကျွေးထား၍လား၊ သူတို့၏ အကျင့်,သီလ,စရဏ စွမ်းအား ကြောင့်လား ဆိုသည်ကိုတော့ မြတ်ချမ်းအောင် မဝေခွဲတတ်ပေ။ အိန္ဒိယ ပြည်ကြီးဆိုသည်မှာလည်း အယူဝါဒ ဂိုဏ်းဂဏတွေ များပြားပြီး အဝတ် လုံးဝ မဝတ်သော ဂျိန်းဘာသာဝင်များ ကို မြင်ဖူးထားလေရာ ကျွန်ုပ် ပြောသည်ကို အားလုံး လက်ခံရတော့မလို ဖြစ်နေသည်။

သို့သော် လက်ရှိအခြေအနေတွင် အင်္ဂလိပ်အစိုးရက ဆတ္တိမာရ် မလုပ်ရဟူသော ဥပဒေနှင့်ပတ်သက်၍ –

"နို့ – နေစမ်းပါဦး ကျွန်ုပ်ရာ . . .၊ ငါသိထားတာကတော့ ယောကျ်ားသေရင် မိန်းမပါ မီးပုံထဲခုန်ချပြီး လိုက်သေရတဲ့ မင်းတို့ရဲ့ အဲဒီအယူအဆကို အင်္ဂလိပ်အစိုးရက ဥပဒေနဲ့ တားမြစ်ထားတယ်ဆို။ မဟာရာဂျာကြီးရဲ့ပွဲက မင်းပြောသလိုဆို ဟိုးလေးတကျော်ပဲ။ မတားမြစ် ဘူးလား၊ အရေးမယူဘူးလား"

"ဘယ် အရေးယူလို့ရမလဲကွ၊ အဲဒါ ဘာသာရေးလေ။ ဘယ်သူ မဆို ကိုယ်ယုံကြည်ရာ ကိုးကွယ်နိုင်တယ်၊ လုပ်နိုင်တယ်တဲ့ လူတိုင်း လွတ်လပ်ခွင့်ရှိတဲ့ ဥပဒေက သူတို့မှာရှိတယ်တဲ့။ ပြီးတော့ တို့ပြည်နယ် ဟာ ဟိုတုန်းက အင်္ဂလိပ်အုပ်ချုပ်တဲ့ပြည်နယ် မဟုတ်ဘူး။ ကိုယ်ပိုင် ဥပဒေ၊ ကိုယ်ပိုင်ဘာသာ၊ ကိုယ်ပိုင်အုပ်ချုပ်ရေးနဲ့ မဟာရာဂျာတွေက အုပ်ချုပ်တဲ့ပြည်နယ်ကွ။ အင်္ဂလိပ်အစိုးရက မဟာရာဂျာတွေအုပ်ချုပ်တဲ့ ပြည်နယ်မှာ လုပ်ပိုင်ခွင့် မရှိဘူး။ မဟာရာဂျာသေလို့ ဒေဝီတွေ မီးပုံထဲ ခုန်ချ မသေရဘူးလို့ အင်္ဂလိပ်အစိုးရက တားမြစ်လာရင် ဒါငါတို့ဘာသာရေး ကို နှောင့်ယှက်စော်ကားနေတဲ့အနေနဲ့ ပြည်နယ်တစ်ခုလုံး ဆူပူကုန်မှာ။

အဲဒါကို အင်္ဂလိပ်အစိုးရကကြောက်တယ်။ ပြည်နယ်မှာ ဩဇာ ကြီးမားတာကလည်း မဟာရာဂျာတွေပဲလေ။ အဲဒါကြောင့် အင်္ဂလိပ်အစိုးရက မဟာရာဂျာတွေအုပ်ချုပ်တဲ့ ပြည်နယ်မှန်သမျှ ကိစ္စတွေကို မသိသလို ဥပေက္ခာပြုထားတာပဲ"

"အခုလည်း အဲဒီအတိုင်းပဲလား"

"အခုတော့ တို့ပြည်နယ်က အင်္ဂလိပ်အုပ်ချုပ်တဲ့အောက်ကို ရောက်သွားပြီလေ"

"အဲဒီတော့ ဆတ္တီမာရ် မလုပ်ကြတော့ဘူးပေါ့နော်"

"အဲဒါလည်း ခက်တော့ခက်သားကွ။ သူတို့မျက်နှာစာအောက်မှာတော့ ထင်ထင်ပေါ်ပေါ် မလုပ်ရဲကြပေမဲ့ အချို့ အစွန်အဖျားကျတဲ့ တောရွာတွေမှာတော့ တစ်နှစ်တလေ ကြားနေရသေးတယ်"

"ဒါတွေဟာ အမှန်ကတော့ ရှိနေဖို့ မကောင်းတဲ့ကိစ္စ။ ဟော–ကျန္တု၊ လူအော်သံတွေ ကြားလာရပြန်ပကော။ ဒီမှာလည်း နောက်ထပ် တစ်ရွာရွာက တစ်အိမ်အိမ်ကိုများ မီးရှို့နေကြပြန်ပလားကွ"

မြတ်ချမ်းအောင်က ကျန္တုကိုပြောနေရင်း လူသံသူသံတွေ ဆူညံစွာ ကြားလာရပြန်သဖြင့် အံ့ဩတကြီးပြောလိုက်ရပြန်၏။

ဤသည်ကို ကျန္တုနှင့်ဒူးမားတို့က ရယ်နေကြသည်။

"မင်းတို့ ဘာရယ်ကြတာလဲ။ လူသံတွေ ဒီလောက်ဆူညံနေကြတာ မင်းတို့ မကြားဘူးလား"

"ကြားပါတယ် အစ်ကိုရယ်၊ အဲဒါ စောစောက ကျွန်တော်တို့ အစ်ကိုတို့ ကြားခဲ့ မြင်ခဲ့ကြရတဲ့ အဲဒီတိုက်ကြီးက အသံပဲလေ"

ဒူးမားက မြင်းလှည်းမောင်းမပျက် ပြော၏။

"ဟင် – စောစောက တိုက်ကြီးက အသံတွေ၊ ဟုတ်လားကွ ကျန္တု"

"ဟုတ်ပါတယ်ဆို မင်းကလည်း၊ လမ်းကအကွေ့ အကောက်ဆို တော့ ခု တို့က အဲဒီတိုက်ကြီး နောက်ဘက်နားကို ပြန်ရောက်လာကြလို့ပဲ ကွ။ ဒီတိုက်ကြီးရဲ့ ခြံဝင်းကြီးက အကျယ်ကြီး၊ ပတ္တာခံထားတော့ လမ်း ကိုလည်း ကွေ့ကောက် ဖောက်ထားရတာလေ။ သူဌေးကြီးဦးရာမဏာ ပိုင်တဲ့မြေက ဟိုတောင်ခြေနားထိ ရှိတာတဲ့ကွ"

ကျွန်ုပ်တို့ ဟိုလ်ဂါမကို သွားသောလမ်းမှာ ဦးရာမဏာတိုက်ကြီးနှင့် ဝေးသွားလိုက်၊ ပြန်နီးလာလိုက် ဖြစ်သွားသည်ကို သဘောမပေါက်သော မြတ်ချမ်းအောင်က –

"အိုး – ဒီလို . . . "

မြတ်ချမ်းအောင်၏ စကားမဆုံးမီပင် သူတို့မြင်းကြီးက လန့်ဟီပြီး ခုန်ပေါက်လိုက်သောအခါ ဒူးမားနောက်တွင် ဘေးချင်းယှဉ် ထိုင်လိုက် လာကြသော ကျွန်ုပ်နှင့်မြတ်ချမ်းအောင်တို့မှာ အလဲလဲအပြိုပြို ဖြစ်သွားကြ သည်။ ထိုအချိန်မှာပင် ဒူးမားက မြင်းကိုဇက်သတ်၍ ရပ်လိုက်ပြီး–

"အစ်ကိုတို့၊ အစ်ကိုတို့ – ဟိုတိုက်ကြီးဘက်က ပြေးလာပြီး လှည်းကိုဝင်တိုးမလိုလိုနဲ့ ဖြတ်ပြေးသွားတဲ့မြင်းကြီးက ချိုနဲ့ပါလားဗျ၊ ချိုကြီးနဲ့ပါလား။ ကြည့်စမ်းပါဦး"

ဤတစ်ခါ ထိတ်ထိတ်လန့်လန့် ဖြစ်သွားသောသူကတော့ မြင်း လှည်းမောင်းလာသူ ဒူးမားပင် ဖြစ်သည်။

ဒူးမားက ချိုနဲ့မြင်းကြီး ဆိုသဖြင့် ကျွန်ုပ်နှင့်မြတ်ချမ်းအောင်တို့မှာ တစ်ယောက်ကိုတစ်ယောက် ဆွဲကိုင်ထ, လာကြပြီး ဒူးမား လက်ညှိုး ညွှန်ပြထားသော တိရစ္ဆာန်တစ်ကောင်ကို လှမ်းကြည့်လိုက်ကြသည်။

လူတွေ အော်ဟစ်ဆူညံနေသော တိုက်ကြီးဘက် တောစပ်မှ သူတို့ မြင်းလှည်းကို ဝင်တိုက်မတတ် ဖြတ်ပြေးသွားသောတိရစ္ဆာန်မှာ လယ် ကွက်တစ်ကွက်ဖြတ်ပြေးပြီး တောထဲသို့ ဝင်ပြေးသွားရာ ဦးချိုထိုးထိုး

ထောင်ထောင်နှင့် တိရစ္ဆာန်တစ်ကောင်ကိုတော့ ထင်ထင်ရှားရှားပင် မြင်လိုက်ကြသည်။ သို့သော် ဒူးမားပြောသလို ချိုကြီးနဲ့ မြင်းဆိုသည်မှာ တော့ ဘယ်လိုမှ မဖြစ်နိုင်သဖြင့် ကျန္တုက–

"မင်းအဘာ၊ မြင်းကချိုနဲ့တော့ဖြစ်မလားကွ ဒူးမားရ။ ငါတို့ကတော့ နွားပဲမြင်လိုက်တယ်ကွ၊ နော် – မြတ်ချမ်း"

ဟု မြတ်ချမ်းအောင်ကိုပင် သက်သေထူစကားဆိုလိုက်သည်။

မြတ်ချမ်းအောင်က ထိုတိရစ္ဆာန်ကိုမြင်တော့ မြင်လိုက်၏။ လယ် ကွင်းကို ဖြတ်ပြေးနေစဉ် ဦးချိုကိုတော့ မြင်လိုက်၏။ ထိုတိရစ္ဆာန်မှာ နွားလား၊ မြင်းလား ဆိုသည်ကိုတော့ သူ မသိလိုက်။ အညိုရောင် ဖြစ် သဖြင့် နွားသာဖြစ်မည်ဟု ထင်လိုက်သဖြင့် –

"မြင်တော့ မြင်လိုက်ပါတယ်၊ ဒါပေမဲ့ . . . ဒါပေမဲ့တို့ ထကြည့် တော့ မြင်း . . . အဲ – အင်း . . . အဲဒီကောင်က လယ်ကွင်းအစ ချုံနားကိုတောင် ရောက်သွားပြီလေကွာ။ ဒူးမားလို အနီးကပ်မှ မမြင် လိုက်ကြတာ၊ ချိုနဲ့ဆိုတော့ နွားပဲဖြစ်မယ်ထင်ပါတယ်"

ဟု မယုတ်မလွန်သာ ပြန်ပြောလိုက်ရသည်။

"ဟာ – အစ်ကိုကလည်း ကျွန်တော်နီးနီးကပ်ကပ်ကို မြင်လိုက် တာဗျ။ ကျွန်တော်တို့မြင်းရဲ့ အဖျားနားကကို ဖြတ်ပြေးသွားတာ။ ချိုနဲ့ မြင်းမှ ချိုနဲ့မြင်းဗျ"

"ဟေ့ကောင်– တော်စမ်းပါကွာ၊ မင်း ပေါက်ကရ မဖြစ်နိုင်တာ။ မင်းတို့အမျိုးမှာ ချိုနဲ့မြင်း မွေးဖူးလို့လား။ မင်းအဖေက တစ်သက်လုံး မြင်းမွေးရောင်းစားလာတဲ့သူပဲ။ ရွာရောက်မှ ချိုနဲ့မြင်းကို မင်းအပါတို့ အမာတို့ မြင်ဖူးလား မေးကြည့်တော့ကွာ။ ကဲ–မောင်းမောင်းကွာ၊ ရွာ ရောက် နောက်ကျနေဦးမယ်"

ကျန္တုက မာန်သလို ပြောလိုက်သဖြင့် ဒူးမားက ဘာမှ ပြန်မပြော

တော့ မြင်းလှည်းကိုသာ ဆက်မောင်းလာလေတော့သည်။ မြတ်ချမ်းအောင်က နှစ်ယောက်စလုံးကို နှစ်သိမ့်လိုက်သောအနေနှင့် တခစ်ခစ် ရယ်ကာ ကျန္တကို စ,လိုက်လာသည်။

"အေးကွ ကျန္တ၊ မင်းတို့ဆီမှာတော့ အဆန်းမှ တကယ့်အဆန်း ချည်းပဲ။ ငါ့သူငယ်ချင်းတို့ရွာ လိုက်လာရကျိုးနပ်ပါတယ်။ ချိုနဲ့မြင်းကိုလည်း မြင်လိုက်ရပြီ၊ ရှေ့ရောက်ရင် နှာမောင်းကြီးနဲ့ ကျားတောင် မြင်ချင်မြင်ရဦး . . . "

"ဟင် – မြတ်ချမ်း၊ ဒူးမားပြောတဲ့ ချိုနဲ့မြင်းကို မင်း တကယ်မြင် လိုက်တယ်။ စောစောက မင်းပြောတော့ နွားဖြစ်"

"ငါလည်း ခုမှပြန်ပြီး မြင်ကြည့်တာ။ ဒူးမားပြောတာ ဟုတ်တယ်ကွ၊ ချိုနဲ့မှ တကယ်ချိုနဲ့မြင်းကွ။ ချိုကြီးမှ နွားချို မဟုတ်ဘူး၊နွားချိုက ဒီလောက်မှ မရှည်တာ။ ကျွဲချိုလိုပဲ အရှည်ကြီးကွ။ ငါ့စိတ်ထင် တစ် တောင်တောင် ကျော်မယ်ထင်တယ် – ဟား ဟား ဟီး ဟင်းဟင်း"

မြတ်ချမ်းအောင် နောက်နေမှန်း သိသဖြင့် ကျန္တက–

"ဒူးမား၊ မင်းလုပ်တာနဲ့ ငါ့မှာတော့ ဒုက္ခပါပဲကွာ"

ဟု ညည်းလိုက်သည်။

"ဟင် – အနဲ (မ်)၊ ဘာဖြစ်လို့"

"ဟ – ဘာဖြစ်ရမလဲ၊ ငါ့အပါတို့ အမာတို့ကို ဆင်းမလားမှာ သားနဲ့အတူနေတဲ့ မက်ထရိတ်ကျောင်းသားတစ်ယောက် ခေါ်လာမယ်၊ အပါနဲ့ သူ့အဖေနဲ့လည်း သိပါတယ်လို့ ကြိုစာရေးလိုက်လို့ အစ်ကို တောင် ဆင်းမလားထိ လိုက်လာကြိုတာ။ အိမ်ရောက်မှ ဘယ်က စိတ် ရောဂါသည်ကို ခေါ်လာပါလိမ့်၊ ဒီစိတ်ရောဂါသည်နဲ့ ဆင်းမလားမှာ သား ဘယ်လိုများ အတူနေခဲ့ကြပါလိမ့်ဆိုပြီး ငါ့ကို ပါပါတို့၊ မာမာတို့က မေးရင် ငါ့မှာ ဘယ်လိုဖြေရမလဲ ခုကပင် စဉ်းစားထားမှ ဒူးမားရဲ့"

"လွယ်ပါတယ်ကွ ကျန္တရ၊ ကျွန်တော်လည်း ဆင်းမလားရောက်မှ စိတ်ဖောက်ပြန်သွားလို့ ဒီလိုစိတ်ရောဂါသည်နဲ့ တစ်နှစ်လုံး အတူနေခဲ့ရတာပြောပါကွ။ ဒါမှ တို့သူငယ်ချင်းနှစ်ယောက် မကွဲမကွာနဲ့ အရမ္ဗာ(ရ်)ဂျာက စိတ်ကျန်းမာရေးဆေးရုံမှာ သွားနေလို့ရမှာပေါ့။ နို့မို့ သိပ်ချစ်ကြတဲ့ သူငယ်ချင်းနှစ်ယောက် တကွဲတပြားစီ ဖြစ်သွားကြမှာပေါ့။ အစ်ကို ပြောတာ မဟုတ်ဘူးလားကွ ဒူးမား"

ဒူးမားက ကျန္တကို တစ်ချက်လှည့်ကြည့်ပြီး ရယ်နေ၏။

"ငါကတော့ မလိုက်နိုင်ဘူး။ ရွာရောက်တာနဲ့ မင်းတို့ နှစ်ယောက်စလုံးကို အရမ္ဗာရ်ဂျာကို ပို့ခိုင်းရမယ်"

ဟု စကားနိုင်လုရှ် ပြန်ပြော၏။

ထိုအချိန်မှာပင် တောင်ခြေလှည်းလမ်းအတိုင်း မြင်းစိုင်းလာနေကြသော လူသုံးယောက်ကို လှမ်းမြင်လိုက်ကြရ၏။ မြင်းကိုယ်စီနှင့် ထိုသူသုံးယောက်မှာ စောစောက သူတို့ တွေ့ခဲ့မြင်ခဲ့ ကြရသော မီးလောင်တိုက်ရှိရာ ဂြူရီပါလာရွာဘက်သို့ ဖြတ်လမ်းတောက အပြင်းဒုန်းစိုင်းလိုက်သွားသည်ကို ရိပ်ခနဲ မြင်လိုက်ကြရသည်။

"မြတ်ချမ်း၊ တစ်ခုခုတော့ ထူးလိမ့်မယ်ထင်တယ်ကွ။ ခု ဟိုဖြတ်လမ်းတောက မြင်းကို အပြင်းမောင်းလိုက်သွားကြတာ တို့ဟိုလ်ဂါမက သူကြီးရာမလောကျန်တို့အဖွဲ့ပဲ ဖြစ်ရမယ်။ ဂြူရီပါလာနဲ့ စောစောကတို့မြင်ခဲ့ရတဲ့ မီးလောင်တိုက်ကြီးဟာ တို့သူကြီးပိုင်ကွ"

ဤတစ်ခါတော့ ကျန္တက စကားကို အတည်ပြော၏။

"ဟုတ်တယ် အနဲ(မ်)၊ ရွာရောက်ရင် ဘာသတင်းထူး ကြားရမလဲ မသိဘူး။ ကျွန်တော်တို့နယ်မှာ ဒီလိုအဖြစ်မျိုး ကျွန်တော်တို့ မြင်ဖူး၊ ကြားဖူးတာမရှိပါဘူး"

ဟု ဒူးမားကလည်း ဆိုသည်။

မြတ်ချမ်းအောင်၏ စိတ်ထဲကမူ ကြက်သီးထစရာကောင်းသော ကျွန်ုပ်ကိုယ်တွေ့ပြောပြသည့် ဆတ္တိမာရ်ပွဲအကြောင်းကိုသာ ပြန်တွေးပြီး လိုက်လာမိလေသည်။

ဂျူရီပါလာရွာ၏သူဌေးကြီး ရာမဏာ၏သား ဆရာဝန်သေဆုံး သွား၍ သူ့ဈာပနနှင့် သူ့မိန်းမ ဆတ္တိမာရ်ပွဲကို သူများတကာလို မီး သင်္ဂြိုဟ်ရာ သင်္ချိုင်း၌မလုပ်ဘဲ သူတို့၏တိုက်ကြီးထဲ၌ပင် ဈာပနနှင့် ဆတ္တိမာရ်ပွဲ လုပ်နေကြသည်ဟု မြတ်ချမ်းအောင်က ထင်လာသည်။ သူတို့၏ ဈာပနမှာ ထင်းပုံပေါ် အလောင်းတင်၍ မီးရှို့ရာ ဈာပနလာ သူများက ရင်းနှီးလျှင် ရင်းနှီးသလို၊ ဆွေမျိုးရင်းလျှင်ရင်းသလို နံ့သာနီ၊ စန္ဒကူး ထင်းစ၊ ထင်းပေါက်များကို မီးပုံပေါ်လှမ်းပစ်ထည့်၍ နောက်ဆုံး ဂုဏ်ပြုကြသလို ယခု ရွာသူရွာသားများမှာ စန္ဒကူး နံ့သာထင်းများနှင့် ဂုဏ် မပြုနိုင်ကြသဖြင့် မီးတုတ်၊ မီးစည်းတွေနှင့် ဂုဏ်ပြုနေကြခြင်းသာ ဖြစ်ရမည်ဟု တထစ်ချ ယုံကြည်လာလေသည်။

ဂျူရီပါလာသူဌေးကြီး၏တိုက်နှင့် တဖြည်းဖြည်းဝေးလာရာ လူသံ သူသံတွေကို မကြားရတော့။ ဒီလိုနှင့် အမရာပါရွာက လမ်းခွဲတစ်ခုနား မြတ်ချမ်းအောင်တို့မြင်းလှည်း ဝင်လာသည်နှင့် လူစုလူအုပ်ထဲက အဘိုး ကြီးတစ်ယောက် ပြေးထွက်လာပြီး သူတို့မြင်းလှည်းကို လက်တားသည်။

မြင်းလှည်းပေါ်က လူငယ်များကို မြင်သောအခါ ထိုအဘိုးကြီးက –

"အမောင်တို့ ဘယ်ကလာကြသလဲ"

ဟု မေး၏။

ကျွန်ုပ်က –

"ဆင်းမလားမြို့ကလာတာ" ဟု ဖြေလိုက်သည်။

"ဒါဆို အမောင်တို့ ဂျူရီပါလာကို ဖြတ်လာကြမှာပေါ့။ ဘာတွေ မြင်ခဲ့လဲ"

ဟု မေးပြန်၏။

"သူဌေးကြီးရာမဏာ တိုက်ကြီးထဲကိုတော့ လူတွေက မီးတုတ်တွေ၊ မီးစည်းတွေ၊ မီးကွင်းတွေနဲ့ ပစ်သွင်းနေတာ မြင်ခဲ့ရတာပဲ အဘိုး"

အဲဒါကြောင့်နဲ့တူတယ်၊ ဂရမ်ဆီရီဂါတ်က အင်စပက်တော်ကြီးနဲ့ ပုလိပ်တွေ အဲဒီဘက်ထွက်လိုက်သွားကြတာ တွေ့လိုက်တယ်။ ဘာဖြစ်လို့တဲ့လဲ၊ အမောင်တို့ မကြားမိခဲ့ကြဘူးလား"

"ကျွန်တော်တို့က ဖြတ်ရုံတင်ဖြတ်လာကြတာ၊ ဘာဖြစ်နေတယ်ဆိုတာ မသိခဲ့ကြပါဘူး"

သူတို့အား အဘိုးကြီးမေးနေရာသို့ လူတွေ ဝိုင်းအုံလာကြသည်။ 'ဘာဖြစ်တာလဲ၊ ဘာတဲ့လဲ' ဟု တစ်ယောက် တစ်ပေါက် မေးလာကြသူများကို 'တိုက်ကြီးထဲ မီးတုတ်တွေ၊ မီးကွင်းတွေ ပစ်သွင်းနေကြတာပဲ မြင်ခဲ့ရတယ်။ ကျွန်တော်တို့လည်း ဘာဖြစ်နေမှန်း မသိပါဘူး'ဟု ပြောထားခဲ့ကာ မြတ်ချမ်းအောင်တို့ ကျွန္ုပ်တို့၏ ဟိုလ်ဂါမရွာဘက်ကိုသာ ဆက်ထွက်လာကြလေတော့သည်။

❋ ❋ ❋

ကျွန္ုပ်တို့အိမ်ကိုပင် မရောက်ရသေး၊ ကျွန္ုပ်ရ ဆင်းမလားက မနေ့ညနေ ရောက်မည်ကို သိထားကြသော ဆွေမျိုးတွေက ရွာကို ဝင်လာကတည်းကပင် ကျွန္ုပ်တို့မှန်း သိကြသည်နှင့် လက်တား၍ ဂြုရီပါလာ ရွာက သူဌေးကြီးရာမဏာတိုက်ကြီး အကြောင်းကိုသာ မေးကြသည်။ ထိုသို့မေးစဉ် ဆွေမျိုးမဟုတ်သူများပါ စိတ်ဝင်တစား ဝိုင်းလာကြ၏။

ကျွန္ုပ်က သူတို့တွေ့ကြုံခဲ့ကြသည့်အကြောင်းများကို ပြောပြရာ–

"ဘယ်လိုဖြစ်တာလဲ၊ ဘာကြားခဲ့လဲ" ဟု ထပ်မေးကြပြန်၏။ ကျွန္ုပ်ကလည်း တွေ့ကြုံခဲ့ရသည့် အကြောင်းကလွဲပြီး တခြား ဘာမှ

မသိခဲ့ရကြောင်းသာ ပြောပြနိုင်သည်။ ထိုအခါ ရာမလောကျန် ပြန်ရောက်မှ သိကြရတော့မည်ဟုဆိုကာ လူစုကြီးမှာ တစ်ယောက်တစ်ပေါက် ထင်ကြေးပေး၍ ကျန်ခဲ့ကြသည်။

ဤသို့မေးကြသည်မှာလည်း တစ်နေရာတည်း၌မဟုတ်၊ ရွာလယ်လမ်းအတိုင်း သူတို့လျှောက်လာသည်ကို သုံး, လေး နေရာ၌ ထိုသို့အမေးခံကြရသည်။ ကျွန်ုပ်တို့ရွာမှာ ရွာတန်းရှည် ဖြစ်သဖြင့် ဤသို့ချည်းအမေးခံနေကြရရာ ကျွန်ုပ်တို့အိမ်ကို တော်တော်နှင့် မရောက်နိုင်။ ကြာသော် စိတ်မရှည်စရာပင် ကောင်းလာသည်။

ရွာလမ်းတစ်လျှောက်မှာ လေးငါးခါ မြင်းလှည်းရပ်ပြီး မေးသမျှလူတွေကို သူဌေးကြီးရာမဏာ၏တိုက်ကြီးအကြောင်းသာ ပြောပြနေခဲ့ရသဖြင့် ကျွန်ုပ်တို့အိမ်ကို ညနေငါးနာရီခွဲမှ ရောက်ကြရသည်။ ရွာလမ်းတစ်လျှောက်၌သာမဟုတ်၊ ကျွန်ုပ်တို့အိမ်ကို ရောက်သည်နှင့် ကျွန်ုပ်၏အဖေ၊ အမေတို့ကလည်း ထိုအကြောင်းကိုပင် မေးကြသည်။

ထိုကြောင့် မြတ်ချမ်းအောင်က ဒူးမားကို –

"ဒူးမားသံဘီ (ညီလေး)၊ ကျွန်ုပ် ပြောပြတာ မပြည့်စုံသေးဘူးကွ။ မင်းတို့ ငါတို့ တွေ့ခဲ့ကြတဲ့ ချို(ဂျို)နဲ့ မြင်းအကြောင်းကိုလည်း ပြောပြလိုက်ဦးလေကွာ"

ဟု တီးတိုးလေးပြော၍ နောက်လိုက်သေးသည်။

ဤသည်ကို ဒူးမားက ရယ်နေ၏။ သူတကယ်မြင်လိုက်ရသည်ဆိုသော ချို(ဂျို)နဲ့ မြင်းအကြောင်းကို ကျွန်ုပ်ဟောက်မည်စိုး၍ ချို(ဂျို)နှင့် မြင်ခဲ့ရသည်ဆိုသော မြင်းအကြောင်းကို လုံးဝ မဟတော့ပေ။

ကျွန်ုပ်အဖေ ဆာတီးယားကတော့ –

"သူဌေးကြီး ရာမဏာတိုက်ကြီးမှာ မင်းတို့ပြောသလို ဖြစ်နေကြတယ်ဆိုတာ ဂြူရီပါလာက လူတစ်ယောက်က လာအကြောင်းကြားလို့

သူကြီးရာမလောကျန်တို့တော့ ကမန်းကတန်း လိုက်သွားကြလေရဲ့။ ရာမလောကျန်တို့ ပြန်လာမှ အကြောင်းစုံသိရတော့မှာ"

ဟု ပြောပြီးမှ မြတ်ချမ်းအောင်၏ အဖေအကြောင်းကို မေးနိုင်တော့သည်။ မြတ်ချမ်းအောင်က သူ့အဖေ ဟူဂလီဘက်မှာ တာဝန်ကျနေကြောင်းနှင့် သူသိခဲ့ရသည့်အကြောင်း၊ သူ့အဖေဆီက စာအကြောင်း ကျန္နုအဖေကို ပြောပြရ၏။ သဘောကောင်းကြသော ကျန္နုတို့အမေ၊ အဖေနှင့် ကျန္နု၏မရီးတို့က ဟိုလ်ဂါမမှာ ကျန္နုနှင့်အတူနေကြ၊ ကျောင်းဖွင့်မှ အတူပြန်ကြ၊ ဘာမှ အားနာစရာမရှိကြောင်း ပြောပြသည်။

ထိုသို့ မြတ်ချမ်းအောင်အား ပျူပျူငှာငှာ လောကဝတ် စကားပြောနေကြစဉ် အိမ်နီးပါးနားက မိန်းမ၊ ယောကျ်ား၊ ကလေးများပါ စုပြုရောက်လာကြပြီး ဂျူရီပါလာရွာက သူဋ္ဌေးကြီးရာမဏာတိုက်အကြောင်းကိုပင် ဝိုင်းမေးကြပြန်သည်။ ကျန္နုမှာလည်း စိတ်ညစ်လာပုံရ၏။ ထို့ကြောင့် "ထမင်းလည်းဆာပြီ" ဟုပြောကာ မြတ်ချမ်းအောင်ကိုခေါ်ပြီး သူတို့ရွာအနောက်ဘက်ရှိ စမ်းချောင်းသို့ ရေချိုးရန် ဆင်းလာကြသည်။

ရေချိုးပြီး အိမ်ကိုပြန်ရောက်လာကြသောအခါ ကျန္နု၏ မရီးရာဓာက –

"မောင်လေး၊ အစ်ကိုက ဘာမှာလိုက်သေးလဲ"

ဟု သူ့ခင်ပွန်း ဆောနက်ကို မေးသည်။

"ဟုတ်သားပဲ၊ ရာမဏာတိုက်ကြီးအကြောင်းချည်း တစ်ချိန်လုံး ပြောနေရတာနဲ့ အစ်ကို့ကိုတောင် မေ့သွားတယ်။ ဒီနေ့ညနေ အိမ်ပြန်လာမယ် ပြောလိုက်တာပဲ အစ်မရှယ်။ အစ်ကို ဆင်းမလားက မနက်ထွက်လာရင် ဒီအချိန်လောက်ဆို ရောက်ဖို့ကောင်းနေပြီ။ ဒီနေ့ မလာဖြစ်လို့ နေမှာပေါ့"

အမှန်က ဆောနက်သည် မြင်းနှင့်လာမည့်သူဖြစ်သဖြင့် ကျန္နု

တို့နှင့် မိမိအိမ်ကို ရှေ့ဆင့်နောက်ဆင့်ပင် ရောက်သင့်သူ ဖြစ်သည်။ ကျွန်ုပ်တို့မှာသာ သူ့အစ်မရွာ၌ တစ်ညအိပ်ခဲ့ကြရသည်မှာ မြင်းလှည်းနှင့် လာကြရသဖြင့် ဖြစ်၏။

"ကျွန်မကိုတော့ ဒီနေ့ပြန်လာမယ် ပြောသွားတာပဲ"

"ဟုတ်တယ်။ မြတ်ချမ်းတို့၊ ကျွန်တော်တို့ကိုလည်း အစ်ကိုက ဒီနေ့ပြန်လာမယ် ပြောလိုက်တာပဲ"

ဂျူရီပါလာရွာက သူ့ဌေးကြီးတိုက်မှာလည်း ထိုသို့ ရုတ်ရုတ်သဲသဲ ဖြစ်နေကြသည်ဆိုသဖြင့် ထိုလမ်းကပင် ပြန်လာရမည်ဖြစ်သော သူ့ခင်ပွန်းအတွက် စိုးရိမ်၍မေးသည်ကို ကျွန်ုပ်အမေ ဒေါ်ဆန်ဂီသာက ရိပ်မိပုံရသည်။ ထို့ကြောင့် –

"သား ဆင်းမလားကနေ ပြန်လာတိုင်း ဆူရီသာတို့ဆီ ထမင်းဝင်စားရင်း သူ့မွေးဖက်ပေးထားတဲ့ ဆိတ်သုံးကောင်ကို ဟေမာဝတီတို့အိမ်ဘက် သွားကြည့်နေလားမှမသိတာ ရာခာရယ်။ သူ့ဆိတ်တွေသွားကြည့်ရင်း မူနီယမ်ဒီက အတင်းညအိပ်ခိုင်းနေလားမှ မသိတာ"

ဟု ချွေးမရာခာကို နှစ်သိမ့်စကားဆိုသည်။

"ဟုတ်ပါလိမ့်မယ်။ ဒီကောင်က သူ့ဆိတ်တွေကို ဟေမာဝတီက အတင်းတောင်းနေလို့သာ မွေးဖက်ပေးလိုက်ရတာ၊ သံယောဇဉ်တော့ အတော်ကြီးရှာသား"

ကျွန်ုပ်အဖေကလည်း ပြော၏။

ဟေမာဝတီမှာ သူတို့၏ညီမဝမ်းကွဲ ဖြစ်သည်။ မူနီယမ်ဒီက ဟေမာဝတီ၏ယောက်ျား၊ ဆောနက်၏ယောက်ဖ။ ထို့ကြောင့်လည်း ကျွန်ုပ်တို့ အမေ၊ အဖေပြောကြသောစကားက ဆီလျော်မှုရှိ၏။

ဟေမာဝတီကို ဆိတ်မွေးထားသော နေရာမှာ ပါရာဟာရီရွာနှင့် နှစ်မိုင်နီးပါးဝေးသော တောင်ခြေတွင်ဖြစ်သဖြင့် သူ့ယောက္ခမတွေ ပြော

ကြသည်မှာ ဖြစ်နိုင်ခြေရှိသဖြင့် ရာဓာလည်း စိတ်သက်သာရာ ရသွားပုံ ရှိသည်။

အမှန်ကတော့ ဆောနက်သည် ဟောမာဝတီတို့ဆီ၌ မွေးဖက်ပေးထားသော သူ့ဆိတ်တွေကို သွားကြည့်နေခြင်းမဟုတ်၊ သူ့အစ်မအိမ်တွင် ထမင်းဝင်စားပြီး မြင်းနှင့်ပြန်လာရာ ကျွန်ုပ်တို့လိုပင် ဂျူရီပါလာရွာက သူဌေးကြီး ရာမဏာတိုက်၌ ဖြစ်ပျက်နေကြသည်ကို ရပ်ကြည့်နေစဉ် ဟိုလ်ဂါမက သူကြီး ရာမလောကျန်တို့နှင့်ဆုံမိကြသဖြင့် သူ့ကို ရာမလောကျန်က ခေါ်ထားခြင်းဖြစ်သည်။ ဆောနက်က ဟိုလ်ဂါမရွာ၌ ဆယ်အိမ်မှူးဖြစ်ရာ သူတို့ သူကြီးပိုင်နက်ရွာတွင် တစ်စုံတစ်ခုအမှုအခင်းဖြစ်လျှင် သူကြီးနည်းတူ သူ့မှာလည်း အတိုင်းအတာတစ်ခုထိ သူတို့ရွာသူကြီးကို အကူအပံ့ပေးရသဖြင့် သူကြီးတို့အဖွဲ့နှင့် ဂျူရီပါလာတွင် သောင်တင်နေခြင်း ဖြစ်သည်။

ထို့ကြောင့် ဂျူရီပါလာရွာရှိ သူဌေးကြီး ရာမဏာတိုက်ကြီးပြဿနာကို ရှင်းလင်းပြီးကြတော့မှ နောက်တစ်နေ့ညနေ မိမိအိမ်သို့ သူကြီးတို့အဖွဲ့နှင့်အတူ ပြန်ရောက်လာကြသည်။ ထိုအခါမှ ဟိုလ်ဂါမတစ်ရွာလုံးရှိ လူတွေမှာ သူဌေးကြီးရာမဏာ၏ တိုက်အိမ်ကြီးအကြောင်းကို အားလုံး သိရှိကြရတော့သည်။

❋ ❋ ❋

သူဌေးကြီးရာမဏာမှာ ဂျူရီပါလာရွာ၌သာမဟုတ်၊ တစ်နယ်လုံး၌ အချမ်းသာဆုံးဖြစ်သည်။ သို့သော် သူ့ခမျာ ကံ,မကောင်းရှာပေ။ သူ၏ ဇနီးသည် မိရဂျဗိဗီမှာ သားလေးတစ်ယောက် မွေးဖွားပြီး လေး,ငါးနှစ်ခန့် အကြာတွင် မိန်းမရောဂါနှင့် ဆုံးပါးသွားရှာသည်။

မိရဂျဗိဗီ ဆုံးပါးသွားချိန်မှာ ရာမဏာသည် အရွယ်ကောင်းပင်

ရှိသေး၏။ သို့သော် ရာမဏာသည် နောက်အိမ်ထောင် မပြုဘဲ မုဆိုးဖို အဖြစ်နှင့်သာ နေနေသည်။ သား,အဘိရာမကိုမူ အင်္ဂလန်ရှိ သူ့နှမဆီပို့၍ ပညာသင်စေသည်။ အဘိရာမ ဆရာဝန်ဘွဲ့ရ၍ အင်္ဂလန်က ပြန်လာသည်။

အဘိရာမသည် အင်္ဂလန်က တစ်ယောက်တည်းပြန်လာသည် မဟုတ်၊ သူတို့အရွယ် တိရစ္ဆာန်ဆေးကုဆရာဝန်တစ်ယောက်နှင့် သိပ္ပံဘွဲ့ရ ပညာရှင်တစ်ယောက်လည်း အဘိရာမနှင့်အတူ ပါလာသည်။ အဘိရာမနှင့် တိရစ္ဆာန်ဆေးကုဆရာဝန်တို့မှာ ဟိန္ဒူဘာသာဝင် အိန္ဒိယနွယ်ဖွား အိန္ဒိယသားစစ်စစ် ဖြစ်သည်။ သိပ္ပံပညာရှင်မှာမူ တမီ(လ်)နှင့် မျက်နှာဖြူကပြား ဖြစ်သည်။

အဘိရာမတို့ သူငယ်ချင်းသုံးဦးဂြူရီပါလာသို့ ရောက်ပြီး ငါးနှစ်ခန့်အကြာတွင် သူ့ဘိုးကြီးရာမဏာ ဆုံးပါးသွားသည်။ အဘိရာမသည် သူ့အဖေ ရာမဏာလို ကပ်စေးနှဲကော်တရာ မဟုတ်ပေ။ ဂြူရီပါလာက ကျေးရွာသားများနှင့် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများက တောင်သူလယ်သမား၊ လက်လုပ်လက်စား ဆင်းရဲသားများကို ဆေးဝါး အခမဲ့ ကုသပေးသည်။

အဘိရာမက လူများကို ဆေးဝါးကုသပေးသလို သူ့သူငယ်ချင်း တိရစ္ဆာန်ဆေးကုဆရာဝန်ကလည်း ကျေးရွာသူ၊ ကျေးရွာသားများ၏ ကျွဲ၊ နွား၊ ဆိတ်၊ ခွေး၊ ကြောင်ကအစ အခမဲ့ ဆေးကုပေးသည်။ ထို့ကြောင့်လည်း ကျေးရွာသူ၊ ကျေးရွာသားများက သူတို့နှစ်ယောက်ကို အလွန်လေးစား ချစ်ခင်ကြသည်။

နောက်တစ်ယောက် သိပ္ပံပညာရှင်ဆိုသူကမူ တိုက်ကြီးထဲ၌သာ နေသည်။ အပြင်ကို သိပ်မထွက်၊ တမီ(လ်)နှင့် မျက်နှာဖြူကပြား ခရစ်ယာန်ဘာသာဝင် ဖြစ်သည်ဟု ပြောကြ၏။ ထို့ကြောင့် ဆရာဝန်ဟိန္ဒူ

နှစ်ယောက်လို ပွဲလမ်းသဘင်များကိုလည်း သွားလာလေ့မရှိ။ ဘုရားပွဲ၊ ဘုရားကျောင်းများတွင် ဆရာဝန်နှစ်ယောက်ကိုသာ တစ်ခါတလေ တွေ့တတ်ကြသော်လည်း ထိုသိပ္ပံပညာရှင်ဆိုသူကိုကား ဂုဏ်ရှိပါလာရှိ လူကြီးများပင် မမြင်ဖူးကြချေ။ ရင်းနှီးသူအချို့က ထိုသူအကြောင်း မေးကြသောအခါ ဆရာဝန်နှစ်ယောက်က–

"ခင်ဗျားတို့လူတွေ၊ တိရစ္ဆာန်တွေအတွက် နာမကျန်းဖြစ်ရင် ဆေးဝါးကုသဖို့ ဆေးစပ်ဖော်နေလို့ သူ မအားပါဘူး"

ဟု ပြောပြတတ်ကြသည်။

အဘိရာမနှင့် တိရစ္ဆာန်ဆေးကုဆရာဝန်တို့မှာ မနက်နှင့် ညနေတိုင်း သူတို့တိုက်ကြီး၏ အုတ်တံတိုင်းနှင့်တွဲလျက် ဆေးခန်း ဆောက်လုပ်ထားသော ဆေးကုခန်းတွင် လာသမျှ ကျေးရွာသားများ၏ ကျွဲ၊ နွား တိရစ္ဆာန်များကို ဆေးကုပေးကြသည်။ ပထမ တစ်နှစ်၊ နှစ်နှစ်ကမူ မည်သူ့ကိုမဆို အခမဲ့ဆေးကုပေးသော်လည်း နောက်နှစ်တွေမှာ ခြံပိုင်၊ ယာပိုင်၊ လယ်ပိုင်ရှိသူများကို ထိုက်သင့်သောအခကြေးငွေယူ၍ ဆေးကုပေးကြသည်။ လယ်ကူလီများနှင့် ဆင်းရဲသူ၊ ဆင်းရဲသားများကိုတော့ ယခင်အတိုင်းပင် အခကြေးငွေ လုံးဝမယူဘဲ ကုသပေးကြ၏။

တိရစ္ဆာန်ဆေးကု ဆရာဝန်မှာ တိရစ္ဆာန်များကို အလွန် ချစ်တတ်၊ ကြင်နာတတ်ပုံရသည်။ ဆေးကုပေးသလို ကျွဲ၊ နွား တိရစ္ဆာန်များစက၍ မြင်း၊ ဆိတ်၊ ခွေး၊ ကြောင်တို့ကိုလည်း တိုက်ကြီး၏နောက် ခြံကျယ်ကြီးတွင် မွေးမြူထားသည်။ သို့သော် လယ်သမား၊ ယာသမားလို စီးပွားဖြစ် မွေးမြူခြင်း မဟုတ်။ တစ်မျိုးလျှင် သုံး, လေးကောင်ခန့်သာ မွေးထားသည်။ ထိန်းကျောင်းရန် ငှားထားသော လူငယ်တို့ကိုလည်း လခကောင်းကောင်း ပေးထား၏။

အဘိရာမမှာ မိဘအမွေ လယ်မြေ၊ ယာမြေ၊ ပရဆေးခြံ များစွာကို

ပိုင်ဆိုင်ထားသူဖြစ်သဖြင့် ရပ်ရေးရွာရေး၊ ဘုရားကျောင်းကန် အလှူ အတန်းပွဲများ၌လည်း မိဘဂုဏ်၊ သူ့ဂုဏ်နှင့်လိုက်အောင် လှူဒါန်းတတ်သူ ဖြစ်သည်။ သို့သော် အဘိရာမခမျာ သူ့အဖေ ရာမဏာထက်ပင် ကံဆိုး သည်ဟု ဆိုရမည်။

အကြောင်းမှာ အဘိရာမသည် အိမ်ထောင်ရေး ကံ,မကောင်း ရှာပေ။ သူက ခမ်းခမ်းနားနား မင်္ဂလာဆောင်ယူထားသော ဇနီး ပထမ အိမ်ထောင်သည် တစ်နှစ်ပင်မကြာ သူ့ကိုပစ်ထားခဲ့သည်။ မြို့ကြီးသူ ခေတ်ပညာတတ်မို့ သူ့လို ကျေးလက်မှာ မပျော်ပိုက်သဖြင့် ထွက်ပြေး သွားသည်ဟု အဘိရာမက သူတို့ ရွာသူကြီးကို ပြောသည်ဆို၏။

ထို့ကြောင့်ထင်သည်၊ မြို့ကြီးသူ ပစ်သွားပြီးနောက် တစ်နှစ်ခန့် အကြာတွင် အဘိရာမသည် သူတို့ ဂြူရီပါလာက လယ်ပိုင်ရှင် ကုမ္မာရီ လေး တစ်ယောက်ကို လက်ထပ်သည်။ ထိုကုမ္မာရီလေးလည်း ၂ နှစ် မပြည့်မီ သူ့မိဘအိမ်ကို ဆင်းပြေးလာသည်။ သူဌေးဆရာဝန်ကိုပင် ခင်ပွန်းမပြုချင်သော ထိုကုမ္မာရီလေးကို မိဘ၊ မောင်နှမ၊ ဆွေမျိုးများက အဘိရာမဆီ ပြန်ပို့ရန် ပထမသော် ဖျောင်းဖျ နားချကြသည်။ သို့သော် ထိုကုမ္မာရီလေးကို ဘယ်သူမှ ဖျောင်းဖျ နားချ၍မရ၊ အဘိရာမကို မပေါင်းလိုဟုချည်း ငြင်းဆန်နေ၏။

ထိုအခါ မိဘတွေက ဆဲဆို၍ အကြမ်းကိုင်ကြသည်။ ဘာကြောင့် အဘိရာမကို မပေါင်းချင်ကြောင်း အကြောင်းပြချက် မပြောနိုင်လျှင် အတင်းအကျပ် ပြန်ပို့မည်ဟု လုပ်ကြတော့ ကုမ္မာရီလေးက–

“သူတို့က တိရစ္ဆာန်တွေမွေးပြီး တိရစ္ဆာန်တွေလို နေကြတာ အပါ။ သမီးက တိရစ္ဆာန်လိုမနေနိုင်ဘူး။ တိရစ္ဆာန်တွေ အနံ့လည်း မခံနိုင်ဘူး။ သူသေရင်ပြော၊ ကျွန်မ ဆတ္တီလုပ်ပါ့မယ်”

ဟု ဆိုသောအခါ မိဘတွေမှာ ဒီထက်ပို၍ အတင်းအကျပ် မလုပ်ဝံ့

ကြတော့။ သို့သော် မိကြီး၊ မိငယ်တို့ကမူ ကုမ္မာရီလေးကို ဖျောင်းဖျကြသေးသည်။

"သူတို့ တိရစ္ဆာန်တွေကို သိပ်ချစ်ကြလို့ပဲ တိရစ္ဆာန်တွေကိုတောင် ဆေးကုပေးနေကြတာ နင်တွေ့သားနဲ့။ တိရစ္ဆာန်ချစ်တတ်တဲ့လူတွေက ဒီလိုပဲ၊ တိရစ္ဆာန်တွေကိုလည်း ကိုယ့်သားသမီးတွေလို ဖက်လဲတကင်းနေကြတာ ဆန်းသလား။ သမီးကော အိမ်က ကြောင်တွေ၊ ခွေးတွေကို မပွေ့မချီဘူးလား။ ချီတာပွေ့တာပဲမဟုတ်လား။ နင်ပွေ့ချီတဲ့အခါ တိရစ္ဆာန်နဲ့ နံမှာပေါ့ဟဲ့။ လူကလည်း လူနံ့နံတာပဲ။ နင်တို့အိမ်မှာကော အိမ်အောက်က ဆိတ်ချေးနံ့၊ နွားချေးနံ့ မနံဘူးလား။ ဒါများအေ အဆန်းလုပ်လို့၊ အံ့ပါရဲ့။ ဘာလဲ၊ သူက နင်နဲ့မင်္ဂလာဆောင်တုန်းကလို အိုးစည်ဗုံမောင်းနဲ့ လာခေါ်ရင်တော့ ပြန်လိုက်မယ်မဟုတ်လား။ ဆရာဝန်ကြီးကို ကြီးကြီးသွားပြောပေးမယ်၊ နော်–သမီး"ဟု မိကြီး၊ မိငယ်တို့က အမျိုးမျိုးဖျောင်းဖျပြောဆိုကြသော်လည်းမရ။ ထိုအခါ "နတ်ပြည် တင်ပေးလိုက်တာ ဖင်အေးတယ်ဆိုပြီး ခုန်ချလာတဲ့ကောင်မ၊ နေတော့ဟယ်"ဟု မိကြီးမိငယ်တို့ကလည်း စိတ်ဆိုးပြီး နောက် မပြောကြတော့။

ခက်သည်မှာ ဆရာဝန်ကြီးကို သူ့ဂုဏ်၊သူ့ဒြပ်နှင့်မို့ သူ့မိဘကိုယ်တိုင်က သွားမပြောရဲကြရာ ဒီလိုနှင့် အဘိရာမနှင့် ကုမ္မာရီလေးတို့ဇာတ်လမ်းက ပြီးဆုံးသွားကြပြန်သည်။

နောက်တစ်ယောက်ကမူ ထင်ထင်ပေါ်ပေါ် မင်္ဂလာဆောင်၍ယူသော ဇနီးမဟုတ်။ မိမဲ့ ဖမဲ့ ဆင်းဆင်းရဲရဲထဲကဖြစ်၏။ ဆေးလာကုရင်းသနား၍ ဆရာဝန်ကြီးက မွေးစားသမီးအဖြစ်ကြေညာ၍ သူတို့တိုက်ကြီးထဲ ဟန်ဆောင်ခေါ်ထားခြင်းဖြစ်သည်။ ထိုမိန်းကလေးမှာလည်း တစ်နှစ်ပင် မကြာ ပရာဂျန္ဒီရွာက သူ့ဘကြီးတော်သူတစ်ယောက်ဆီ ထွက်ပြေးသွားသည်။

သူ့ကိုလည်း ဆရာဝန်ကြီး၏ သူ့ဂုဏ်၊ သူ့ဒြပ်နှင့်မို့ သူ့မိဘကိုယ်တိုင်က သွားမပြောရဲကြရာ ဒီလိုနှင့် အဘိရာမနှင့် ကုမ္မာရီလေးတို့ ဇာတ်လမ်းက ပြီးဆုံးသွားကြပြန်သည်။

သူ့ကိုလည်း ဆရာဝန်ကြီးအိမ်သို့ ပြန်သွားရန် လိုက်ပို့ပေးမည်ဟု ဘကြီး၊ ဘထွေး၊ မိကြီး၊ မိလေးတို့က ဘယ်လိုပဲ ဖျောင်းဖျပြောကြပြောကြ၊ ခေါင်းသာ တွင်တွင်ခါနေသည်။ "ဘယ်လို ဖြစ်လို့လဲ၊ ဘာကြောင့်လဲ" မေးကြသည်ကို "သူတို့နဲ့နေရတာ စိတ်ကျဉ်းကျပ်လို့ မနေချင်ဘူး။ ကျွန်မ ကောက်စိုက် အငှားလိုက် လုပ်စားနေတာက လွတ်လပ်တယ်။ စိတ်ချမ်းသာတယ်" ဟု ဆိုသည်။ ဟိန္ဒူအမျိုးသမီးများမှာ အရှက်အကြောက်ကြီးကြရာ ဘူးဆိုလျှင် ဖရုံမသီးသူတွေမို့ ဤသို့ဖြင့် သူ့ခြေး ဆရာဝန်ကြီးအိမ်ကို ပြန်မသွားဘဲ ဘကြီးတို့ရွာ၌ပင် သူပြောသလို ကောက်စိုက်၊ ကောက်ရိတ်၊ ပျိုးနုတ်အလုပ်လုပ်၍ ပျော်နေသည်။

ထိုသို့အပြီး၌မူ ရက်၍လားမသိ၊ မိန်းမ ဇနီးသည်တို့၏ တစ်ယောက်ပြီး တစ်ယောက် ပစ်ပယ်ခြင်းကိုခံရ၊ မွေးစားသမီးကလည်း ထွက်ပြေးသွားသည်ကို ခံရသဖြင့် အဘိရာမကို ပွဲပြင်ကနားနှင့်ဘုရားပွဲ၊ ဘုရားကျောင်းလာတာကိုပင် မတွေ့ကြရတော့။ လာသမျှလူများကို ယခင်အတိုင်းပင် ဆေးတော့ ကုပေးနေသေး၏။

နောက်တစ်နှစ်၊ နှစ်နှစ်အကြာမှာတော့ အဘိရာမသည် ဆေးခန်းလည်း မထိုင်တော့။ တိုက်ကြီးအပြင်ဘက်ကို ထွက်တာလည်း မမြင်ရတော့။ တိရစ္ဆာန်ကုဆရာဝန်က အဘိရာမအစား လူတွေကိုပါ ကုပေးနေသည်။ အဘိရာမကို အလွန်ခင်မင်နေကြသော သူ့လူနာများက အဘိရာမကို မေးမြန်းကြသောအခါ တိရစ္ဆာန်ဆေးကုဆရာဝန်က နောက်ထပ်ဆေးပညာဘွဲ့တစ်ခုယူရန် အင်္ဂလန်မှာ သင်တန်းသွားတက်နေသည်ဟု လာသမျှ လူနာတွေကို ဆေးကုရင်း သူကပြောပြ၏။

ရာသီကုန်၍ လယ်ခွန်၊ ယာခွန် လာသွင်းသူများက အဘိုးရာမကို မေးကြပြီး လက်မှတ်ထိုးခိုင်းသောအခါမှာလည်း အဘိုးရာမ၏ကိုယ်စား တိရစ္ဆာန်ဆေးကုဆရာဝန်ကသာ ရှိကြောင်း၊ မှန်ကန်ကြောင်း သီးစားချ ထားသူများကို လက်မှတ်ထိုးပေးသည်။ အစိုးရဆီပေးဆောင်ရမည့် အခွန်တော်များကိုတော့ တိရစ္ဆာန်ဆေးကုဆရာဝန်က ဂြူရီပါလာ ရွာသူကြီးကို ဆောင်ခိုင်းသည်။

ယခင်က လူနာကို အဘိုးရာမကု၊ တိရစ္ဆာန်ကို တိရစ္ဆာန်ဆရာဝန် ကကု။ ထိုသို့ သူငယ်ချင်းနှစ်ယောက် လာသမျှလူနာ၊ တိရစ္ဆာန်နာတွေကို ကုသပေးနေကြရာက အဘိုးရာမက နောက်ထပ်ဆေးပညာဘွဲ့တစ်ခု ယူရန် အင်္ဂလန်ကိုထွက်သွားသောအခါ တိရစ္ဆာန်ကုဆရာဝန်မှာ တစ်ယောက်တည်း မနိုင်မနင်းဖြစ်တော့သည်။

ထို့ကြောင့်ထင်၏။ ပရာပူရီချွန် တိုက်နယ်ဆေးခန်းမှ သင်တန်း ဆင်းပြီးစ လုပ်အားပေး အပြာဝတ် ဆရာမလေးတစ်ယောက်ကို တိရစ္ဆာန် ဆေးကုဆရာဝန်က ငှားလာသည်။ ထိုဆရာမလေးရောက်လာတော့ လူနာတွေမှာ အတော်အဆင်ပြေသွားကြပြန်သည်။ ဆရာမလေးမှာ လည်း အလွန်သဘောကောင်း၏။ ဆင်းရဲချမ်းသာ မျက်နှာမရွေး လူနာ တွေကို ကြင်ကြင်နာနာ ယုယုယယ ကုသပေးသည်။

ထိုဆရာမသည် အဘိုးရာမထက်ပင် သဘောမနော ကောင်းသည် ဟု ဂြူရီပါလာရွာနှင့်တကွ ပတ်ဝန်းကျင်ကျေးရွာများက ဆရာမလေးကို အလွန်ချစ်ခင် အားကိုးကြသည်။ တစ်ခုသာ ပြောစရာရှိ၏။ အဘိုးရာမ ရှိတုန်းကတော့ မထနိုင်၊ သူတို့တိုက်ကြီးကို သယ်မလာနိုင်သော လူနာ များအတွက် မြင်းလှည်း၊ မြင်းနှင့်ခေါ်လျှင် နေ့ညမဟူ အဘိုးရာမက လိုက်ပါကုသပေးတတ်သည်။ ယခု ဆရာမလေးမှာတော့ မိန်းမသား ငယ်ငယ်ရွယ်ရွယ် ဖြစ်သဖြင့် ထိုသို့သွားခေါ်၍မရ။ ဆရာမလေးမှာ

တိရစ္ဆာန်ဆေးကုဆရာဝန်တို့နှင့် တိုက်ကြီးထဲတွင်နေလေရာ ညကြီးမင်းကြီး တိုက်တံခါးဝက အော်ခေါ်ကြလျှင်လည်း မည်မျှကြာကြာခေါ်ခေါ် ဘာသံမှမကြားရ။ တိုက်ကြီးကို ကာရံထားသော တံတိုင်းကြီးတံခါးဝမှာလည်း တစ်ဖာလုံ၊ နှစ်ဖာလုံခန့်ဝေး၍ တော်တော်နှင့် ခေါ်သံကြားမည် မဟုတ်ပေ။ ခက်သည်မှာ ယခင် သူဌေးကြီး ရာမဏာရှိစဉ်ကလို ဓားကောက်ကြီးချိတ်ပြီး စောင့်နေသော တံခါးစောင့်ဒရဝမ်လည်း မရှိ။ အဘိရာမအဖေ ရာမဏာသူဌေးကြီး ဆုံးပါးသွားပြီးနောက်ပိုင်းမှာ တံခါးကြီးကို သံမဏိပြားကြီးနှင့် ပိတ်ထားလိုက်ကြရာ တိုက်ကြီးထဲတွင် လူရှိ၊ မရှိကိုလည်း မမြင်ကြရတော့။ တိုက်ကြီးထဲ၌ ဘယ်လူရှိသည်၊ ဘယ်နှယောက်နေကြသည်ကိုလည်း မသိကြရတော့။

သူတို့အတွက် သီးခြားမီးဖိုဆောင်၌ ချက်ပြုတ်ပေးရသော စုရမာကြီးနှင့် သူတို့မွေးမြူထားသော တိရစ္ဆာန်၊ ကျွဲ၊ နွား၊ ဆိတ်၊ မြင်းတို့ကို သူတို့တိုက်ကြီး၏ နောက်ဘက်ခြံကျယ်ကြီးတွင် ထိန်းကျောင်းပေးရသူ အာလပ္ပွန်တို့မှာလည်း ချက်ပြုတ်ပြီး၊ ကျွဲ၊ နွား သွင်းပြီးသည်နှင့် ညနေ ရွာပြန်လာကြရသည်။ ရွာမှာလည်း ရာမဏာသူဌေးတိုက်ကြီးနှင့် တစ်မိုင်နီးပါး ဝေး၏။ ရွာတည်ထားသည်မှာလည်း ကုန်းခင်းလယ်ယာမြေများကြားတွင် ဖြစ်သည်။ ရာမဏာသူဌေးကြီး၏တိုက်ကြီးမှာကား လယ်ကွင်းများအဆုံး တောင်ခြေဘက် တောအစ၌သာ ထီးထီးကြီးတစ်တိုက်တည်းရှိနေ၏။ ဂြူရီပါလာရွာနှင့်တိုက်ကြီးမှာ သီးခြားလိုဖြစ်နေ၏။ ထို့ကြောင့် ငယ်ရွယ်သူ မိန်းမသား ဆရာမလေးကို သူတို့ မည်သို့သွားခေါ်ကြခေါ်ကြ လိုက်ပံ့လိမ့်မည် မဟုတ်ပေ။ နောက်တော့ ဤသည်ကို အားလုံးက သဘောပေါက်၍ ခွင့်လွှတ်နိုင်ခဲ့ကြသည်။ မည်မျှအရေးကြီးသော လူနာဖြစ်စေ ဆေးခန်းကိုသာ အရောက်ခေါ်လာပြသကြရသည်။

သူတို့အနေမှာ ရွာခံ၊ နယ်ခံဆရာဝန် အဘိရာမ သင်တန်း

သွားတက်နေသော်လည်း တိရစ္ဆာန်ဆေးကုဆရာဝန်နှင့် ဆရာမလေးတို့ရှိသည့်ကိုပင် ကျေးဇူးတင်မဆုံး ဖြစ်နေကြရသည်။

သို့နှင့်တစ်နေ့တွင် တောင်ခြေရွာက ထင်းခုတ်ရင်း ဝက်ဝံကိုက်ခံရသော လူနာတစ်ယောက် ဒဏ်ရာဗရပွနှင့် ဆေးခန်းသို့ရောက်လာသည်။ လူနာမှာ သတိရတစ်ချက်၊ မရတစ်ချက် ဖြစ်နေရာ သူတို့ဆေးခန်းတွင် ကုသ၍မရနိုင်။ အချိန်နှောင်းသွားလျှင် သွေးလွန်ပြီးသေနိုင်၏။ အမြန်ဆုံး မြင်းလှည်းရှာကာ တိုက်နယ်ဆေးရုံကို သွားပို့ကြဟု ဆရာမလေးနှင့်တိရစ္ဆာန်ဆေးကု ဆရာဝန်တို့က ပြော၏။

တောစွန်တောင်ဖျားက လူနာလိုက်ပို့သူတွေမှာ တိုက်နယ်ဆေးရုံကို ပို့ကြရမည်ဆိုသောအခါ အင်တင်တင်ဖြစ်နေကြစဉ် သဘောကောင်းသော ဆရာမလေးက သူကိုယ်တိုင် လိုက်ပို့ပေးပါမည်ဟုပြောပြီး ခေါ်သွား၏။

သို့သော် ထိုနေ့ကပင် ထိုဆရာမလေးသည် ဂြူရီပါလာရွာရှိ ဆေးခန်းသို့ပြန်ရောက်မလာတော့ပေ။ သူလိုက်ပို့သော လူနာမှာလည်း တိုက်နယ်ဆေးရုံ၌ပင် သေဆုံးသွားရာ သူလည်း ပြန်မလာဘဲ မြို့နယ်ဆေးရုံကြီးသို့ ပြောင်းသွားသည်။ ဆရာမလေး ဤသို့ပြန်မလာခြင်းမှာ သူလိုက်ပို့သောလူနာ သေသွားသဖြင့် ကျေးရွာသားများကို မျက်နှာပြရမှာ ရှက်၍ဟု တိရစ္ဆာန်ဆေးကုဆရာဝန်က ပြောသည်။

သူကမူ ယခင်အတိုင်းပင် လူနာ၊ တိရစ္ဆာန်နာတွေကို ဆေးဆက်ကုသပေးနေ၏။ သို့သော် သူလည်း မကြာပါချေ၊ ပျောက်သွားပြန်၏။ ထိုအခါ ဂြူရီပါလာနှင့် ကျေးရွာသားများမှာ အားကိုးအားထားရာ တောင်ကြီးပြိုသလို ဖြစ်ကုန်ကြသဖြင့် ထိုတိရစ္ဆာန်ဆေးကုဆရာဝန်အကြောင်းကို သူကြီးအား စုံစမ်းမေးမြန်းပေးရန် တောင်းဆိုလာကြသည်။ ထိုအခါ ရွာသူကြီးမှာလည်း မနေသာတော့ဘဲ တိရစ္ဆာန်ဆေးကု

ဆရာဝန်ကို သွားစုံစမ်းရသည်။

ရာမဏာတိုက်ကြီးထဲတွင် တစ်ယောက်တည်းသာ ကျန်ရှိသော သိပ္ပံပညာရှင်က တိရစ္ဆာန်ဆေးကုဆရာဝန်သည်လည်း အဘိုရာမလိုပင် နောက်ထပ်ဆေးပညာဘွဲ့တစ်ခုယူရန် အင်္ဂလန်ကို ထွက်သွားသည်ဟု ပြော၏။ သို့သော် ထိုသို့ပြောခြင်းမှာ သိပ္ပံပညာရှင်က ကျေးရွာသားများကို တိုက်ထဲကထွက်၍ ပြောဆိုခြင်း မဟုတ်။ စူရမာကြီးနှင့် အာလပ္ပွန်တို့ကို တစ်ဆင့်ပြောခိုင်းခြင်းသာ။ သိပ္ပံပညာရှင်ဆိုသည်ကိုကား ရပ်သူရွာသားများမှာ ဖြူသလား၊ မည်းသလားပင် မမြင်ဖူးကြချေ။

လူနာကုပေးသော ဆရာဝန်လည်းမရှိ၊ တိရစ္ဆာန်ဆေးကု ဆရာဝန်လည်းမရှိသောခါ ရာမဏာသူဌေးကြီး၏တိုက်ကြီးနားမှာ နေ့ချင်းညချင်း ခြောက်ကပ်သွားလေသည်။ ဆရာဝန်များ မရှိကြတော့သဖြင့် ထိုတိုက်ကြီးနားကိုလည်း မည်သူမျှ အသွားအလာ မလုပ်ကြတော့ပေ။ လခကောင်းကောင်းပေးထားသော စူရမာကြီးနှင့် အာလပ္ပွန်တို့ကတော့ လခရနေသဖြင့် မနက်သွားညပြန် လုပ်နေကြသေးသည်။

❋❋❋

တစ်နေ့ ညလူခြေတိတ် သန်းခေါင်ယံအချိန်တွင် ဂြူရီပါလာရွာစွန်ရှိ ကာကာဂျီ၏ကြက်ခြံမှ ကြက်များလန့်အော်ကာ ကတော်တိုက်နေကြသံတို့ကြောင့် ကာကာဂျီတို့လင်မယားနှစ်ယောက် လန့်နိုးကြသည်။ ကာကာဂျီ၏မိန်းမ ဖာလိနီက–

"အစ်ကို၊ ကြက်ခြံထဲကို တောကြောင်ဝင်ကိုက်နေပြီ ထင်တယ်။ ထထ၊ မြန်မြန်ထ"

ဟု ပြောလည်းပြော၊ ထလည်းထ၊ ဆီမီးခွက်ထွန်းပြီး "ဟေး .. .. ဟေး" ဟု ခြောက်လှန့်အော်ဟစ်ကာ ကြက်ခြံဘက် ဆင်းလိုက်သွား

သည်။

ကာကာဂျီလည်း ကမန်းကတန်းထကာ သူ့မိန်းမနောက် ဆင်းလိုက်လာ၏။

ချက်ချင်းပင် ကြက်ခြံတံခါးပေါက်ကန်လန့်တုတ်ကို ဖြုတ်ပြီး ဖာလီနီရှေ့က ပြေးဝင်လိုက်သည်။

သူတို့ကြက်ခြံမှာ အိမ်နှင့်တွဲလျက် နောက်ဘက်တွင် ရှိသည်။ ကြက်ခြံအဆုံး နောက်ဘက်တွင် တောင်ဆူးရစ်ချုံတွေနှင့် တောတန်းရှိသည်။ ထို့ကြောင့် ယခင်က တစ်နှစ်လျှင် တစ်ခါ၊ နှစ်ခါတော့ တောကြောင်တွေ တောထဲကဆင်းလာပြီး ခြံထဲက ကြက်တွေကို လာဆွဲတတ်သည်။ သူတို့ကြက်ခြံမှာ လူကြီး လက်ခုပ်တစ်ဖောင် အမြင့်ရှိ၏။ ဝါးခြမ်းပြားတွေကို မျက်ကွင်းရက်ပြီး စိပ်စိပ်ကာထားသည်။ အပေါ်အမိုးကမူ ထန်းလက်၊ အုန်းလက်တို့ကို ဖြစ်ကတတ်ဆန်း တင်မိုးထား၏။

ထို့ကြောင့် ယခု အမိုးပေါ်ကပင် တောကြောင်ဝင်ပြီဟု ထင်လိုက်ကြ၏။ ကြက်တစ်ကောင်ကို အမိအရကိုက်ထားသော တောကြောင်ကြီးသည် လူသံကြားသည်နှင့် မသေမရှင်ဖြစ်နေသော ကြက်ကိုချီပြေးသည်။ တစ်နေရာအရောက်တွင် ကြက်ခြံထရံပေါ်ကို ကုတ်ခြစ်ပြေးတက်သည်။ သို့သော် တောကြောင်ကြီးသည် ကြက်ခြံပေါ် မရောက်လိုက်ရ၊ ကာကာဂျီက ကန့်လန့်ဖြုတ်လာသော ဝါးလုံးတုတ်ပိုင်းနှင့် တအားလှမ်းရိုက်လိုက်ရာ ဂိန်းခနဲ တစ်ချက်အော်ပြီး ထရံပေါ်က ကြက်ခြံအတွင်းထဲ ပစ်ကျလာ၏။ သူ့ပါးစပ်က ကြက်လည်းလွတ်သွား၏။

ကာကာဂျီလိုက်ရိုက်သဖြင့် တောကြောင်ကြီးက ခြံဝင်းထဲ ပတ်ပြေး၏။ ကာကာဂျီကလည်း အပြေးလိုက်ရိုက်သည်။ ထိုအခါ တဂိန်ဂိန်အော်ပြီး သွေးရူးသွေးတန်းနှင့်ထွက်ပြေးရာ မီးခွက်မြှောက်ပြနေသော ဖာလီနီကို အတင်းဝင်တိုးသွားသည်။ ဖာလီနီက လန့်ပြီး–

"အစ်ကို၊ ကြောင်မဟုတ်။ ကျားကျတ်၊ ကျားကျတ်"

ဟု လှမ်းအော်၏။

"နင့်အဖေ၊ ကျားကျတ်လား၊ ခွေးအော်သံ မကြားဘူးလား။ ခွေးဟ၊ ခွေးကြီး။ ဒီခွေး ဘယ်အပေါက်ကဝင်လာလဲ။ ဟဲ့ . . . ဟဲ့ – တို့ဝင်လာတဲ့အပေါက်ကို မြန်မြန်သွားပိတ်၊ ဒီခွေးကို အသေရိုက်သတ်ရမယ်"

ကြက်ခြံထဲ လှည့်ပတ်ပြေးနေသော ခွေးကြီးကိုလိုက်ရင်း ရိုက်ရင်းက ဖာလိနီကို အော်ပြောလိုက်စဉ် ခွေးကြီးသည် စောစောကနေရာအရောက်မှာ ကြက်ခြံနံရံကို ပြေးတက်ပြန်ရာ ကာကာဂျီက လှမ်းရိုက်ချလိုက်ပြန်သည်။ 'ဂိန် ဂိန်'ဟု အော်မြည်ကာ ပြေးပြန်၏။ ခြံထဲတွင် လူအော်သံ၊ ခွေးအော်သံ၊ ကြက်အော်သံတို့နှင့် ဝရုန်းသုန်းကားဖြစ်နေကြစဉ် သူ့ဘက်ပြေးလာသောခွေးကြီးကို ဖာလိနီက ဟေးတိုက်အော်လိုက်ရာ ကာကာဂျီဘက် ပြန်ပြေးလာပြန်၏။

ကာကာဂျီကလည်း ရိုက်မြဲလိုက်ရိုက်နေရာ တစ်နေရာ၌ ကြက်စာလှောင်ထားသော အတွင်းခြံထောင့်တွင် ချောင်ပိတ်မိနေသလို ဖြစ်သွားသည်။ ထိုအခါ ကာကာဂျီကို ခွေးကြီးက ပြန်ကိုက်ရန် ကာကာဂျီဘက်ခေါင်းလှည့်၍ သွားအဖြဲသားနှင့် ရန်ရှာတော့သည်။

ရုတ်တရက်လန့်ပြီး ကာကာဂျီ မှင်တက်မိသွားသည်။ သူက ခွေးဟုထင်ပြီး လိုက်ရိုက်နေသောအကောင်မှာ ခွေးမဟုတ်ပြန်။ ဧရာမကြောင်ကြီးတစ်ကောင်၏မျက်နှာ။ ကြောင်မျက်လုံးနှစ်လုံးမှာလည်း စိမ်းပြာကြည်လဲ့နေသည်။ ဆီမီးခွက်ရောင် ပိုးတဝါးထဲ သူမြင်နေရသည်မှာကြောင်မှကြောင်ကြီးအစစ်။ ဖာလိနီကမူ ဤမျှကြီးသောကြောင်ကိုမမြင်ဖူးသဖြင့် စောစောက ကျားကျတ်ဟုပင် လန့်အော်သတိပေးသောသည်။ အမှန်က ဖာလိနီသာမဟုတ် ကာကာဂျီလည်း ဤမျှကြီးသော

တောကြောင်ကြီးကို တစ်ခါမှ မမြင်ဖူး။ ထို့ကြောင့် ရုတ်တရက် သူမှင်တက်မိသွားစဉ်မှာပင် ကြောင်ကြီးသည် ကြက်ခြံထရံပေါ် ကုတ်ခြစ် ခုန်တက်သွားပြီး အပြင်ဘက် ခုန်ချထွက်ပြေးသံ ကြားလိုက်ရသည်။

ထိုအချိန်မှာပင် ဝါးရင်းတုတ်တစ်ပိုင်းကိုင်၍ တွေဝေသွားသော ကာကာဂျီအနားကို ဖာလိနီက ဆီမီးခွက်မြှောက်ကိုင်ရင်း ကတုန်ကယင် ရောက်လာ၏။

"ဟင် – အစ်ကို၊ အစ်ကိုကို့ ကျားကျုတ် ကုတ်မိသွားသေးလား"

ဤတစ်ခါတော့ ဖာလိနီကို "နင့်အဖေ ကျားကျုတ်လား" ဟု ကာကာဂျီ မဆဲရဲတော့။ ဖာလိနီပြောသလို တကယ့်ကျားကြုတ်များ ဖြစ်နေသလားဟု ဇဝေဇဝါ ဖြစ်သွားသည်။ ခွေးမြည်သံ တဂိန်ဂိန်ကို သူ ကြားမိလိုက်သည်မှာလည်း ကြက်သံ၊ လူသံတို့နှင့် ဆူညံနေ၍ သူ နားကြားလွဲသွားတာလားဟုလည်း ပြန်တွေးမရ ဖြစ်သွားပြန်သည်။

သူလိုက်ရိုက်စဉ် ကြက်ခြံအမြင့် တစ်ဝက်လောက်က ပစ်ကျလာ၍ အော်သံမှာလည်း ခွေးအော်သံကိုသာ သူကြားမိလိုက်သည်။ ဖာလိနီ ပြောသလို ကျားကျုတ်ဖြစ်ရအောင်ကလည်း သူ့တစ်ကိုယ်လုံး ကျား ကျုတ်နှင့်တူသော အပြောက်အကွက် တစ်ကွက်မှ မပါ။ မီးရောင်ထဲ၌ သူမြင်လိုက်ရသည်မှာ တစ်ကိုယ်လုံး အဝါဖျော့ ပိန်းပိန်းသာ။ ကြောင်ဝါ ကြီးမှ ကြောင်ဝါကြီးပင်။

"ဟင် – အစ်ကို၊ ဘာစဉ်းစားနေတာလဲ။ ကျားကျုတ် မဟုတ်လို့ လားဟင်။ အစ်ကိုက ခွေးထင်လို့လား။ ခွေးမဟုတ်ဘူးနော်အစ်ကို၊ ကျားကျုတ်မှ ကျားကျုတ်အစစ်ပါနော်။ ကျွန်မ သူ့မျက်နှာကို သေသေ ချာချာ မြင်လို့တောင် လန့်အော်မိ"

"ပေါက်ကရမပြောစမ်းနဲ့၊ ကျားကျုတ်ဆိုရင် ငါ့ကို ကိုက်သွား မှာပေါ့ဟ။ ကြောင်ဝါကြီးပါဆို၊ ခြံပေါ်ခုန်တက်ပြီး ထွက်ပြေးသွားတာ

နင်မှမသိလိုက် . . .”

“ကြောင်ဒီလောက်ကြီးတာ မမြင်ဖူးပေါင်တော်”

“ဟာ . . . ဒီမိန်းမ၊ ကြောင်ကြီးပါဆို။ တို့ခြံကို ဘယ်တုန်းက ကျားကျုတ်လာဖူးလို့လဲ။ တို့ဘက်ပိုင်းကတောတွေမှာ ကျားကျုတ်ရှိတယ် ဆိုတာလည်း ဘယ်သူမှပြောသံ မကြားဖူးပါဘူး။ မိုးမလင်းခင် ကပင် တောထဲဝင်ပြီး တစ်နေကုန်တစ်နေခန်း တောထဲနေ့စဉ် ဆေးမြစ်သွားရှာနေတဲ့ ဆရာကြီး ရာမန္တြာတောင် ပြောဖူးလို့လား။ ကြောင်မှ ကြောင်ဝါကြီးပါဆို”

“ကြောင်က ဘယ်လောက်ပဲကြီးကြီး ဒီလောက်အရပ်ရှည် မလား။ ကျွန်မသေသေချာချာကို မြင်မိလိုက်”

“တော်စမ်းပါဆို၊ ကဲ–ဟိုက နင့်ကျားကျုတ်ကိုက်သွားတဲ့ ကြက်သေကိုကောက်လာခဲ့။ ငါတော့ အိပ်ရေးတောင်ပျက်သွားပြီ။ မြန်မြန်လုပ်၊ ဒီတစ်ခါ နင့်ကျားကျုတ်ပြန်လာရင် နင့်ကို ကိုက်လိမ့်မယ်”

“ဗော်လန်ဂျာ၊ မဆိုကောင်းမပြောကောင်း သူများတွေ ရင်တုန်ပန်းတုန်ဖြစ်ရတဲ့အထဲ။ အစ်ကိုနော် . . .”

သူ မြင်လိုက်ရသည်မှာ ကျားကျုတ်ဟု ထပ်ပြောလျှင် အဆဲခံရမည်ကြောက်သဖြင့် ဖာလိနီက သူ့ယောကျ်ားကို ဘာမှ ပြန်မပြောတော့ဘဲ သူပြောသော ကျားကျုတ်ကိုက်ထားခဲ့သည့် ကြက်ဖအသေကိုကောက်ကာ ကြက်ခြံတံခါးပိတ်ပြီး သူ့ယောကျ်ား နောက် တက်လိုက်လာသည်။ ညက သူ့ယောကျ်ားဆဲမည် ကြောက်၍သာ မပြောရဲသော်လည်း သူက တကယ်ပင် ကျားကျုတ်ဟု ထင်ထင်ရှားရှား မြင်လိုက်ရသည်ကို မိုးလင်းသည်နှင့်ထင်းခွေ၊ ရေခပ်ရာ၌ မိန်းမသူချင်း ပြောတော့သည်။

“ကောင်မတို့ရယ်၊ ညက တို့ကြက်ခြံထဲ ကျားကျုတ်ဝင်ပြီး ကြက်ဖကြီးတစ်ကောင်ကို ကိုက်သတ်သွားတာ။ ငါနဲ့ ကာကာရျီတို့ မနည်း

လိုက်ရိုက် မောင်းထုတ်လိုက်ကြရတာ”

“ဒီကောင်မ ပေါက်ကရ၊ တို့နယ်ဘက် ကြက်ခြံထဲ ကျားကျုတ်ဝင်တယ်ဆိုတာ တစ်ခါမှ မကြားဖူးပါလားကောင်မရယ်။ နင်တို့ကြက်ခြံပဲ ထူးထူးဆန်းဆန်း”

“ငါတကယ်ပြောတာဟ။ ကျားကျုတ်က သိပ်အကြီးကြီး တော့ မဟုတ်ဘူးဟ။ လသားလေးလားမသိဘူး။ ခွေးလောက်ပဲ ရှိတယ်။ အဲဒါကြောင့် ငါနဲ့ ကာကာဂျီက မောင်းထုတ်ရဲတာပေါ့။ အဲဒါနင်တို့ကြက်ခြံတွေလည်း သတိထားရအောင်လို့ ငါက စေတနာနဲ့ ပြောတာကောင်မတို့ရယ်”

ဖာလိနီစကားကို အားလုံးဝိုင်းရယ်ကြပြီး တစ်ယောက်က–

“ကောင်မ၊ နင်က ကျားကျုတ်ကို မြင်ဖူးလို့လားဟဲ့။ ကျားကျုတ်လို့ ပြောရအောင်”

ဟု ထောက်မေးလိုက်သောအခါ ဖာလိနီမှာ သူကိုယ်တိုင်ကလည်း ကျားကျုတ်ကို အမှန်တကယ်မြင်ဖူးသူမဟုတ်လေရာ နောက်ထပ်သူ့ကို ဝိုင်းဟားကြမှာစိုး၍–

“ကာကာဂျီက ပြောတာပဲ”

ဟု သူ့ယောကျ်ားကိုလွှဲချလိုက်၏။ ထိုအခါမှာတော့ မိန်းမသူတွေက တကယ်ဟု ထင်သွားကြကာ ‘ဟင်၊ ဟယ်’ ဖြစ်သွားကြ၏။

ဤသို့နှင့် ဖာလိနီ၏ကျားကျုတ်ပြဿနာ ဤမျှနှင့် ပြီးမသွားသေး။ ထိုမိန်းမများမှာလည်း ကြက်ခြံရှိကြသူများဖြစ်ရာ အိမ်ကိုရောက်သည်နှင့် ကုန်ခဲ့သောညက ဖာလိနီတို့ကြက်ခြံထဲ ကျားကျုတ်ဝင်သွားသည်၊ “မိမိတို့ကြက်ခြံကိုလည်း အလုံအခြုံကာရမည်ဟု ယောကျ်ားတွေကို ပြောကြပြန်ရာ ယောကျ်ားတွေမှာ မကြားစဖူး ထူးထူးဆန်းဆန်းဖြစ်သဖြင့် သူတို့ကြက်ခြံတွေကို စိတ်မချဖြစ်ကာ ကာကာဂျီကို လာမေး

ကြသည်။

"မင်းတို့ကို ဘယ်သူပြောသလဲ"

"မင်းမိန်းမပြောတယ်ဆိုပါလား၊ ညကပဲဆို။ တကယ်လားကွ ကာကာဂျီ"

"ဘာရယ်တာလဲ၊ အကောင်းမေးနေတာ ဟော့ကောင်၊ တို့ဆီ ကြက်ခြံထဲ ကျားကျုတ်ဝင်တယ်ဆိုတာ . . ."

"ဘယ်ကလာ ကျားကျုတ်ရမှာလဲ၊ တောကြောင်ဝါကြီးပါကွာ။ ငါက ငါ့မိန်းမကို သက်သက်ခြောက်ပြောလိုက်တာပါ။ တို့တောတွေမှာ ကျားကျုတ်မှ မရှိတာကွာ၊ မင်းတို့သိသားနဲ့။

ကာကာဂျီက သူ့မိန်းမ သိက္ခာကျမည်စိုးသဖြင့် မေးလာသူများကို ရယ်ရွှန်းဖတ်ရွှန်း ပြောလိုက်ရ၏။

"အေးလေကွာ၊ တို့လည်း တစ်ခါမှ မကြားဖူးပါဘူး။ မင်းမိန်းမ နောက်တာကို ငါ့အိမ်က အတုံးမ တကယ်ထင်ပြီး ရွာရိုးကိုးပေါက် လျှောက်ပြောနေရင်တော့ ဒုက္ခပဲ။ ဒီမိန်းမတွေဟာလေ နောက်စရာ ရှားလို့"

ဟု ပြောပြီး စိတ်ဆိုးမာန်ဆိုးနှင့် မေးလာသူက ပြန်သွားသည်။

ညနေရောက်သောအခါ ကြက်စာကျွေးကြရင်း ကာကာ ဂျီက–

"ညက တို့ကြက်ခြံထဲကို ကျားကျုတ်ဝင်တယ်လို့ နင်ပြောတယ် ဆို။ ငါ့ကို ဟာရက လာမေးတယ်။ နင် မဟုတ်က ဟုတ်က ကြပ်ကြပ် ပြော။ ဟိုလ်ဂါမ သူကြီးသိရင် နင့်ကို ဒဏ်ရိုက်လိမ့်မယ်"

ဟု ဆူပူကြိမ်းမောင်းထားလိုက်ရသည်။

သို့သော် မကြာပါချေ။ တစ်ပတ်အတွင်းမှာပင် နောက်ထပ် သတင်းထူးတစ်ခု ဂြူရီပါလာရွာမှာ ဖြစ်လာရပြန်သည်။

ထိုနေ့ ညနေက ဆိတ်ကျောင်းရာမှ ဆူရမန်ဆိုသော ကောင်လေး

တစ်ယောက်အထိတ်တလန့်နှင့် ရွာထဲအော်ဟစ်ပြီး ပြေးဝင်လာ၏။ အချိန်မှာ ဆိတ်ကျောင်းသားတို့ ပြန်ခါနီးအချိန်၊ ညနေငါးနာရီခန့်က ဖြစ်သည်။

"ဘာဖြစ်တာလဲ၊ နင့်ကို ဘယ်သူရိုက်လို့လဲ"

ဟု လူကြီးတွေက မေးကြရာ ဆူရမန်ဆိုသော ကောင်လေးက သူ့ဆိတ်တွေကို ခြံသွင်းရန်လိုက်မောင်းနေစဉ် ချိုနှင့်ခွေးကြီးနှစ်ကောင်က သူ့ဆိတ်တွေကို လိုက်ကိုက်သည်ဟု ဆို၏။

"မင်းအဘ၊ ချိုကြီးနဲ့ခွေးဆိုတာ ကမ္ဘာမှာ မရှိတာ။ ဒီချာတိတ် တောထဲက အရမ်းရလာပြီနဲ့ တူတယ်။ လုပ်ကြပါဦး ဘယ်သူ့ကလေးလဲ။ သူ့မိဘတွေကို ခေါ်ပြကြဦး"

ကြောက်လန့်တကြားနှင့် မျက်စိပျက်မျက်နှာပျက်ဖြစ်နေသော ဆူရမန်ကို ဝိုင်းချုပ်ဖက်ထားသူ လူကြီးက ပြော၏။ ဒီလိုနှင့် လူတွေ ဝိုင်းအုံလာကြပြန်၏။ ဆူရမန်ကမူ သူ့ဆိတ်အုပ်ထဲဝင်ကိုက်သော ခွေးကြီးနှစ်ကောင်မှာ အမှန်ပင် ချိုကြီးနှင့်ချည်းဟု ပြောနေရာ ဆူရမန်၏ မိဘနှစ်ပါးဖြစ်ကြသော ဆူဟာရနှင့် မိရဂျာတို့ကို ရွာသားတစ်ယောက်က သတင်းပြော၍ ခေါ်ချလာသည်။ သူ့မိဘနှစ်ပါးက အခါခါမေးကြတော့လည်း ဆူရမန်က ယခင်အတိုင်းပင် ချိုနဲ့ခွေးနှစ်ကောင် ဆိတ်အုပ်ထဲ ဝင်ကိုက်သည်ဟုသာ အတပ်ပြောနေ၏။

ထိုအခါ ကောင်လေး ဆူရမန်နှင့်မိဘနှစ်ပါးရော ရွာသားကြီးများပါ ဆူရမန် ဆိတ်ကျောင်းနေခဲ့ရာ ဆိတ်အုပ်ရှိရာသို့ ပြေးလိုက်သွားကြသည်။ ဆိတ်တွေမှာလည်း တပဲပဲအော်ကာ သူတို့ခြံထဲ ဝင်သည့် အကောင်ကဝင်၊ ယာဟောင်းနားတွင် အော်ပြေးနေသည့်အကောင်က အော်ပြေးဖြစ်နေကြသည်ကို မြင်ကြရသောအခါ ဆူဟာရနှင့် မိရဂျာတို့ကို သူတို့ပိုင်ဆိတ်အုပ်ထဲက ဆိတ်တွေစုံမစုံ၊ အကောင်ရေပြည့်မပြည့်

ဝိုင်းမေး၊ ဝိုင်းမောင်း၊ ဝိုင်းဖမ်း၍ စစ်ကြည့်ကြသည်။

ဆိတ်နှစ်ကောင် ပျောက်နေ၏။ အနီးနားဝန်းကျင်ကို လူအုပ်နှင့် လိုက်ရှာကြရာ တောင်မှိုကြီးချုံထဲက ဆိတ်တစ်ကောင် မသေမရှင် အော် နေသံကြား၍ ပြေးကြည့်ကြရာ တင်ပါး၊ ခြေ ထောက်၊ လည်ပင်း၊ ကုပ်တို့တွင် ဒဏ်ရာဗရပွနှင့် လဲကျအော်နေသော ဆိတ်တစ်ကောင်ကို တွေ့ရသည်။

နောက်တစ်ကောင်ကိုများ တွေ့လိုတွေ့ငြားလိုက်ရှာရာ လဲနေ သော ဆိတ်နှင့်မနီးမဝေးမှာပင် နောက်တစ်ကောင်၏ ခေါင်း၊ ခြေ၊ လက်နှင့် ကိုယ်တစ်ခြမ်းကို သွေးအလူးလူးနှင့် တွေ့ကြရပြန်သည်။

ထိုအခါ လူတွေမှာ အံ့သြကုန်ကြ၏။ သူတို့ရွာက ခွေးများသည် ဆိတ်တောထဲနေကြသောခွေးများ ဖြစ်သဖြင့် ဆိတ်တွေကို ဘယ်တော့မှ မကိုက်တတ်ကြ။ အချို့အိမ်က ခွေးများဆိုလျှင် အရှင်သခင်တွေနှင့် ဆိတ်ကျောင်းပင် အဖော်ရတတ်ကြသည်။ ဆူဟာရတို့ ဆိတ်အုပ်ထဲက ဆိတ်နှစ်ကောင်ကို တောတိရစ္ဆာန်တစ်ကောင်ကောင် လာကိုက်သတ်စား သွားကြသည်မှာတော့ အမှန်ပင်ဖြစ်၏။ ထိုအခါ ဆူရမန်ကို ထိုခွေးနှစ် ကောင် ဘယ်ကလာသနည်း၊ ဘယ်လိုအရောင်ရှိသနည်း၊ ဘယ်လောက် ကြီးသနည်း၊ ချိုပါသည်မှာကော အမှန်တကယ်ပဲလား စသည်ဖြင့် မေးခွန်းပေါင်းစုံ မေးကြ၏။

ဆူရမန်ကပြောသည်မှာ ထိုချိုနှင့်ခွေးနှစ်ကောင်တို့သည် ဆိတ် ကိုယ်လုံးလောက်ရှိသည်။ ဘယ်ကရောက်လာကြသည်ကို သူမသိ၊ ဆိတ်အုပ်ထဲဝင်ကိုက်တော့မှ သူ မြင်လိုက်ရသည်။ နှစ်ကောင်စလုံးမှာ အညိုရောင်ဖြစ်သည်။ ဆူရမန်က ဤမျှသာ ပြောပြနိုင်သည်။

တစ်ယောက်ကမူ ယခင်တစ်ရက်၊ နှစ်ရက်က ကာကာဂျီတို့ ကြက်ခြံထဲ တောကြောင်ကြီးတစ်ကောင်၊ သို့မဟုတ် ကျားကျတ်တစ်ကောင်

ဝင်ပြီး ကြက်တစ်ကောင် ကိုက်သွားသည် ဆိုသည်ကို သတိရသဖြင့်–

"ဆူရမန်လူလေး၊ နင့်ဆိတ်တွေ ဝင်ကိုက်သတ်သွားတာ ခွေးဟုတ်လို့လား။ တောကြောင်လား၊ ကျားကျုတ်လား"

ဟု လူကြီးတစ်ယောက်ကမေး၏။

ဆူရမန် မဖြေတတ်၊ နောက်တစ်ယောက်က–

"ဟေ့ကောင်၊ တောကြောင်နဲ့ ကျားကျုတ်မှာ ချိုပါလို့လားကွ။ ဆူရမန်ပြောတာ ချိုနဲ့ခွေးပါဆို"

ဟု နောက်တစ်ယောက်က ဝင်နောက်ပြန်သည်။

ထိုအခါ ရပ်မှာရွာမှာ အင်မတန် အနောက်အပြောင်သန်သော ကာလသားပေါက်တစ်ယောက်က–

"ဆူရမန်၊ မင်းဆိတ်တွေကို ဝင်ကိုက်သွားတာ အစ်ကို ရိပ်မိပြီ"

ဟု ပြောကာ ဆူရမန်မျက်နှာကို ပြုံးဖြီးဖြီးနှင့် စိုက်ကြည့်နေ၏။

ထိုကာလသားပေါက်၏ စကားကို အားလုံးစိတ်ဝင်စားသွားကြလေရာ တစ်ယောက်က–

"ဟင် – ဆာမိသံဘီ၊ ညီလေးရိပ်မိတာ ဘာကောင်လဲကွ၊ ပြောပါဦး"

"ခင်ဗျားတို့လူကြီးတွေပဲ ဉာဏ်နဲ့စဉ်းစားကြည့်ကြပါဗျာ၊ ဆူရမန်ပြောတဲ့ ချိုနဲ့ခွေးဆိုတာ ဘယ်လူမြင်ဖူးလို့လဲ"

"အေးလေကွာ၊ မမြင်ဖူးကြလို့လည်း မင်းရိပ်မိပါတယ် ဆိုတဲ့အကောင်ကို ပြောစမ်းပါ။ ကာကာဂျီမိန်းမပြောသလို ကျားကျုတ်လို့ဆိုလိုတာလား"

ထိုကာလသားက ခေါင်းကုတ်ကာ –

"ဘယ်ကလာဟုတ်ရမှာလဲ၊ ကျွန်တော်တို့ တောတွေ၊ တောင်တွေမှာ ကျားကျုတ်မှမရှိတာ"

"ဟုတ်တယ်လေ၊ အဲဒါကြောင့် မင်းရိပ်မိပါတယ်ဆိုတဲ့ အကောင်ကို ပြောစမ်းပါ"

"ဘာကောင်မှမဟုတ်ဘူး၊ နာနာ . . ."

"မင်းအဘ၊ ဘာကောင်မှမဟုတ်ဘဲနေမလား။ ဆူရပာရဲ့ ဆိတ်နှစ်ကောင်သေနေတာမြင်လျက်နဲ့"

"စကားကို ဆုံးအောင်နားထောင်စမ်းပါ အနဲ(မ်)၊ ညီလေး ဆိတ်နှစ်ကောင်ကို ကိုက်သွားတာ ချိုနဲ့ဆိုတော့ ခွေးယောင်ဆောင်လာတဲ့ ဘီလူးတွေနေ . . ."

"ခွေးမသား၊ မိုးချုပ်နေဝင်မှာ မပြောကောင်းမှန်းမသိ, ပြောကောင်းမှန်းမသိ။ အဲဒါ ဘယ်သူ့သားလဲကွ"

ရွာလူကြီးတစ်ယောက် လှမ်းဆဲရာ ထိုကာလသားလည်း ထွက်ပြေးသွားလေသည်။

"အေးလေဗျာ၊ လူကြီးတွေ စိတ်ရှုပ်ရတဲ့အထဲ၊ ဒီကောင်လေးက တစ်မျောင့်"

အမှန်တကယ်လည်း မိုးချုပ်နေဝင် အချိန်ကာလကို ရောက်နေပြီဖြစ်သဖြင့် လူကြီးတွေမှာ မည်သို့ယူဆရမှန်း မသိသောအတွေးတွေနှင့် လူစုခွဲ အိမ်ပြန်လာကြရတော့သည်။

❋ ❋ ❋

ထိုနေ့ထိုရက် . . .

ထိုနေ့ထိုရက် ဆိုသည်မှာ ကာကာဂျီတို့ကြက်ခြံကို တောကြောင်ကြီး ကျားကျူတ်ဝင်ကိုက်သွားသောည။ ဆူရမန်တို့၏ ဆိတ်နှစ်ကောင်ကို ချိုနှင့်ခွေးကြီးနှစ်ကောင် ကိုက်သွားသည့် ညနေကစ၍ ဂျုရိုပါလာရွာမှာ အံ့သြကုန်နိုင်ဖွယ်သော အခြင်းအရာများက သုံးရက်တစ်ခါ လေးရက်

တစ်ခါဆိုသလို ဆက်တိုက်ကြီး ပေါ်လာတော့သည်။

ခွေးလိုမြည်၊ ခွေးလိုဟောင်တတ်သော တောကြောင်ကြီးတွေ၊ ချိုပေါက်နေသော ခွေးတွေ၊ ဘာကောင်တွေမှန်းမသိသော တိရစ္ဆာန်တွေက ညဥ့်လည်းကောင်း၊ နေ့ဥ့်လည်းကောင်း ကြက်တွေ, ဆိတ်တွေ, သိုးတွေကို ဝင်ဝင်ကိုက်သတ်စားသောက်နေကြသောအခါ တစ်ရွာလုံးမှာ ချောက်ချောက်ချားချား ဖြစ်ကုန်ကြသည်။

ဆူဟာရတို့ဆိတ်နှစ်ကောင်ကို ဝင်ကိုက်စားသောက်သွားသော ညနေက ကောင်လေးတစ်ယောက် နောက်နောက်ပြောင်ပြောင် ပြောသွားသလို တကယ်များ သူတို့၏ အိမ်မွေးတိရစ္ဆာန်များကို ခွေးယောင်၊ ကြောင်ယောင်ဆောင်ကာ ဘီလူးများ ဝင်စားနေလေပြီလားဟု အယူသီးကြသူများက သံသယဖြစ်လာကြသည်။ ထိုအခါ ကောလာဟလတွေကလည်း ပြောမဆုံးပေါင် တောသုံးထောင် ဆိုသလို ဟိုနားစုစု၊ ဒီနားစုစုနှင့် လူတွေမှာ ကျီလန့်စာစား ချောက်ချားလာကြသည်။

ဒီလိုနှင့် ရွာလူကြီးများသည် ဤပြဿနာအရင်းအမြစ်ကို သိနိုင်ရန် ကာလသားကြီးများနှင့် လူလတ်ပိုင်း အားကောင်းမောင်းသန်များကို အစုဖွဲ့၍ ကင်းလှည့်ခိုင်းကြသည်။ အထူးသဖြင့် ဆိတ်၊ သိုးအုပ်ရှိရာနှင့် ကြက်ခြံများကို သတိထား၍ စောင့်ကြည့်ကြရသည်။

ထိုသို့ စောင့်ကြည့်လှည့်လည်နေကြရာ တစ်နေ့မှာ လယ်တောယာဟောင်းနားတွင် အစာစားနေသော သိုးအုပ်ထဲမှ သိုးငယ်တစ်ကောင်အား တိရစ္ဆာန်တစ်ကောင်က ညနေစောင်းတွင် ဝင်ကိုက်တော့သည်။

သိုးထိန်းကောင်လေးက ညာသံပေးအော်ဟစ်သည်။ ထိုသိုးထိန်း၏ အော်ဟစ်အကူအညီတောင်းသံကြောင့်၊ တုတ်၊ ဓား၊ လေးမြားတို့နှင့် ကင်းလှည့်နေကြသောသူများ ပြေးလိုက်လာကြသည်။ ညာသံပေး အော်ဟစ်လိုက်လာကြသော လူသံများကြောင့် တိရစ္ဆာန်သည် သိုးအုပ်ထဲက

ထွက်ပြေးသည်။

ထွက်ပြေးသော ထိုတိရစ္ဆာန်နောက်ကို ကြားသမျှ ကင်းလှည့်အဖွဲ့များကပါ ပြေးလိုက်လာကြရာ ထိုတိရစ္ဆာန်မှာ တောတန်းတောင်ခြေဘက်သို့ထွက်ပြေး၏။ ကင်းလှည့်အဖွဲ့သားများက တိရစ္ဆာန်ကို မမီလိုက်ကြပေ။ ထိုတိရစ္ဆာန်မှာ အလွန်လျင်မြန်သဖြင့် မည်သည့်တောတိရစ္ဆာန်ကောင် ဟုပင် မသိလိုက်ကြ။

လူတွေအများကြီး ဝိုင်းလိုက်ကြသော်လည်း ထိုတိရစ္ဆာန်ကို ဘယ်လိုမှ လိုက်မမီလိုက်ကြရာ နောက်တော့ ကင်းလှည့်အဖွဲ့တွေမှာ လူတွေရှူးတိုက်လျှင် ပြေးကိုက်ရဲသော ခွေးတွေကိုပင် ကင်းလှည့် ကင်းစောင့်ကြည့်ရသောလူတွေနှင့် အတူခေါ်လာကြရသည်။ လူတွေလိုက်မမီသော ထိုတောတိရစ္ဆာန်ကို ခွေးတွေနှင့် လိုက်ကြရန် ရွာခွေးတွေကို အင်အားဖြည့်ကြရသည်။

မကြာပါချေ။ တောစနား၌ လွှတ်ကျောင်းထားသော ဆိတ်တစ်ကောင်ကို တောတိရစ္ဆာန်က ဝင်ဆွဲပြန်ရာ ဤတစ်ခါတော့ ခွေးတွေဝိုင်းကိုက်၊ လူတွေလိုက်ရိုက်ကြသဖြင့် ထိုတော တိရစ္ဆာန်အား အသေရလိုက်ကြသည်။ သို့သော် ထိုတိရစ္ဆာန်ကို ဝိုင်းကြည့်ကာ လူတွေမှာ အံ့သြမဆုံးဖြစ်ကြရသည်။ သူတို့ရမိလိုက်ကြသော ထိုတိရစ္ဆာန်မှာ အမြီးကစ၍ ကိုယ်လုံးက မျောက်ကိုယ်လုံး၊ မျောက်မွေးတွေနှင့်။ ခေါင်းမှာမူ ခွေးခေါင်းဖြစ်နေသည်။

မကြုံစဖူး ထူးဆန်းသော ထိုတိရစ္ဆာန်ကို ရွာထဲသွင်းပြီး ရွာကလူများကိုပြမည်၊ ရွာလူကြီးအိမ်နားကို ယူမည်ဟု တိုင်ပင်ကြသောအခါ ကင်းအဖွဲ့ထဲတွင်ပါသော လူကြီးနှစ်ယောက်၊ သုံးယောက်က ဤလိုထူးဆန်းသော တောတိရစ္ဆာန်ကို ရွာထဲသွင်းလျှင် ရွာနာလိမ့်မည်၊ မည်သို့သော အကောင်းမှန်းလဲမသိဟုဆိုပြီး ကန့်ကွက်ကြသဖြင့် ထိုတိရစ္ဆာန်ကို

ရွာထဲမသွင်းဖြစ်ကြဘဲ ရွာပြင်၌သာထားပြီး ပြပွဲပမာ ပြသကြသည်။

ဤတောတိရစ္ဆာန်ကို အသေရကြတော့မှ ကာကာဂျီမိန်းမ ပြောသော ကျားကျုတ်၊ ကာကာဂျီပြောသော ခွေးလို၊ မြည်, ခွေးလိုအော်သည့် ကြောင်ဝါကြီး၊ ဆူရမန်ပြောသော ချိုနှင့်ခွေး နှစ်ကောင်ကို သွား သတိရမိကြသည်။ အစကမူ သူ့ဆိတ်တွေကို တောခွေး စသည့် တိရစ္ဆာန်တစ်ကောင်ကောင် ဝင်ကိုက်သည်ကို အကြောက်လွန်ကာ ထင်မိထင်ရာ၊ မြင်မိမြင်ရာ ပြောသည်ဟု ထင်ခဲ့ကြကာ လူများမှာ ဤမျောက်ကိုယ်နှင့် ခွေးခေါင်းတိရစ္ဆာန်ကိုရမှ စဉ်းစားစရာ ဖြစ်လာကြတော့သည်။

ကာကာဂျီတို့ လင်မယားနှင့် ဆူရမန်တို့ပြောသော ထူးထူးဆန်းဆန်း အကောင်တွေမှာ သူတို့ရွာဝန်းကျင်၌ ရှိကိုရှိနေသည်။ သို့သော် ဘယ်နေရာရာ၌ ရှိနေသည်၊ ဘယ်နေရာကလာကြသည်ကိုတော့ မည်သူမျှ မသိကြသေး။ ထူးဆန်းသော ထိုသတ္တဝါများမှာ သူတို့ရွာနားဝန်းကျင်တွင် ရှိကိုရှိနေသေးသည်ဟုသာ အများယုံကြည်သွားကြသည်။

သို့သော် အချို့လူများကမူ ဤတောတိရစ္ဆာန်မှာ အမှန်တကယ် တောတိရစ္ဆာန်မဟုတ်၊ နာနာဘာဝက မိစ္ဆာတစ်ကောင်ဖန်ဆင်းပြီး ကြက်၊ ဆိတ်၊ သိုးများကို လာလာကိုက်နေသော မိစ္ဆာကောင်တစ်ကောင်ကောင်သာ ဖြစ်ရမည်။ ဤသည်တို့မှာ သူတို့ရွာအတွက် အတိတ်နိမိတ် မကောင်း။ ဆိတ်၊ သိုး၊ ကြက်တို့ကို ဝင်ကိုက်ခြင်းမှာ မိစ္ဆာတစ်ကောင်က ဆိတ်၊ သိုး၊ ကြက်တို့ကို သူစားချင်နေသဖြင့် ရွာသားတွေကို လာဆက်ကြရန် နိမိတ်ပြ တောင်းဆိုနေခြင်းဟုလည်း အယူသီးသူများက ထင်ရာမြင်ရာ လျှောက်ပြောနေကြပြန်ရာ ထိုမိစ္ဆာကောင် ကျေနပ်သွားအောင် ဆိတ်၊ သိုး၊ ကြက်တို့ကို သတ်၍ ယစ်ပူဇော်ပွဲပြုလုပ် ဆက်သကြရလိမ့်မည်ဟု ယုံကြည်နေသူများကလည်း ရွာ၌ သုံးပုံ တစ်ပုံလောက် ဖြစ်လာသည်။

သို့နှင့် ယစ်ပူဇော်ပွဲ လုပ်မလား၊ သူတို့ရွာကို စောင့်ရှောက်နေသော နတ်ဒေဝတာများကို ဗလိနတ်စာကျွေး၍ တောင်းပန်ကြမလားစသည်ဖြင့် ဝေခွဲမရဖြစ်နေကြသည်။ မိန်းမများနှင့် ကလေးသူငယ်များမှာ ရွာပြင်ထွက်၍ ဆိတ်ကျောင်း၊ သိုးကျောင်း၊ ထင်းခွေ၊ ရေခပ်ပင် ယခင်ကလို တစ်ယောက်ထီးတည်း ရွာပြင် မထွက်ဝံ့ ဖြစ်ကုန်ကြသည်။ ယစ်ပူဇော်ပွဲ မြန်မြန်လုပ်လျှင်လုပ်၊ မလုပ်လျှင် လူတွေကိုပါ ထိုတိရစ္ဆာန်များဝင်ကိုက်တော့မည်ဟု ပြောသူကပြောလာကြပြန်သည်။ ထိုသို့ ဂြိုဟ်ရိပ်လာရွာ၍ ထိတ်ထိတ်လန့်လန့် ချောက်ချောက်ချားချားနှင့် သို့လောသို့လော တွေးတောကာ ရွာလူကြီးလုပ်သူတွေမှာ ဦးနှောက်ခြောက်၍တွေဝေနေကြ၊ အချိန်ကာလကို စောင့်ကြည့်နေကြစဉ်မှာပင် တစ်နေ့မနက် ရွာထဲက ဆိတ်ကျောင်းထွက်သော အချမ်း ကလေးမလေး၏သိုးအုပ်ထဲက သိုးတစ်ကောင်ကို ထိုတောတိရစ္ဆာန် သို့မဟုတ် မကောင်းမိစ္ဆာအယောင်ဆောင် ထိုအကောင်က အတင့်ရဲစွာ စောစောစီးစီးဝင်ဆွဲပြန်သည်။ ကလေးမလေး၏ အော်ဟစ် အကူအညီတောင်းသံကိုကြားသည်နှင့် နေ့ရောညပါ ကင်းအဖွဲ့ဖွဲ့၍ လှည့်နေကြသူများကလည်းအလျင်အမြန် ပြေးလိုက်လာကြသည်။ လူသံ၊ ခွေးသံတို့ကြောင့် ထိုတိရစ္ဆာန်သည် သိုးငယ်ကို အမိအရ ကိုက်ချီမသွားနိုင်ဘဲ ပစ်ချထားခဲ့ကာသိုးအုပ်ထဲက ထွက်ပြေး၏။

ထွက်ပြေးသောတိရစ္ဆာန်က လယ်ကွင်းတစ်ခုကို ဖြတ်ပြေးသည်။ နေထွက်တစ်ပြုအချိန်ဖြစ်သဖြင့် ထိုတိရစ္ဆာန်ကို လူတွေက လှမ်းမြင်နေကြရသည်။ ထိုတိရစ္ဆာန်၏ကိုယ်လုံးမှာ ဆိတ်ကိုယ်လုံးလောက်ရှိ၏။ အရှည်ကမူ ဆိတ်ကိုယ်လုံး မဟုတ်ဘဲ ရှည်မျောမျောဖြစ်၏။ အညိုရောင်အမွေးများနှင့်။ အရပ်ကမူ ဆိတ်လောက် မမြင့်ပေ။ သို့သော်အပြေးကား အလွန်မြန်၏။ ခွေးတွေပင် သူ့ကိုမီအောင် မနည်းလိုက်

နေကြရသည်။ လူတွေကလည်း ပြေးလိုက်ကြရင်းကပင် ထိုတိရစ္ဆာန်ကို ခွေးကိုက်အောင် ဝိုင်း၍ ရှူးတိုက် အော်ဟစ်ပေးကြသည်။

တစ်နေရာအရောက်တွင် ခွေးငါးကောင်ကို ထိုတိရစ္ဆာန်က ပြန်၍ ကိုက်တော့၏။ ခွေးတစ်ကောင်ကို ဆတ်ခနဲထိုးကိုက်ပြီး ခါထုတ်ပစ်လိုက်သည်မှာ သုံး၊ လေးလံ အဝေးသို့ပင် လွင့်ထွက်သွားသည်။ ထိုအချိန်မှာပင် လူတွေရှိရာနောက်ကို ခွေးများပြန်ပြေးလာကြသည်။ လူတွေမှာ ထိုတိရစ္ဆာန်နောက်ကို ပြေးလိုက်ရင်းကပင် ခွေးတွေကို ရှူးတိုက်သော်လည်း ခွေးတွေကား ရွာဘက်သို့သာ ထွက်ပြေးသွားကြတော့သည်။ ခွေးတွေပြန်ပြေးလာကြသဖြင့် စောစောက ရှေ့တန်းမှ ပြေးလိုက်လာ ကြသူအချို့ နောက်ရောက်သွားသည်။ သူတို့မှာ ကင်းလှည့်အဖွဲ့ဖြစ်သဖြင့် မကောင်းတတ်သောအနေနှင့် နောက်ကသာ ပြေးလိုက်လာနေကြတော့သည်။

ဤသို့ လိုက်ရင်းပြေးရင်းနှင့်ပင် ထိုတိရစ္ဆာန်သည် လယ်ကွင်းကိုဖြတ်၊ စိုက်ခင်းကုန်းတန်းကိုလွန်ကာ သူဌေးကြီးရာမဏာ၏ တိုက်အိမ်ကြီးနားရောက်သွားသည်။ ကင်းသမားလူအုပ်စုများနှင့် တိရစ္ဆာန်ကြီးတို့မှာ လေး၊ ငါးလံသာဝေးတော့၏။ ထိုအချိန်တွင် တိရစ္ဆာန်ကြီးသည် တိုက်ကြီး၏မျက်နှာစာဘက်မှ တံတိုင်းခြေရင်းနား ပြေးကပ်၏။ သွေးရူးသွေးတန်းနှင့် တံတိုင်းပေါ်ခုန်တက်သည်။ သို့သော် တံတိုင်းအတွင်းဘက်ကို ကျော်မသွားနိုင်ဘဲ တစ်ဝက်လောက်ကသာ ပြန်ပြုတ်ကျလာသည်။

တံတိုင်းကြီးမှာ ရာမဏာသူဌေး၏သား ဆရာဝန်ကြီး အဘိရာမ အင်္ဂလန်မှ ပြန်လာကတည်းကပင် အဆင့်မြှင့် ထပ်တင်ထားသဖြင့် လူကြီးလက်ခုပ်တစ်ဖောင်ခန့် မြင့်၏။ ခုန်ဝင် မရမှန်း သိသွားပုံရသော ထိုတိရစ္ဆာန်သည် တံတိုင်းကြီးအောက်ခြေအတိုင်း ဘေးတစ်ဖက်သို့

ပတ်ပြေးသည်။ အုတ်တံတိုင်းမှာ ရှေ့တစ်မျက်နှာသာ အပြည့်ကာထားပြီး ဘေးနှစ်ဖက်မှာမူ ပေတစ်ရာကျော်ခန့်သာ အုတ်တံတိုင်းရှိ၏။ သို့သော် ထိုအုတ်တံတိုင်း အဆုံးမှစ, ကာ တိုက်ကြီးနောက်ဘက်ဥယျာဉ်အဆုံးမှသည် သူပိုင်မြေတောင်ခြေထိ သံဆူးကြိုးများကို အရံအတား သဘော နှစ်ဖက်စလုံးကို ကာထား၏။ နောက်ဘက်၌မူ အကာအရံ ဟူ၍ မရှိ။ တိုက်ကြီးနှင့်ဥယျာဉ်၊ ဥယျာဉ်နှင့်ပရဆေးခင်း၊ ပရဆေးခင်းနှင့် တောစတောင်ခြေတို့မှာ တစ်ဆက်တည်းဖြစ်နေလေသည်။

အုတ်တံတိုင်းအား ပတ်ပြေးလာသော ထိုတိရစ္ဆာန်သည် ဘေးတစ်ဖက်အုတ်တံတိုင်းဆုံးသည့်နှင့် ခနော်နီခနော်နဲ့ သဘောလောက်သာ ကာထားသော သံဆူးကြိုးကြားက ဥယျာဉ်ထဲ ဝင်ပြေးသည်။ သူ့ကြက်၊ သူ့ဆိတ်၊ သူ့သိုးများကို ကိုက်သတ်ခဲ့သောတိရစ္ဆာန်အား လူတွေမှာ ဒေါသနှင့် တစ်ကြိမ်တစ်ခါမှ မဝင်ဖူးသော သူဌေးကြီးရာမဏာ၏ ဝင်းထဲက ဥယျာဉ်ထဲထိ ဝင်လိုက်ကြသည်။

ဤမှာတင် သူတို့၏ ကြက်၊ ဆိတ်၊ သိုးတွေကို နေ့၌လည်းကောင်း၊ ညဉ့်၌လည်းကောင်း လာကိုက်သတ်နေသော တိရစ္ဆာန်တွေမှာ ဤတိုက်ကြီးထဲဝင်းကြီးထဲက အကောင်များဖြစ်ကြောင်း သိသွားကြသည်။ အံ့ဖွယ်သရဲ ထိတ်လန့်တုန်လှုပ်စရာလည်းကောင်းသည်။ သို့သော် လူတွေမှာ ဒေါသကို ထိန်းမရကြတော့ပေ။

သူတို့လိုက်လာသော တိရစ္ဆာန်က တိုက်ကြီးထဲ ပြေးဝင်သွားသလို လူတွေဝရုန်းသုန်းကား ပြေးဝင်လိုက်ကြသည်ကို မြင်သောအခါ ဥယျာဉ်ထဲရှိ အခြားအခြားသော တိရစ္ဆာန်တွေမှာလည်း တောတန်းတောင်တန်းရှိရာဘက် ထွက်ပြေးသွားသည့် အကောင်က ထွက်ပြေး၊ ဥယျာဉ်ထဲတွင် ဟိုပြေးဒီပြေး ပြေးသည့် အကောင်ကပြေးနှင့် ဝရုန်းသုန်းကား ဖြစ်ကုန်ကြသည်။

သို့သော် ရာမဏာသူဌေးကြီး၏ တိုက်ဝင်းဥယျာဉ်ခြံထဲရှိ တိရစ္ဆာန်တွေကို မည်သည့်အမျိုးဟု သူတို့ကမခွဲခြားတတ်ကြ။ ချိုပေါက်နေသော ခွေးခေါင်းနှင့်ဆိတ်ကိုယ်၊ ခွေးကိုယ်နှင့်ကြောင်မျက်နှာ၊ မျောက်မျက်နှာနှင့် သိုးကိုယ်လုံး စသည် စသည် ဘာကောင်တွေမှန်း မသိသောအကောင်တွေမှာ ဝင်းကြီးထဲတွင် ဟိုပြေး ဒီပြေးနှင့် အကောင် ၂၀ ခန့် ရှိနေသေးသည်။

သူတို့၏ ကြက်၊ ဆိတ်၊ သိုးများကို ရွာထဲရပ်ထဲ၊ ကြက်ခြံထဲထိ လာ၍ ကိုက်သတ်သွားသော တိရစ္ဆာန်ပျက်တွေမှာ ဤတိရစ္ဆာန်များဟု သိကြသောအခါ ဒေါသဖြစ်လာကြသော ကင်းသမား လူသုံးယောက် လောက်မှာ တွေ့သည့်အကောင်၊ မြင်သည့်အကောင်မှန်သမျှ လိုက်ရိုက် ထိုးခုတ် သတ်ကြတော့သည်။ ထိုကဲ့သို့ သူတို့ ထိုးခုတ်သတ်ဖြတ်ကြရာ၌ ကြောင်မျက်နှာနှင့် ခွေးလိုအော်သော အကောင်များပါသလို ဆိတ် ကိုယ်လုံးနှင့် ခွေးမျက်နှာဖြစ်နေသော အကောင်များလည်း ဆိတ်လိုပင် တပဲပဲအော်မြည်ကြသည်။ ထို့အပြင် တချို့ခွေးခြေထောက်တွေမှာ ခွာလေးဖက်နှင့်ဆိတ်ခြေထောက်၊ ဆိတ်, သိုးတွေမှာလည်း ခြေသည်း လက်သည်းတွေနှင့် ကြောင်ခြေထောက်၊ ခွေးခြေထောက် ပေါက်နေသော အကောင်များကိုလည်း ရိုက်သတ်မိကြပြန်သည်။

ဒေါသကြီးနေကြသော လူအုပ်တွေမှာ ဝင်းထဲရှိ မြင်းဖောင်း၊ နွားခြံ၊ တိရစ္ဆာန်ရုံတွေကိုဖျက်ဆီးပြီး ရုပ်ပျက်ဆင်းပျက်တိရစ္ဆာန်များ ဝင်ပြေးသွားသော တိုက်ကြီးကို မီးတင်ရှို့ကြသည်။ ဝင်းထဲရှိလောင်စာ တွေမှာလည်း ထင်းများအပြင် ကောက်ရိုး မြက်ခြောက် တိရစ္ဆာန်အစားအစာ သိုလှောင်ထားသော ဂိုဒေါင်များကိုပါ ဖျက်ပုံပြီး တိုက်ကြီးကို မီးရှို့ကြ၏။

သူဌေးကြီးရာမဏာ၏ တိုက်ကြီးထဲတွင် ဤသို့ဤနှယ် ဖြစ်ပျက်

နေကြကြောင်း ကင်းသမားများက ရွာကို အကြောင်းကြားသည်။ ကြားကြရသူ ရွာသားကြီးများက မကောင်းဆိုးရွားကောင်များကို မွေးထားရပါမည်လားဟု စိတ်ဆိုးဒေါသထွက်ကြသည့်အပြင် ကြက်၊ ဆိတ်၊ သိုးတွေအကိုက်ခံထားရသူများက ဒေါသ မထိန်းနိုင်ဖြစ်ကြကာ တိုက်ကြီးကို မီးရှို့ရန် ကောက်ရိုးလိုင်း၊ ကောက်ရိုးထုံးကြီးများနှင့် မီးကွင်း၊ မီးတုတ်၊ မီးရှူးများကိုပင် လှည်းနှင့်တိုက်ချလာကြပြီး ကင်းသမားများနှင့် ပူးပေါင်းကာ တိုက်ကြီးကို ကူညီညာဝိုင်း၍ မီးတိုက်ကြပြန်သည်။

ထိုသူများကို တိုက်ပေါ်ရှိ ဆရာဝန်များသည် အစကတော့ ခြောက်လှန့်ပြီး တိုက်ပေါ်က သေနတ်နှင့် လှမ်းပစ်ကြပုံရသည်။ သေနတ်နှင့် ခြောက်လှန့်ပစ်သော်လည်း လူအုပ်ကြီးက ရွာဘက်ကို ပြန်မပြေးကြသည့်အပြင် ထပ်၍သာမီးလာရှို့နေကြသောအခါ တိုက်ကြီးပေါ်က သေနတ်သံတွေ ထပ်ပေါ်လာပြန်၏။ သို့သော် ဒေါသထွက်နေသော လူအုပ်ကြီးကိုကား ဘယ်လိုမှ တားဆီး၍မရ။ ရမိရရာ လောင်စာများနှင့် တိုက်ကြီးကိုသာ အငြိုးတကြီး မီးထပ်တိုက်နေကြသည်။

ထိုသို့ တစ်မနက်လုံး ဝရုန်းသုန်းကား ဖြစ်နေကြသည်ကို ရွာလူကြီးများကလည်း ထိန်းမရ၊ ထိုအခါ ဟိုလ်ဂါမရှိ အပိုင်သူကြီးနှင့် ဂုရမ်ဇီ ချာဂါတ်ကို မြင်းနှင့်ပြေး၍ အကြောင်းကြားခိုင်းကြရတော့သည်။ ပုလိပ်ဝန်ထောက်ကြီးတို့အဖွဲ့နှင့် ဟိုလ်ဂါမသူကြီးအဖွဲ့တို့ ရောက်လာကြချိန်မှာ ရာမဏာသူဌေးကြီး၏ တိုက်သည် မီးခိုးတလူလူနှင့် မည်းတူးနေလေပြီ။

ဂြူရိုပါလာရွာအပိုင် သူကြီးနှင့်ရဲဝန်ထောက်တို့က သေနတ်ပစ်ဖောက်၍ လူစုခွဲကြရသည်။ မီးအပူရှိန်နှင့် မီးခိုးတွေမွန်နေသဖြင့် တိုက်ကြီးထဲကိုကား ဝင်၍မရကြသေး။ ထိုအခါ မီးရှို့သူများကို ဦးစွာစစ်ဆေးရသည်။ မီးရှို့ကြသူတွေက သူတို့သတ်ဖြတ်ထားကြသော တိရစ္ဆာန်အသေကောင် ပုံပျက်ပန်းပျက် တွေကိုပြ၍ ဤတိုက်ကြီးထဲတွင်ရှိ ဆရာဝန်များ

သည် မကောင်းဆိုးဝါးတွေကို မွေးမြူထားသဖြင့် တစ်ရွာလုံး၏ အကျိုးစီးပွားကို ထိခိုက်လာသောကြောင့် ဤသို့ မီးရှို့ကြရပါကြောင်း အစစ်ခံကြသည်။

ထိုအခါ သူတို့ပြောသလို ဤတိုက်ကြီးထဲက ဆရာဝန်များ ဤတိရစ္ဆာန်များကို မွေးထားသည်မှာ ဟုတ်၊ မဟုတ်သိလို၍ တိရစ္ဆာန်ထိန်းကျောင်းရသူဆိုသော အာလပ္ပွန်ကို ခေါ်စစ်ရသည်။ အာလပ္ပွန်မှာ မီးရှို့သူများထဲ မပါဝင်သဖြင့် ရွာ၌သွားခေါ်ကြ၏။ အာလပ္ပွန်၏ အစစ်ခံချက်အရ သူသည် လခမှန်မှန်မရ၍ တိုက်ကြီးခြံဝင်းထဲက တိရစ္ဆာန်များကို မထိန်းမကျောင်းတော့ဘဲ မိမိအိမ်၌ပင်နေနေသည်မှာ တစ်လလောက်ပင်ရှိပြီဟု ပြော၏။ ထိုတစ်လအတွင်း၌ သူသည် တိုက်ကြီးထဲကို တစ်ခေါက်မှ မရောက်ကြောင်း၊ သူထိန်းကျောင်းခဲ့ရသော တိရစ္ဆာန်များမှာ ယခု ရွာသားကြီးများ သတ်ဖြတ်ထားကြသော တိရစ္ဆာန်များအပြင် ချိုပေါက်နေသောမြင်း၊ မြင်းခေါင်းနှင့်နွားကိုယ်လုံး၊ လေးကောင်ကိုလည်း ထိန်းကျောင်းခဲ့ရပါကြောင်း အစစ်ခံ၏။

ထိုသို့ မဟုတ်မဟာတ် ပုံပျက်ပန်းပျက် တိရစ္ဆာန်တွေကို ဘယ်ကရကြသနည်းဟု အာလပ္ပွန်ကို စစ်မေးကြရာ သူတို့ဘာသာ သူတို့ သားစပ်မျိုးစပ်ပွားယူရကြောင်း၊ ဤအကြောင်းကို မည်သူ တစ်ဦးတစ်ယောက်ကိုမျှမပြောရန်၊ ဤအကြောင်းပေါက်ကြားလျှင် သူ့ကိုသတ်ပစ်မည်ဟု အဘိရာမက ပြောဖူးသည်ဟု ဆို၏။ ထို့ကြောင့် အာလပ္ပွန်မှာ ကြောက်သဖြင့် မည်သူတစ်ဦးတစ်ယောက်ကိုမျှ မပြောဝံ့ခဲ့ကြောင်း အစစ်ခံသည်။

ဒီလိုနှင့် နောက်တစ်နေ့ မီးငြိမ်းနေသော တိုက်ကြီးထဲ ဝင်ရှာကြည့်ကြရ၏။ သိုးကိုယ်ခွေးမျက်နှာနှင့် တိရစ္ဆာန်အသေကောင်တွေကို တိုက်ကြီးထဲ၌ တွေ့ကြရလေသည်။

တိုက်ကြီးထဲကို ဆက်လက်ရှာဖွေကြရာ တိုက်ကြီး၏အပေါ်ထပ်

တွင် ရိုင်ဖယ်သေနတ်တစ်လက်ကိုပိုက်ပြီး လဲကျနေသော တမီ(လ်) မျက်နှာဖြူကုပြား သိပ္ပံပညာရှင်ဆိုသူကို တွေ့ကြရ၏။ နောက်ထပ် အဘိရာမနှင့် တိရစ္ဆာန်ဆရာဝန်တစ်ယောက်၏ အလောင်းကိုမူတိုက်ကြီး ထဲ၌ မတွေ့ကြရပေ။

ဂြူရီပါလာရွာသားတွေ အုံနှင့်ကျင်းနှင့်လိုက်လာကြပြီး တိုက်ကြီး ကို မီးတင်ရှို့ကြစဉ်ကပင် တိုက်နောက်ဘက်ကများ ထွက်ပြေးသွားကြ လေသလားဟု တိုက်နောက်ရှိ ဥယျာဉ်ဆေးခြံ တောစတောင်နားထိ လူအုပ်ကြီးနှင့် ဝိုင်းရှာကြသည်။ သို့သော် အဘိရာမနှင့် တိရစ္ဆာန်ဆေးကု ဆရာဝန် ဆိုသူကိုကား ဘယ်မှာမှ ရှာမတွေ့ကြပေ။

ထိုအခါ အဘိရာမတို့နှစ်ဦး အင်္ဂလန်က ပြန်လာကတည်းကပင် ထမင်းချက်တာဝန်ယူခဲ့ရသော စူရမာကြီးကို လိုက်ရှာ၍ စစ်မေးကြရပြန် ၏။ အခင်းစဖြစ်ချိန်က စူရမာကြီးသည် တိုက်ကြီးဝင်းထဲက ထမင်းချက် ဆောင်ကို မရောက်သေး။ ဂြူရီပါလာရွာ၌သာ ရှိနေသေး၏။ အာလပွန် နှင့် သူတို့မှာ မနက်လာ ညပြန်ကြရသူတွေဖြစ်သဖြင့် တိုက်ကြီးဝင်းထဲကို ခုနစ်နာရီကျော်လောက်မှ ရောက်တတ်ကြသူတွေ ဖြစ်၏။

စူရမာကြီးက အစစ်ခံရာတွင် သူ ထမင်းတစ်ယောက်စာသာ ချက် ကျွေးခဲ့ရသည်မှာ သုံးလလောက်ရှိပြီဟု ပြော၏။ အဘိရာမနှင့် တိရစ္ဆာန် ဆေးကု ဆရာဝန်ကို မေးကြသောအခါ သူမသိ၊ တိုက်ထဲ၌ရှိသော သခင် ဆပ်တစ်ယောက်ကတော့ အဘိရာမတို့ အင်္ဂလန်ကိုပြန်သွားကြပြီဟု တစ်ခါပြောဖူးသည်ဟု ဆို၏။ ထိုအခါ အားလုံးတို့က အဘိရာမနှင့် တိရစ္ဆာန်ဆေးကုဆရာဝန်တို့သည် သူတို့ယခင်က သိထား၊ ကြားထား သလို အမှန်တကယ်ပင် အင်္ဂလန်ကို ပြန်သွားနေကြသည်ဟုသာ အား လုံးယုံကြည်သွားကြသည်။

❋ ❋ ❋

မနေ့ညနေက သူ အိမ်မပြန်ဖြစ်ခဲ့ရသည့်အကြောင်းနှင့် ဂြူရီပါလာရွာမှ သူ့ဒွေးကြီးရာမဏာ၏ တိုက်ကြီးအကြောင်းကို ပြောပြနေသော ကျွန်ုပ်အစ်ကို ဆောနက်၏ စကားအဆုံးမှာ ကျွန်ုပ်က သက်ပြင်းတစ်ချက်ကို ရှည်ရှည်လျားလျားချလိုက်ပြီး–

"ဟင်း – မြတ်ချမ်း၊ မင်းနဲ့ဒူးမားလေးတို့ မြင်လိုက်ရတယ်ဆိုတဲ့ ချိုနဲ့မြင်းဆိုတာ တကယ်ကိုးကွ" ဟု ဆို၏။

ဂြူရီပါလာရွာမှာ ဆွေမျိုးနီးစပ်တော်သူတွေရှိနေသော ကျွန်ုပ်အမေ ဆန်ဂီသာကမူ သူ့အမျိုးတွေအတွက် စိုးရိမ်ကြီးသွား၍လားမသိ–

"ဟဲ့ – သားကြီး၊ ဟိုဆရာဝန်တွေ တိုက်ကြီးပေါ်က သေနတ်နဲ့တောင် လှမ်းပစ်တာဆိုတော့ ဘယ်နှယောက်သေသွားတုံးဟဲ့။ တို့အမျိုးတွေများပါ . . . ."

"ဘယ်လူမှ မသေပါဘူး အမာ၊ တိုက်ကြီးထဲကို ပြတင်းပေါက်က မီးတုတ်သွားတက်ပစ်တဲ့ ကာလသားပေါက်လေး တစ်ယောက်တော့ ပေါင်ကိုရှပ်မှန်သွားလို့ ကျေးလက်ဆေးခန်းကို ခေါ်သွားကြတာပဲ ရှိပါတယ်"

သူ့သားကြီးဆောနက် ပြောပြနေသည်ကို တစ်ချိန်လုံး ငြိမ်နားထောင်နေသော ကျွန်ုပ်အဖေ ဆာတီးယားကတော့ ဘာတွေ တွေးမိသွားသည်မသိ–

"မကြံကောင်းမစည်ရာ၊ တော်တော် အဆန်းတတ်တဲ့ အကောင်တွေ။ ကြာများကြာနေခဲ့ရင် လူနဲ့တိရစ္ဆာန်ကိုတောင် သားဖောက်ဖို့လုပ်ကြဦးမလား မသိဘူး။ ဒီလိုအဆန်းတတ်တဲ့ ကောင်တွေ အကုန်သေကုန်တာပဲ ကောင်းပါတယ်"

ဟု နောက်ဆုံး မှတ်ချက်ချလိုက်လေသည်။

ဖိုးကျော့

❋